# ပိုးကျော်ရှု

ဗျိုင်းမည်

၄၁)



ပထမအကြိမ်

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ

အုပ်ရေ ၅၀၀

တန်ဖိုး ၃၅-ကျပ်

အဖုံးရိုက်

ဦးကျော်မိုးစိန် (မြဲ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးထွန်းရှိန် (မင်းလွင်) (မြဲ-၀၁၂၈၅) ပန်းစုံမြိုင်စာသဘင်
၈၄၃၊ အောင်သစ္စာ ၃-လမ်း၊
၄-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးပါကြီး (မြဲ-၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

# မိုးကျော်သူ

---

ဗျိုင်းမည်း

( ဒုတိယပိုင်း )

## နှလုံးသားမှ အပုန်းတရား

ဧည့်ခန်းတွင် အခေါင်းစင် ပြင်ထားသည်။

အခေါင်းစင်ရှေ့ဝယ် ဝန်းအိုးများချထားပြီး ဖယောင်းတိုင်များ ထွန်းညှိထားလေသည်။

လုထင်းက အခေါင်းစင်ရှေ့ဝယ် ဒူးထောက်ထိုင်နေ၏။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ တွေတွေကြီး စီးကျနေ၏။

သူ၏မိခင်သည်လည်းကောင်း၊ ဦးလေးသည်လည်းကောင်း၊ ညီအစ်ကိုများသည်လည်းကောင်း သူ့အား ခွဲခွာသွားကြပြီဖြစ်၏။

ပျော်ရွှင် သိုက်မြိုက်လှသော မိသားစု အတွင်းဝယ် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှမ်းရှမ်းအပေါ် တွယ်တာခဲ့သည့် မေတ္တာစိတ်သည် အမုန်းတရားအဖြစ် ကူးပြောင်းသွားပြီ ဖြစ်သည်။

မုန်းတီးစိတ်၏ အခြေခံကား ရက်စက်ကြမ်းကြုတ်သည့် စိတ်များ ဖြစ်ပေါ်လာ၏။

ထို့မှတဖန်....

လူဆိုး လူကြမ်းအသွင်သို့ ကူးပြောင်းစပြုနေပြီ ဖြစ်လေသည်။

လုထင်းက....

'မေမေ၊ ရန်သူတွေကို တိုက်ခိုက်ချေမှုန်းပစ်မယ်လို့ ကတိပေးပါတယ် မေမေ'

ဟု တတွတ်တွတ် ရေရွတ်နေ၏။

ထိုစဉ်....

ပေါ့ပါးဖျတ်လတ်သော ခြေသံများ ထွက်ပေါ်လာလေသည်။

လုထင်း လှည့်မကြည့်ပါချေ။

ခြေသံမှာ တဖြည်းဖြည်း နီးကပ်လာပြီး သူ့အနီးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူမှာ ရှောင်စု ဖြစ်လေသည်။



ရှောင်စုက....

'သခင်လေး....ကျွန်တော်တို့ ဒီကထွက်သွားသင့်ပြီ ထင်ပါတယ်'

ဟု ပြောလာသည်။

လုထင်း ခေါင်းမော့ကြည့်လိုက်သည်။

ပြီးလျှင်....

ခေါင်းယမ်းပြကာ....

'ငါ့အမေကို ကောင်းကောင်းမွန်မွန် မသင်္ဂြိုဟ်ရသေးဘဲ ငါမသွားနိုင်ဘူး'

'သခင်လေး....တော်ကြာ ရန်သူတွေရောက်လာရင်....'

'ရန်သူရောက်လာရင်ကော ငါကြောက်ရမှာလား'

ရှောင်စု သက်ပြင်းချကာ....

'သခင်လေး....အခုတလော အရှေ့ပိုင်းကလူတွေ ဒီဘက်ကူးလာပြီး တိုက်ခိုက်နေကြပါတယ်၊ ကျွန်တော်တို့ဘက်ခြမ်းက လူတွေ အတော်ကြီး အထိနာနေကြတယ်၊ တစ်ချို့ သေကုန်ပြီး တစ်ချို့ ထွက်ပြေးကုန်ကြပြီ၊ သခင်မကြီးရဲ့ မိတ်ဆွေ အတော်များများလဲ သေဆုံးကုန်ကြပါပြီ'

'အဲဒါ ဘာဖြစ်သလဲ'

'တော်ကြာ ဒီကိုရောက်လာရင် သခင်လေးအတွက် စိုးရိမ်ရတာမို့ ကျွန်တော် သတိပေးတာပါ'

လုထင်း ပြုံးလိုက်သည်။

'မင်းကြောက်ရင်ထွက်သွား၊ ငါတော့ မသွားနိုင်ဘူး'

ရှောင်စု စိတ်ပျက်သွားဟန်ဖြင့်....

'ကျွန်တော်ကြောက်လို့ ပြောနေတာမဟုတ်ပါဘူး၊ သခင်လေး တစ်ခုခုဖြစ်သွားရင် သခင်မကြီးနဲ့ သခင်လေးရဲ့ အစ်ကိုတွေအတွက် ရန်သူကို ရင်ဆိုင်နိုင်တော့မှာ မဟုတ်လို့ သတိပေးနေတာပါ'

'မင်း....'

လုထင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ရှောင်စုက....

'သခင်မကြီး အတွက် ကျွန်တော် တာဝန်ယူပါတယ်၊ သခင်လေး သွားပါတော့လို့ ကျွန်တော် တောင်းပန်ပါရစေ ခင်ဗျာ'

'ငါသွားရမယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ သခင်လေး သွားသင့်ပါပြီ'

ထိုစဉ်....

'ဝမ်းလျန် ဘယ်မှာလဲဟေ့'

အပြင်ဘက်မှ ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

* * *



ရှောင်စု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ခါးမှဓားကို ဆွဲထုတ်ကာ ချက်ချင်း ပြေးထွက်သွားလေသည်။

'ရှောင်စု နေဦး၊ ငါလဲလိုက်မယ်'

လုထင်းက အော်ပြောရင်း နောက်မှ ပြေးလိုက်သွားလေသည်။

အပြင်ဘက် ရောက်ရှိသွားလျှင် လူသုံးယောက် ရောက်ရှိနေသည်ကို တွေ့မြင်ရလေသည်။

နှစ်ယောက်မှာ လုထင်းကဲ့သို့ လူငယ်ကလေးများ ဖြစ်ကြ၏။

တစ်ယောက်ကား အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုက အော်ပြောလိုက်ခြင်း ဖြစ်သည်။

ရှောင်စုက အပြင်ဘက်ရောက်သည်နှင့်....

'ဘယ်သူတွေလဲ၊ ဒီမှာလာပြီး အော်ဟစ်နေတာပဲ'

ဟု ပြောလိုက်သည်။

ထိုအခါ အဘိုးအိုက....

'ငါပြောတာက....ဘယ်မှာလဲ ဝမ်းလျန်'

ဟု ခပ်ထန်ထန် ပြန်ပြောလေသည်။

ထိုအဘိုးအိုအား သေသေချာချာတွေ့သွားလျှင် ရှောင်စု၏ မျက်နှာ ပြုံးရွှင်သွားသည်။

'လက်စသပ်တော့ ဆရာကြီးဖန်ရွှေကိုး၊ ကျွန်တော်မသိလို့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာ'

ဆရာကြီးဖန်းရွှေဆိုသည့် အသံကြားလျှင် လုထင်းမှာ မျက်မှောင်ကုတ်သွား၏။

သေသေချာချာကြည့်လိုက်မှ တွေ့ဖူးမြင်ဖူးကြောင်း အမှတ်ရလာ၏။

ဆရာကြီးဖန်းရွှေသည် သူ၏မိခင်နှင့် မိတ်ဆွေများ ဖြစ်ကြသည်။

ဤနေရာသို့ မကြာခဏ ဝင်ထွက်သွားလာခဲ့ဖူးသူဖြစ်၏။

တစ်ကြိမ်က သူ၏မိခင်နှင့် စကားများခဲ့ကြပြီး နောက်ပိုင်း အရောက်အပေါက် နည်းသွားသူ ဖြစ်ကြောင်းလည်း သတိရလာ၏။

လုထင်း အကဲခတ်ကြည့်နေစဉ် ဖန်းရွှေ၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်းရွှေက မကျေမနပ်ဖြင့်....

'ဝမ်းလျှန်ဘယ်မှာလဲ၊ သူလုပ်တာနဲ့ ကျုပ်တို့ အေးအေးဆေးဆေး မနေရတော့ဘူး၊ သိုင်းလောကသားတွေ ဒီဘက်ကို လှိမ့်ဝင်လာကြတယ်၊ ကျုပ်တို့ ခွေးပြေးဝက်ပြေး ပြေးနေရတာ ဝမ်းလျှန်မှာ တာဝန်ရှိတယ်'

ဟု ပြောလေသည်။

လုထင်း ဒေါသ ထောင်းခနဲ ထွက်သွား၏။

ဤမှာဘက်၌ နေထိုင်သူများသည် ဒုစရိုက်သားကောင်များ ဖြစ်ကြကြောင်း သူနားလည်ထားပြီး ဖြစ်သည်။



ဒုစရိုက်ပြုလုပ်သူတိုင်းမှာ တစ်နေ့ ဘေးဒဏ်ခတ်ခြင်း ကြုံရမည် မဟုတ်လား။

ကိုယ့်အပြစ် ကိုယ်မသိဘဲ မိခင်ဖြစ်သူအပေါ် ပုံချနေသည်ကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်ပါချေ။

လုထင်း အောင်ပြောရန် ဟန်ပြင်လိုက်စဉ် ရှောင်စု၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်စုက....

'ဆရာကြီးဖန်းရှေ့ မှားနေပါပြီ၊ ဒီကိစ္စ သခင်မကြီးနဲ့ဘာမှ မဆိုင်ပါဘူး၊ သခင်မကြီးကို မတရားစွပ်စွဲတာတော့ မကောင်းပါဘူးဗျာ'

'ဘာက....'

'ဆရာကြီး ဖန်းရှေ့.... အေးအေး ဆေးဆေး ပြန်သွားရင် ကောင်းပါလိမ့်မယ်'

'ဟား....ဟား....ဟား....ဟား'

ဖန်းရှေ့ သဘောကျစွာ ရယ်မောလိုက်လေသည်။

အတန်ကြာ ရယ်မောပြီးမှ....

'ငါပြန်သွားရမယ်ဟုတ်လား၊ ဝမ်းလျှန်က စဖြစ်တဲ့ကိစ္စကွ၊ ဒီကိစ္စကို ငါကျေနပ်အောင် ဖြေရှင်းနိုင်ရင်ဖြေရှင်း ဒါမှမဟုတ်ရင်တော့ ငါ့အဆိုးမဆိုနဲ့'

'သခင်မကြီးမရှိတော့ပါဘူး ခင်ဗျာ'

'ဘာကွ....'

'သခင်မကြီး ရန်သူ့လက်ချက်နဲ့ ကွယ်လွန်သွားပါပြီ'

ဖန်းရွှေ မျက်လုံး ပြူးသွားလေသည်။

ရှောင်စုနှင့် လုထင်းကို မျက်လုံး ဝေ့ကြည့်လိုက်သည်။ ရှောင်စု၏စကားကို ယုံကြည်ပုံမရချေ။

• • •

လုထင်းကို လှမ်းပြောလိုက်သည်။

'မင်းက လုထင်းမဟုတ်လား၊ သူပြောတာ အမှန်ပဲလား'

လုထင်း ခေါင်းညိတ်လိုက်သည်။

'အမှန်ပါတဲ့ ခင်ဗျာ'

'မင်းအမေ သေသွားပြီ ဟုတ်လား'

'ဟုတ်ပါတယ်'



'ဘယ်သူ့လက်ချက်လဲ'

'မေတ္တာခြံဝင်းကလူတွေ လက်ချက်ပါ'

ဖန်းရွှေ မျက်မှောင်ကုပ်သွားပြီး....

'မေတ္တာခြံဝင်း ဟုတ်လား၊ ငါလွဲ တစ်ခါမှ မကြားဖူးပါလား'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

• • •

ဖန်းရွှေက....

'မင်းအမေအလောင်းကို ငါမမြင်ရဘဲ မယုံနိုင်ဘူးကွ'

လုထင်း သက်ပြင်းချလိုက်သည်။

'ဦးကြည့်ချင်တယ်ဆိုရင် အိမ်ထဲကို ကြွပါခင်ဗျာ'

ဖိတ်ခေါ်ကာ လမ်းဖွင့်ပေးလိုက်လေသည်။

ဖန်းရွှေက ခပ်တည်တည် လှမ်းတက်လာသည်။

ဧည့်ခန်းအတွင်းဘက်သို့ရောက်လျှင် အခေါင်းစင်ပြင်ထားသည်ကို တွေ့လျှင်၊ မျက်မှောင်ကုတ်သွားသည်။

အလောင်းစင်အနီးသို့လျှောက်သွားပြီး အကဲခတ်ကြည့်လိုက်သည်။

အခေါင်းအတွင်းမှ ဝမ်းလျှန်၏အလောင်းကို မြင်လျှင်၊ သက်ပြင်းဟူးခနဲချကာ....

'သူသေသွားပြီကိုး၊ မယုံနိုင်စရာပဲ'

ဟု ညည်းညူလိုက်လေသည်။

• • •

လုထင်းက....

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လဲ မယုံနိုင်အောင် ဖြစ်နေပါတယ်'

'ဝမ်းတုကော....'

'သူလဲ သေသွားပါပြီ'

'ဘာကွ'

'ဦးလေးဝမ်းတုသာမကပါဘူး၊ ကျွန်တော့်အစ်ကို လေးယောက်လဲ သေသွားကြပါပြီ'

'ဟေ....ဘယ်လို ဖြစ်ကြတာလဲ'

နန်းရွှေမျက်နှာပျက်သွားလေသည်။

လုထင်းက ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ဖန်းရွှေ ခေါင်းယမ်းလိုက်သည်။



'ဝမ်းလျှန်လိုလူမျိုး အခုလိုအဖြစ်နဲ့ ကြုံရမယ်လို့ ကျုပ်ဘယ်တုန်းကမှ မတွေးခဲ့မိဘူး၊ အင်း....ကျုပ်တို့ ဒီအရပ်ဒေသကို စွန့်လွှတ်သွားဖို့ အချိန်တန်ပြီထင်ပါရဲ့'

ညည်းညူပြောဆိုလေသည်။

• • •

လုထင်းက....

'ကျွန်တော်တို့လဲ မကြာခင် ထွက်သွားတော့မယ်လို့ ဆုံးဖြတ်ထားကြပါတယ် ခင်ဗျာ'

'အေး....ဒီမှာနေဖို့ မကောင်းတော့ဘူးကွ၊ ကဲ...ငါတို့လဲ သွားလိုက်ဦးမယ်'

စကားဆုံးလျှင် ဖန်းရွှေက ချာခနဲ လှည့်ထွက်သွား၏။

သူ၏တပည့်နှစ်ယောက်လည်း နောက်မှလိုက်သွားသည်။

သူတို့အား လုထင်းနှင့် ရှောင်စုတို့က ဟန့်တားခြင်း မပြုကြပါချေ။

ဖန်းရွှေသည်သည် အိမ်တံခါးပေါက်ဝသို့ရောက်မှ ခြေလှမ်းတုံ့ခနဲရပ်ကာ ပြန်လှည့်ကြည့်လာ၏။

ရှောင်စုက....

'ဆရာကြီး ဖန်းရွှေ ဘာများကျန်သေးလို့လဲ ခင်ဗျာ'
ဟု မေးလိုက်၏။

ဖန်းရွှေ ပြုံးလိုက်သည်။

'ဒီမှာ မင်းတို့နှစ်ယောက်တည်းရှိတော့တယ်ပေါ့၊ဟုတ်လား'
ရှောင်စု ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'အင်း....ဝမ်းလျှန်နဲ့ ဝမ်းတုက အလုပ်ကြီး တစ်ခု လုပ်လို့ အောင်မြင်ခဲ့တယ်လို့ ငါသတင်းကြားတယ်၊ အဲဒါ ဟုတ်ရဲ့လားကွ'

'ဗျာ'

ရှောင်စုက လုထင်းဘက် လှည့်ကြည့်လိုက်သည်။

လုထင်း မျက်မှောင်ကုတ်ကာ....

'ဦး ဘာကိုဆိုလိုတာလဲခင်ဗျာ'

ဖန်းရွှေက....

'ဒြော်....သူတို့ဟာ ရွှေစင်ပိသာ နှစ်ရာလောက် တန်ဖိုးရှိတဲ့ ပစ္စည်း ရခဲ့ကြတယ်လို့ သတင်းကြားတယ်၊ အဲဒီပစ္စည်းတွေ ကျန်ရစ်ခဲ့တယ် မဟုတ်လား'

ထိုစကားကြားလျှင် သူ ဘာကိုဆိုလိုကြောင်း လုထင်း ရိပ်မိလိုက်သည်။

ဖန်းရွှေသည် သူတို့ထံ၌ အဖိုးတန် ရွှေငွေရတနာများ ရှိနေသည်ဟု ထင်မှတ်ကာ လုယူရန် စိတ်ကူးနေပြီ မဟုတ်ပါလား။

လူဆိုးဓားပြများကား သစ္စာမရှိကြပါတကား....။



လုံထင်း ဒေါပွသွားသည်။

'ဦး အထင်မှားနေပါပြီ၊ ဘာပစ္စည်းမှ မကျန်ခဲ့ပါဘူး၊ အေးအေးဆေးဆေး ထွက်သွားရင် ကောင်းပါလိမ့်မယ်'

'ဘာကွ'

ဖန်းရွှေ၏ စကားသံ ဟိန်းထွက်လာသည်။

* * *

အပြင်ထွက်မည့်အစား အတွင်းဘက် ပြန်လှည့်ဝင်လာလေသည်။

လုထင်း အံတင်းတင်းကြိတ်ထားလိုက်သည်။

ရှောင်စုက လုထင်းရှေ့၌ ဝင်ရပ်လိုက်၏။

ဖန်းရွှေက....

'အခုမှတော့ မတူးတော့ပါဘူး၊ မင်းတို့အတွက် ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေ အေးအေးဆေးဆေး ထုတ်ပေးရင် ကောင်းမယ်'

လုထင်း အံကြိတ်ရင်း....

'ခင်ဗျား ရှိုင်းစိုင်းလှချည်လားဗျ'

'ဟား....ဟား....ဟား'

ဖန်းရွှေက အားပါးတရ ရယ်မောလိုက်ပြီး....
'မင်းအမေရှိရင် ဒီစကားမျိုး ပြောမှာမဟုတ်ပါဘူးကွာ'
'ဘာဗျ'
'သူများဆီက ပစ္စည်းလုယူတာဟာ တရားတယ်လို့ မင်းအမေက ခံယူထားတာပဲ၊ မင်းမသိဘူးလား'
'ထွိ'
လုထင်းက တံတွေးတစ်ချက် ထွေးလိုက်သည်။
ဖန်းရွှေမျက်နှာ တည်သွားသည်။
လုထင်းကိုကြည့်ရင်း....
'မင်း အေးအေးဆေးဆေးပေးရင် ကောင်းမယ်'
'ခင်ဗျားသဲ အေးအေးဆေးဆေး ထွက်သွားပါဗျာ'
'ဟား....ဟား....ဟား'
ဖန်ရွှေ အားဘောကျစွာ ရယ်မောလိုက်သည်။
လက်နှစ်ဘက်လည်း ဝှေ့ယမ်းပြလိုက်သည်။
ထိုအခါ....
သူ၏ ဘေးတစ်ဘက်တစ်ချက်၌ ခြံရံလျက် လိုက်ပါလာသည့် လူငယ်နှစ်ယောက်က ရှေ့သို့ ခုန်ထွက်လာကြ၏။
ရှောင်စုက....
'သခင်လေး နောက်ဆုတ်လိုက်ပါ'
ပြောရင်း ဓားဆွဲထုတ်ကာ ရင်ဆိုင်လိုက်သည်။
လူငယ်နှစ်ယောက် ဆူးချွန်များ အပြည့်ပါသည့် လက်နက်ကိုယ်စီ ကိုင်ကာ မြေးဝင်လာကြသည်။
'ယား....'



'ဟိတ်....'
'ချွမ်'
ရှောင်စုက ဆီးကြိုတိုက်ခိုက်လိုက်သည်။
လုထင်း မနေနိုင်ပါချေ။
'ရှောင်စု သတိထား'
အော်ပြောရင်း ပြေးဝင်သွား၏။

* * *

ရှောင်စု၏ ဓားရေး မခေပါချေ။
လူငယ်နှစ်ယောက်အား ကောင်းစွာရင်ဆိုင်နိုင်ခဲ့သည်။
လုထင်း ကူညီလာသည့်အခါ သူတို့နှစ်ယောက် အသာစီးယူကာ တိုက်ခိုက်နိုင်ခဲ့ကြသည်။
သူတို့နှစ်ယောက် တစ်ညီလက်ညီ တိုက်ခိုက်လိုက်ကြသည်နှင့်....
'အား'
'အမလေး'
ဆူးရှသော အော်ဟစ်သံများနှင့်အတူ လူငယ်နှစ်ယောက် နောက်ဆုတ်သွားကြသည်။

ဖန်းရွှေ ပြုံးလိုက်သည်။

'မင်းတို့ ဘယ်ဆိုးလို့တုန်း'

ပြောရင်း ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာ၏။

'နောက်ဆုတ်လိုက်စမ်း'

သူ၏စကားကြားလျှင် လူငယ်နှစ်ယောက်လည်း နောက်ဆုတ်လိုက်ကြသည်။

ဖန်းရွှေ လှမ်းလာသည်ကိုမြင်လျှင် ရှောင်စု ထိတ်လန့်သွားပြီး....

'သခင်လေး နောက်ဆုတ်လိုက်ပါ'

ဟု သတိပေးလိုက်သည်။

လုထင်းက....

'မင်းနောက်ဆုတ်လိုက်စမ်း'

'သခင်လေး ဆုတ်ပါ'

'မင်းမရှည်နဲ့'

'ဟား....ဟား....ဟား'

သူတို့နှစ်ယောက် တစ်ယောက် တစ်ခွန်း ပြောနေစဉ် ဖန်းရွှေ၏ ရယ်မောသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်းရွှေက ခေါင်းမော့ရယ်လိုက်ပြီး....

'မင်းတို့နှစ်ယောက် ဘယ်သူကပဲ နောက်ဆုတ်သွားသွား မထူးပါဘူးကွာ၊ နှစ်ယောက်စလုံး တပြိုင်တည်း ဝင်လာရင် ကောင်းမယ်၊ ဒါမှ ငါလဲ အချိန်ကုန်သက်သာမယ်'



စကားဆုံးလျှင် လက်နှစ်ဘက်ဝှေ့ယမ်းကာ စတင်တိုက်ခိုက်သည်။

'ဝုစ်....ဝုစ်'

'ချွမ်....ချွင်....'

လုထင်းနှင့် ရှောင်စုတို့လည်း ပြန်လည်တိုက်ခိုက်ကြ၏။

သူတို့ ရင်ဆိုင်မိသည်နှင့်....

'ဝုန်း....'

'အား'

စူးရှသော အော်ဟစ်သံများ နှင့်အတူ နှစ်ယောက်စလုံး အနောက်ဘက်သို့ လွင့်စဉ်သွားကြသည်။

'ဟား....ဟား....ဟား'

ဖန်းရွှေ သဘောကျစွာ ရယ်မောလိုက်၏။

ပြီးလျှင်....

ရှေ့သို့ခုန်တိုးကာ တိုက်ခိုက်လိုက်ပြန်သည်။

'ဝုစ်'

'ဝုစ်'

ရှောင်စုက ဓားဝှေ့ယမ်းရင်း....

'လူယုတ်မာကြီး'

အော်ငေါက်ကာ တိုက်ခိုက်လိုက်သည်။

• •

လုထင်းကား ကြမ်းပြင်ပေါ် လဲကျသွားပြီး လှုးလိမ့်ထနေဆဲ ဖြစ်၏။

ဖန်းရွှေက ရှောင်စု၏ တိုက်ခိုက်မှုကို ရှောင်တိမ်းကာ ရှောင်စု၏ လက်ထဲမှ ဓားကို လုယူလိုက်၏။

တစ်ဖန်....

ရှောင်စု၏ရင်ဝသို့ ပြန်လည်စိုက်သွင်းလိုက်သည်။

လုထင်း ရင်ထိတ်သွားသည်။

'ရှောင်စု သတိထား'

လှတ်ခနဲ အော်ပြောလိုက်၏။

ရှောင်စုလည်း ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သို့သော်....

လွတ်အောင် မရှောင်နိုင်ပါတော့ချေ။

ဓားဦးမှာ သူ၏ရင်ဝကို ဖောက်ထွင်း ဝင်ရောက်သွားလေသည်။

'အား....'

ရှောင်စု စူးရှစွာ အော်ဟစ်လိုက်၏။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး ကြမ်းပြင်ပေါ် ဘိုင်းခနဲလဲကျသွားသည်။

'ရှောင်စု'

လုထင်း လှတ်ခနဲအော်လိုက်သည်။

သို့သော်....

ရှောင်စုကား သူ၏စကားကို ကြားနိုင်တော့မည် မဟုတ်ပါချေ။



လုထင်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

'ခင်....ခင်ဗျား လူယုတ်မာ'

အော်ပြောရင်း တိုက်ခိုက်လိုက်သည်။

ဖန်းရွှေက ခြေထောက်တစ်ဘက် ဆန့်ထုတ်လိုက်လျှင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး အနောက်ဘက်သို့ လွင့်စဉ်သွား၏။

သို့သော်....

လုထင်းက အံကြိတ်ကာ လူးလိမ့်ထလာ၏။

ဖန်းရွှေထံ ပြေးဝင်သွားပြန်သည်။

ဖန်းရွှေက တဟားဟားရယ်မောကာ....

'မင်းအမေက အဆိပ်အကျော်အမော်ပဲ။ မင်းကဘာကြောင့် အဆိပ်မသုံးတာလဲ၊ မင်းတို့အဆိပ်ပညာ ငါကြည့်ချင်သေးတယ်'

ပြောပြီး ခြေထောက်တစ်ဘက် ဆန့်ထုတ်လိုက်သည်။

'ဝုန်း'

လုထင်း အနောက်ဘက်သို့ လွင့်စဉ်သွားပြန်သည်။

ယခုတစ်ကြိမ် အတန်ကြာမှ ထလာနိုင်တော့၏။

ဖန်းရွှေက....

'ဘယ်လိုလဲ၊ မင်းက အဆိပ်ပညာ ထုတ်မသုံးသေးဘူးလား'

ရယ်မောရင်း ပြောလေသည်။

လုထင်း အံကြိတ်လိုက်သည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် ဖန်းရွှေထံ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံနှင့်အတူ ဖန်းရွှေနှင့်အတူ လိုက်ပါလာသည့် လူငယ်နှစ်ယောက်ရှေ့သို့ ခုန်ဝင်လာပြီး တိုက်ခိုက်လိုက်ကြလေသည်။

လုထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သို့သော် ဖန်းရွှေ၏ လက်ချက်ကြောင့် ဒဏ်ရာရထားပြီဖြစ်ရာ ကောင်းစွာ ခုခံတိုက်ခိုက်ခြင်း မပြုနိုင်ပါတော့ချေ။

'အား....'

လုထင်း စူးရှစွာ အော်ဟစ်လိုက်၏။

ဖန်းရွှေ၏ တပည့်တစ်ယောက်က ဓားဖြင့်ခုတ်ချလိုက်ရာ ရှောင်တိမ်းလိုက်ပါသော်လည်း၊ မလွတ်နိုင်ဘဲ ကျောပြင်တွင် ဒဏ်ရာရရှိသွား၏။

လုထင်း၏ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွား၏။

ဖန်းရွှေက....

'ဟေ့....သူ့ကို ရှင်းပစ်လိုက်ကြစမ်း၊ အချိန်မရှိဘူး၊ ပစ္စည်းတွေရှာရဦးမယ်ကွ'

ဟု အော်ပြောလိုက်လေသည်။

* * *



ထိုအခါ လူငယ်နှစ်ယောက်က ဓားကိုယ်စီဖြင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြပြန်လေသည်။

လုထင်းမှာ ကြမ်းပြင်ပေါ်၌ပင် လူးလိမ့်ကာ ရှောင်တိမ်းလိုက်ရ၏။

သို့တိုင် နောက်ထပ် ဓားဒဏ်ရာသုံးလေးချက် ရရှိသွားပြန်တော့၏။

လုထင်း အကြီးအကျယ် ဒေါသထွက်နေ၏။

မည်သို့ဆိုစေ ဒဏ်ရာများ ရရှိထားပြီး ပြန်လည် တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါချေ။

* * *

ဖန်းရွှေက သူတို့အား တစ်ချက်ကြည့်လိုက်ပြီး အတွင်းဘက်လှမ်းဝင်သွားရန် ခြေလှမ်းပြင်လိုက်သည်။

လုထင်းက ခုန်ထလိုက်၏။

ထိုအခါ လူငယ်နှစ်ယောက်၏ ဓားချက်က သူ၏ခန္ဓာကိုယ်ပေါ်သို့ တန်းတန်းမတ်မတ် ကျရောက်လာလေသည်။

လုထင်းကား အန္တရာယ်ကို အရေးမစိုက် ပါတော့ချေ။ မိခင်၏ အလောင်းမြေမကျမီ လာရောက် နှောင့်ယှက်သည့် ဖန်းရွှေကို သုတ်သင်ပစ်ရန်သာ စိတ်စောနေ၏။

ဤအတိုင်းဆိုလျှင်၊ ဖန်းရွှေအား တိုက်ခိုက်ခြင်း မပြုနိုင်မီ ဖန်းရွှေ၏ တပည့်နှစ်ယောက်လက်ချက်ဖြင့် သေဆုံးသွားရမည် ဖြစ်လေသည်။

ထိုစဉ်မှာပင် ဝင်းလက်တောက်ပသော အလင်းတန်းများ ထွက်ပေါ်လာ၏။

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ပေါ်လာသည်။

ဖန်းရွှေ၏ တပည့်နှစ်ယောက်မှာ လုထင်းအား ဓားဖြင့် ခုတ်ရန် လက်မြှောက်ထားသည့် အနေအထားဖြင့်ပင် ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားကြလေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ၏အသက်ကို မည်သူက ကယ်ဆယ်လိုက်ပါသနည်း။

ဖန်းရွှေလည်း အံ့သြသွားသည်။

ချက်ချင်းပင် နောက်လှည့်လိုက်လေသည်။

ထိုစဉ်....

'လုထင်း ခင်ဗျား ဘာဖြစ်သွားသေးသလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း အံ့ဩသွား၏။ စကားသံ ထွက်ပေါ်လာရာဆီသို့ ချက်ချင်း လှည့်ကြည့်လိုက်လေသည်။



ထိုအခါ အိမ်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူကိုမြင်လျှင်၊ လုထင်း မျက်လုံးပြူးသွားပြီး....

'ဟင်.... စုအိမ်း'

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

## ရှင်းမရတဲ့ အရှုပ်

စုအိမ်းက တစ်လှမ်းချင်းလှမ်း ဝင်လာလေသည်။
လုထင်း ငေးကြည့်နေမိ၏။
ဖန်းရွှေ မျက်မှောင်ကုတ်သွားသည်။
စုအိမ်းကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။
သူ၏တပည့်နှစ်ယောက်အား ကြမ်းပြင်ပေါ် လဲကျသွားစေသူမှာ လူငယ်လေးတစ်ယောက် ဖြစ်နေခြင်းကြောင့် အံ့အားသင့်နေပုံရသည်။
စုအိမ်းမှာ ခေသူမဟုတ်ကြောင်းလည်း တွက်ဆမိသွား၏။
စုအိမ်းက သူ့အား လုံးဝအရေးမစိုက်ပါချေ။ လုထင်းထံသို့ ခပ်သွက်သွက်လှမ်းသွားပြီး

'ခင်ဗျား ဘယ်လိုနေသလဲ'

ဟု မေးလိုက်လေသည်။

လုထင်း အံကြိတ်လိုက်သည်။

'မင်း....မင်းက ငါ့ဦးလေးကို သတ်ပစ်လိုက်တယ်မဟုတ်လား'

ဒေါသတကြီး အော်ငေါက်ရင်း ပြေးဝင်တိုက်ခိုက်လေ၏။ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဖန်းရွှေပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လုထင်းမှာ သူ့အား ကူညီလာသူကိုပင် ပြန်လည်တိုက်ခိုက်နေသည် မဟုတ်ပါလား။ စုအိမ်းက အသာအယာ ရှောင်တိမ်းပေးလိုက်လေသည်။

'လုထင်း....ခင်ဗျား ဘယ်လိုဖြစ်တာလဲဗျ'

'စကားမရှည်နဲ့....ငါ့ဦးလေးသေတာ မင်းလက်ချက်ပဲ'

လုထင်းကား ဒဏ်ရာဗရပွ ရရှိထားသော်လည်း၊ အမှုမထားဘဲ တရကြမ်း တိုက်ခိုက်နေပါသည်။

သို့သော် သူ၏တိုက်ကွက်များ ဖရိုဖရဲဖြစ်နေပါသည်။ စုအိမ်း၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်ခြင်း မပြုနိုင်ပါချေ။

စုအိမ်းက ရှောင်တိမ်းရင်း....

'ခင်ဗျားကျုပ်ကို တိုက်ခိုက်ချင်တယ်ဆိုရင် ခဏနေပါဦးဗျာ....ခင်ဗျား ရန်သူကို ကျုပ်အရင် ဆုံးမပါရစေဦး'

စကားဆုံးလျှင် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ဖန်းရွှေထံ ခုန်ဝင်သွားလေသည်။

ဖန်းရွှေ ရပ်ထိတ်သွားသည်။



စုအိမ်း၏ ပေါ့ပါးသောကိုယ်ဖော့ပညာကို တွေ့မြင်ရလျှင် မပေါ့သင့်ဘဲ လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းကာ ဆီးကြို တိုက်ခိုက်လေသည်။

စုအိမ်းကား ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုပါချေ။

ရုတ်တရက် အပေါ်သို့ခုန်တက်ကာ ဖန်းရွှေ၏ဦးခေါင်းပေါ်မှ ကျော်လွှားသွားပြီး လက်တစ်ဘက်ဖြင့် ဖန်းရွှေ၏ပခုံးကို ဖိချလိုက်လေသည်။

ဖန်းရွှေ ထိတ်လန့်သွားသည်။

ပခုံးပေါ်သို့ ပိသာချိန် ထောင်ပေါင်းများစွာ လေးလသော အလေးအပင်ကြီးတစ်ခု ပိကျလာသည်ဟု ခံစားလိုက်ရခြင်းကြောင့် ကပျာကယာထိုင်ချကာ ကြမ်းပြင်ပေါ်လှိမ့်ပြီး ရှောင်တိမ်း ပေးလိုက်ရလေသည်။

စုအိမ်းက တစ်ဘက်သို့ရောက်သွားသည်နှင့် ခြေထောက်ဖြင့် နောက်ပြန် ကန်ကျောက်လိုက်လေသည်။

ထိုအချိန်တွင် ဖန်းရွှေက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထချိန်ဖြစ်၏။

ထိုအခါ စုအိမ်း လျှပ်တပြက်ကန်ကျောက်လိုက်သော ခြေထောက်ကန်ချက်ကို မရှောင်နိုင်ပါတော့ချေ။

'ဟွန်း'

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာပြီး ဖန်းရွှေမှာ ကြမ်းပြင်ပေါ် လိမ့်သွားလေတော့သည်။

လုတင်းဝိုင်သွား၏။ စုအိမ်းကိုတစ်လှည့် ဖန်းရွှေတစ်လှည့် ငေးကြည့်နေမိသည်။

စုအိမ်းက သူ့အားပြုံးပြလိုက်ပြီး....

'ခင်ဗျားဒေါသတွေကို ခဏသိမ်းထားလိုက်ဦး၊ သူကခင်ဗျားအမေကို မရိုမသေလုပ်နေတာ ကျုပ် ဆုံးမလိုက်မယ်ဟုတ်ပြီလား'

ပြောပြီး ဖန်းရွှေနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ဖန်းရွှေမှာ ကြမ်းပြင်ပေါ်မှ ခုန်ထလာပြီ ဖြစ်လေသည်။

စုအိမ်းကို မကျေမနပ်ကြည့်ရင်း...

'မင်း တယ်လဲကြီးကျယ်ပါလား....ကောင်းပြီ၊ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် စုအိမ်းထံ ခုန်ဝင်တိုက်ခိုက်လေသည်။

စုအိမ်းက ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုဘဲ ပုတ်ကာသီကာ ရှောင်တိမ်းလိုက်၏။ ဖန်းရွှေ၏ချိုင်းအောက်မှ တိုးဝင်ကာ တစ်ဘက်သို့ရောက်လျှင် ဖန်းရွှေ၏ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ဖန်းရွှေမှာ ရှေ့သို့ မှောက်လျက်လဲကျသွား၏။ သို့သော် သူကချက်ချင်း ခုန်ထလာပြန်သည်။

စုအိမ်း ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား တော်တော် ခံနိုင်ရည်ရှိတာပဲဗျ'

စကားဆုံးလျှင် ဖန်းရွှေ ကောင်းစွာမရပ်နိုင်မီ ဝါးလုံးထိုး ပြေးဝင်သွားပြီး ဦးခေါင်းဖြင့် ရင်ဝကို ပစ်တိုက်လိုက်၏။

ဖန်းရွှေက လက်ဝါးစောင်းဖြင့် ဆီးကြို ခုတ်ချလိုက်သည်။

စုအိမ်း၏ တိုက်ခိုက်မှုသည်ကား အလွန်အန္တရာယ်များသော လှုပ်ရပ် ဖြစ်ပေသည်။



လုထင်း မျက်လုံးပြူးသွားသည်။

'ဟေ့....ဟေ့....မင်း ဘယ်လိုလုပ်လိုက်တာလဲ'

လွှတ်ခနဲ အော်ပြောမိလိုက်၏။

စုအိမ်းက....

'ကျုပ်အတွက် မပူနဲ့'

စကားဆုံးလျှင် ရုတ်တရက် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်၏။

သူ၏ လက်သီးနှစ်လုံးကလည်း ဖန်းရွှေ၏ ဝမ်းပိုက်ဆီသို့ အတွဲလိုက် ထိုးသွင်းလိုက်သည်။

'အင့်....'

ဖန်းရွှေ မသဲမကွဲညည်းညူကာ ကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွား၏။

ထိုအခါ....

စုအိမ်း၏ လက်ဝါးတစ်ဘက်က သူ၏ပါးပြင်ပေါ် ရောက်ရှိသွားလေသည်။

'ဖြန်း'

ဖန်းရွှေ၏ ဦးခေါင်း လည်ထွက်သွား၏။

သူ၏ပါးပြင် နီရဲသွားပြီး လက်ငါးချောင်းရာ အထင်းသား ပေါ်လွင်လာသည်။

ဖန်းရွှေ အကြီးအကျယ် ဒေါပွသွားသည်။

ခါး၌ပတ်ထားသော ခါးပတ်ကိုဖြုတ်ကာ လျှပ်တပြက် ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

'ဝှီး'

ရှုတ်တရက်မို့ စုအိမ်း ရင်ထိတ်ကာ နောက်ဆုတ်လိုက်ရ၏။

သူ၏အကျႌမှာ ခါးပတ်အဖျားဖြင့်ထိကာ ဗြိခနဲ စုတ်ပြဲသွားလေသည်။

စုအိမ်း မျက်နှာပျက်သွား၏။

'ခင်ဗျား....ခင်ဗျား'

ပြန်လည်တိုက်ခိုက်ရမည့်အစား နောက်ဆုတ်သွားလေသည်။

လုထင်း ငေးကြည့်နေ၏။

တို့ကြောင့်....

အကျႌစုတ်ပြဲသွားသော စုအိမ်း၏ အသားအရေမှာ ဖွေးဥနေသည်ကို တွေ့မြင်သွားလေသည်။

စုအိမ်းက ချက်ချင်း နောက်လှည့်ထားလိုက်၏။

ဖန်းရွှေက....

'သေပေတော့'

အော်ငေါက်ရင်း ခါးပတ်ဖြင့် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

စုအိမ်းက ကျောခိုင်းထားပြီး လှည့်မကြည့်ချေ။

သို့သော်....

လက်တစ်ဘက် နောက်ပြန်ဝှေ့ယမ်းလိုက်သည်။

ရွှေရောင်အလင်းတန်းများ ဝင်းလက်သွား၏။

'ဝုိး'

'ဝုိး'

'အား....'



ဖန်းရွှေ ရူးရူးစွာ အော်ဟစ်လိုက်သည်။

သူ၏ ခန္ဓာကိုယ် ရှေ့သို့ ခုန်ဝင်သွားရာမှ တုံ့ခနဲရပ်သွားပြီး နောက်သို့ ဒယီးဒယိုင်ဖြင့် ပြန်ဆုတ်လာလေသည်။

လုထင်း ကြည့်လိုက်လျှင် ဖန်းရွှေ၏ရင်ဝ၌ ရွှေရောင် ဓားငယ် တစ်လက် စိုက်ဝင်နေသည်ကို တွေ့ရ၏။

ဖန်းရွှေက....

'မင်း....မင်း....'

'ဝုန်း'

စကားဆုံးအောင် မပြောနိုင်ပါချေ။

ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားတော့၏။

အိမ်ထဲဝယ် တိတ်ဆိတ်နေသည်။

သက်ရှိလူသား တစ်ယောက်တစ်လေမျှ မရှိသည့်အလား တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်ပေတော့သည်။

ဖွင့်ထားသော တံခါးပေါက်များမှ လေအေးများ တိုက်ခတ် လာသည်။

အိမ်ထဲဝယ် မလှုပ်မယှက် ကျောက်ရုပ်ပမာ ရပ်နေသည့် လုထင်း ဘာတီဝင်လာသည်။

သူ၏မျက်လုံးများသည် အခန်းထောင့်ဝယ် ပြင်ဆင်ထားသည့် အလောင်းစင်သို့ ရောက်ရှိသွား၏။

သူက အလောင်းစင်အနီးသို့ လျှောက်သွားပြီး ဒူးထောက်ချလိုက်သည်။

ပြီးလျှင် ဝမ်းနည်းကြေကွဲသော လေသံဖြင့်....

'မေမေ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့။ ကျွန်တော့်အသုံးမကျလို့ သည်အိမ်ထဲအထိ စော်ကားမော်ကား လုပ်ချင်တဲ့လူတွေ ဝင်လာနိုင်တာပါ မေ့မေ'

ဟု ပြောလိုက်လေသည်။

ထို့နောက် ခေါင်းငုံ့ထားလိုက်၏။

အတော်လေးကြာလျှင်၊ ထိုင်ရာမှထကာ ကြမ်းပြင်ပေါ် လဲကျနေသည့် ရှောင်စုထံသို့ လှမ်းသွားပြီး ပွေ့ထူလိုက်လေသည်။

ရှောင်စုကား သေဆုံးနေချေပြီ။

လုထင်းက ရှောင်စု၏အလောင်းကို ရင်ခွင်ထဲ အပ်ထားရင်း....

'ရှောင်စု မင်းက ငါ့ရဲ့ အကောင်းဆုံး မိတ်ဆွေပါပဲကွာ'

ဟု ပြောလိုက်လေသည်။

သူ၏စကားကို ရှောင်စု ကြားနိုင်တော့မည် မဟုတ်ပါချေ။

ရှောင်စုသည် သူဒုက္ခရောက်မည်ကို စိုးရိမ်ကာ ရန်သူကို ရင်ဆိုင်ရင်း အသက်စွန့်သွားခဲ့ပြီမဟုတ်လား။

* * *



လုထင်း အံ့ကြိတ်ကာ စုအိမ်းဘက်သို့ လှည့်လိုက်၏။

စုအိမ်းက စကားတစ်လုံးမှမပြောဘဲ သူ့အား ငေးကြည့်နေသည်ကို တွေ့မြင်ရလေသည်။

လုထင်းက....

'မင်း....မင်းက မိန်းကလေးတစ်ယောက် မဟုတ်လား'

ဟု မေးလိုက်သည်။

စုအိမ်း သက်ပြင်းချလိုက်သည်။

* * *

'ဟုတ်ပါတယ်ရှင်....'

'မင်း....မင်းဘာဖြစ်လို့ ယောကျ်ားလေးအဖြစ် ဟန်ဆောင်နေရတာလဲ'

'ယောကျ်ားလေးအဖြစ် ဟန်ဆောင်ထားတာက ဖိုပြီးသွားလာ လုပ်ရှားဖို့ကောင်းတယ်မဟုတ်လား'

'ပြောစမ်းပါဦး၊ မင်းက ငါ့ဦးလေးကို သတ်ပစ်လိုက်တယ် မဟုတ်လား'

စုအိမ်း ခေါင်းယမ်းလိုက်သည်။

'ကျွန်မ သတ်ပစ်လိုက်တာ မဟုတ်ပါဘူးရှင်'

'မင်းလိမ်မပြောနဲ့၊ မင်းတို့လက်ချက်ကြောင့် ငါ့ဦးလေး လဲကျသွားတာ ငါတွေ့တယ်'

'ကျွန်မလက်ချက်ကြောင့် သူဒဏ်ရာရသွားတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူမသေသေးပါဘူး'

'ဘာ....'

'အခု သူ့ကို ဖမ်းချုပ်ထားပါတယ်ရှင်'

'တောက်'

လုထင်း တက်ခေါက်လိုက်လေသည်။

စုအိမ်းက လေသံအေးအေးဖြင့်....

'ရှင့်ဦးလေးကြောင့် ဒုက္ခရောက်ရတဲ့လူတွေ၊ သေဆုံးသွားတဲ့လူတွေ များလှပါပြီရှင်၊ ရှင့်ဦးလေးမရှိရင် ဘေးဒုက္ခရောက်မယ့်အန္တရာယ်က လွတ်ကင်းသွားနိုင်တယ်လို့တောင် ဆိုရဦးမှာပါ'

'ဟွန်း....မင်းတို့အားလုံးက ငါတို့ကို လူဆိုးဓားပြတွေလို့ သတ်မှတ်ထားကြတာပဲ မဟုတ်လား'

'တကယ်လဲ လူဆိုးဓားပြတွေဖြစ်နေလို့ အခုလို သတ်မှတ်ကြတာပေါ့ရှင်'

'မင်း....မင်း'

စုအိမ်း သက်ပြင်းချလိုက်ပြီး....

'ကျွန်မက ရှင့်အတွက် စိုးရိမ်လို့ လိုက်လာတာရှင့်'

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်အတွက် ဘာမှ စိုးရိမ်စရာမလိုဘူး'



'မဟုတ်သေးဘူး၊ ရှင်ဟာ ဘာမှအပြစ်မရှိသေးဘူးဆိုတာ ကျွန်မသိတယ်။ ဒါပေမယ့် တခြားလူတွေက ကျွန်မလက်ခံသလို လက်ခံကြမှာမဟုတ်ဘူး၊ ဒါကြောင့် ရှင့်ကိုလာပြီး သတိပေးတာ'

'သူတို့ လက်မခံတော့ကော ကျုပ်က ဂမ္ဘစိုက်ရမှာလား'

'ရှင်သေသွားမှာပေါ့'

'ထွီ....'

လုထင်း တံတွေးထွေးချလိုက်သည်။

• • •

စုအိမ်း မျက်နှာပျက်သွားသည်။ သို့သော် စိတ်လျှော့ထား လိုက်ပြီး....

'ကျွန်မစကားဆုံးအောင် နားထောင်ပါ၊ ပြီးမှ ရှင်ပြောစရာရှိရင်ပြောပေါ့'

'ခင်ဗျား ဘာပြောချင်လို့လဲ'

'လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကစပြီး သည်ဘက်ကလူတွေဟာ သံမဏိယပ်တောင် ဝမ်းလျှန်ဆိုတဲ့အမျိုးသမီးကြီးရဲ့စည်းရုံးမှုနဲ့ စုစုရုံးရုံး ဖြစ်လာကြတယ်'

'ကျုပ်သိသွားပဲ'

စုအိမ်းက ဆက်ပြောပြန်သည်။

'သူတို့ဟာ သိုင်းပညာတော်သူများ ဖြစ်ကြလေတော့ သိုင်းလောကထဲဆင်းပြီး လူယက်တိုက်ခိုက်မှုတွေ ပြုလုပ်ကြတဲ့အခါ အမြဲတမ်းအောင်မြင်ခဲ့ကြတယ်၊ သူတို့ဟာ လုယက်ပြီးတာနဲ့ သဲလွန်စမကျန်အောင် လက်စဖျောက်ပစ်ကြတယ်'

လုထင်းမျက်နှာ တင်းမာလာသည်။

စုအိမ်းက စကားဆက်ပြန်သည်။

'ဒါကြောင့် သိုင်းလောကသားတွေ မသင်္ကာကြပေမယ့် အထောက်အထားမရှိလို့ ဘာမှ မတတ်နိုင်ခဲ့ကြဘူးရှင့်'

လုထင်း လက်ကာပြလိုက်သည်။

'ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်းပါ၊ ဒါတွေ ကျုပ်စိတ်မဝင်စားဘူးဗျာ'

စုအိမ်းက....

'မဟုတ်သေးဘူးလေ၊ ကျွန်မပြောသွားပဲ ဆုံးအောင် နားထောင်ပါလို့'

လုထင်း ပါးစပ် ပိတ်ထားလိုက်လေသည်။

စုအိမ်းက ဆက်ပြောလိုက်သည်။

'တစ်နေ့တော့ မြို့စားကြီးလုံးကျင်းချန်းရဲ့ ဇနီးသည်ဟာ ကိုယ်ရံတော်များအတူ ခရီးထွက်ခဲ့တယ်၊ မြို့စားကတော်ရဲ့ လက်ဝတ်ရတနာတွေဟာ ရွှေစင်ပီသာ နှစ်ရာလောက်တန်ဖိုးရှိတယ်'

လုထင်း ငေး၍နားထောင်နေသည်။



'ဒါကို လူဆိုးခေါးပြတွေက မျက်စိကျသွားတယ်လေ၊ သူတို့ဟာ မြို့စားကတော် စီးနင်းလာတဲ့မြင်းလှည်းကို တိုက်ခိုက်ပြီး ကိုယ်ရံတော်တွေကို သတ်ပစ်လိုက်ကြတယ်၊ ရတနာတွေလဲ လုယူသွားကြတယ်'

စုအိမ်းက သူ့ကိုစိုက်ကြည့်ရင်း....

'တရားခံကို စုံစမ်းလိုက်တဲ့အခါမှာ နောက်ဆုံး ရှင်းဦးလေး ဖြစ်နေတာ တွေ့ရတယ်၊ ဒ့ါအပြင် သည်ဘက်မှာ ကျော်ကြားနေတဲ့ သိုင်းသမားအများအပြား ပါဝင်ခဲ့ကြတယ် ဆိုတဲ့ အထောက်အထားတွေလဲ ရရှိခဲ့ကြတယ်လေ'

လုထင်း မျက်မှောင်ကြုတ်ထားမိသည်။

'လူဆိုးခေါးပြတွေကို ဘယ်သူမဆို မုန်းတီးကြမှာပဲ၊ ချေမှုန်းဖို့ ကြိုးစားကြမှာပဲ၊ ဒါမဆန်းပါဘူးရှင်'

လုထင်း မဲ့ပြုံး ပြုံးလိုက်သည်။

* * *

စုအိမ်းကို စိုက်ကြည့်ရင်း....

'ခင်ဗျားစကား ဆုံးပြီလား'

စုအိမ်း မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲရှင်'

'ခင်ဗျားစကားဆုံးရင် တိုက်ခိုက်ဖို့အသင့် ဖြစ်ပေတော့'

'ရှင်မှားသွားမှာပေါ့'

'ကျုပ်နားမလည်ဘူး၊ ခင်ဗျား သတိသာထားပေတော့'

လူထင်းက ရှောင်စုရင်း၌ စိုက်ဝင်နေသည့်ဓားကို ဆွဲယူကာ စုအိမ်းထံ ပြေးလွှားသွားလေသည်။

စုအိမ်း သက်ပြင်းချလိုက်သည်။

'ရှင့်ကို ပြောမရပါလား'

ညည်းညူကာ နောက်ခုန်ဆုတ်လိုက်လေသည်။

လူထင်းက အလွတ်မပေးဘဲ ပြေးလိုက်သွားရင်း....

'သေပေတော့'

အော်ငေါက်ကာ တိုက်ခိုက်လိုက်လေသည်။

စုအိမ်းက ရှောင်တိမ်းပေးလိုက်သည်။ ပြန်လည် တိုက်ခိုက်ခြင်း လုံးဝမပြုချေ။

'ရှင်မှားမယ်၊ စဉ်းစားပါဦး'

ဟုလည်း အော်ဟစ် သတိပေးလေသည်။

လူထင်းက....

'အပိုတွေ ပြောမနေနဲ့'

ပြောလည်းပြော ဓားကိုလည်းဝှေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လေသည်။

စုအိမ်းက ပွတ်ကာသီကာ ရှောင်တိမ်းနေ၏။

အတော်လေးကြာသည်အထိ တိုက်ခိုက်သော်လည်း စုအိမ်း၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိချေ။



တိုက်ရင်းခိုက်ရင်း လူထင်း မောပန်းလာလေတော့သည်။

စုအိမ်းက ခပ်လှမ်းလှမ်းသို့ ရောက်သည်အထိ ဆုတ်သွားပြီး....

'ကောင်းပြီလေ....ကျွန်မသွားမယ်၊ ကျွန်မက ရှင့်အပေါ် စေတနာထားတယ်ဆိုတာ မှတ်ထားပါရှင်'

ဟု ပြောလိုက်သည်။

ထို့နောက် တံခါးပေါက်ဆီသို့ လှမ်းသွားလေသည်။

လူထင်းက လိုက်လံတိုက်ရန်ဟန်ပြင်ပြီးမှတိုက်ခိုက်ခြင်းမပြုဘဲ နေလိုက်လေသည်။

စုအိမ်းက လှည့်ပင်မကြည့်တော့ချေ။

တံခါးဝကိုကျော်ဖြတ်ကာ အပြင်ဘက်ထွက်သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ချန်အန်းမြို့....

ချန်အန်းမြို့သည် လွန်စွာစည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ချန်အန်းမြို့သို့ရောက်လာသည့်အခါ လုထင်းမှာ စည်ကားသိုက်မြိုက်ပုံများကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်မိလေတော့သည်။

ဟိုဟိုသည်သည် ငေးကြည့်ရင်း မင်းလမ်းမအတိုင်းလျှောက်သွားနေမိ၏။

လမ်းပေါ်၌ ဥဒဟိုသွားလာနေသူများအကြား အလိုက်သင့်လျှောက်သွားနေစဉ် လူတစ်ယောက်က သူ့အားအတင်းတိုးဝှေ့ကာ ဖြတ်ကျော်သွားလေသည်။

ရုတ်တရက်မို့ လုထင်း မကျေမနပ်ဖြစ်သွားသည်။

'ဘယ်လိုလုပ်ပါလိမ့်'

ဟုလည်း လွတ်ခနဲ ပြောလိုက်မိလေသည်။

သူ့အား တွန်းထိုးကျော်ဖြတ်သွားသူမှာ အသက်သုံးဆယ်ခန့်ရှိသူ လူတစ်ယောက်ဖြစ်ပေသည်။

မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်ပိန်ပိန်ရှည်ရှည်ရှိသူဖြစ်၏။

ထိုလူမှာ သူ့အားတစ်ချက်လှည့်ကြည့်ပြီး ရှေ့သို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

လုထင်းလည်း အရေးမစိုက်တော့ဘဲ ရှေ့ဆက်လှမ်းသွားရန်ဟန်ပြင်လိုက်စဉ်....

'မိတ်ဆွေ....ခင်ဗျားပစ္စည်းတွေကို စစ်ဆေးကြည့်ဖို့ကောင်းတယ်ဗျ'

အနောက်ဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

အနောက်ဘက် လှည့်ကြည့်လိုက်လျှင် အသက်လေးဆယ်ခန့်ရှိ အပြာရောင်ဝတ်ဆင်ထားသူ တစ်ယောက်က သူ့အား ပြုံးပြနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း မျက်မှောင်ကုတ်ကာ....

'ကျုပ်ကိုပြောတာလားဗျ'

ဟု မေးလိုက်၏။

ထိုလူခေါင်းညိတ်ကာ....



'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်စိတ်ထင်တော့ ခင်ဗျားပစ္စည်း သူများနှိုက်သွားပြီထင်တယ်'

ထိုစကားကြားလျှင် လုထင်း ရင်ထိတ်သွားသည်။

ကပျာကယာ အင်္ကျီအိတ်ကို လက်ဖြင့် စမ်းသပ်ကြည့်မိလေသည်။

ထိုအခါမှ သူ၏အင်္ကျီအိတ်ထဲ၌ ထည့်ထားသော ငွေထုပ်ကလေး ပျောက်ဆုံးနေကြောင်း သိရလေတော့သည်။

လုထင်း တစ်ကိုယ်လုံး ထူပူသွားပြီး....

'ဒုက္ခပဲ'

ဟု ညည်းညူမိလေသည်။

ထိုအခါ အပြာရောင်ဝတ်ဆင်ထားသူက....

'ခင်ဗျား ဘာငိုင်နေတာလဲ၊ မြန်မြန်လိုက်ပါလား'

ထိုစကားကြားမှ လုထင်း သတိဝင်လာသည်။

သူ့အား တိုးဝှေ့သွားသူနောက်သို့ ပြေးလိုက်သွားလေသည်။

* * *

သူပြေးလိုက်လာသည်ကိုမြင်လျှင် ထိုလူလည်း တွက်ပြေးသွားလေတော့သည်။

'မပြေးနဲ့'

လှထင်း အော်ဟစ်ရင်း တအားပြေးလိုက်သွား၏။

ပိန်ပိန်ရှည်ရှည်ရှိသူသည် လူအုပ်ကြားမှ တိုးဝှေ့ကာ လမ်းကြားတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွား၏။

လှထင်းကလည်း ထက်ကြပ်မကွာ လိုက်သွားလေသည်။

လမ်းကြားထဲသို့ရောက်လျှင် ပိန်ပိန်ရှည်ရှည်လူမှာ ပြေးလွှားသွားခြင်းမပြုတော့ဘဲ ခပ်တည်တည် လျှောက်သွားနေသည်ကို တွေ့မြင်ရလေသည်။

'ဟေ့လူ...မပြေးနဲ့'

လှထင်းက အော်ဟစ်ရင်း ထိုလူ့ရှေ့သို့ ပြေးသွားကာ လမ်းပိတ်ဆို့ ဟန့်တား ထားလိုက်လေသည်။

ထိုလူက ခပ်တည်တည်ဖြင့်....

'မိတ်ဆွေ...ဒါက ဘာလုပ်တာလဲဗျ'

'ဘာ....'

'ခင်ဗျားဘာဖြစ်လို့ လမ်းပိတ်ထားတာလဲ၊ လမ်းဖယ်ပေးစမ်းပါ၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိနေတယ်ဗျ'

လှထင်း မဲ့ပြုံးပြုံးလိုက်သည်။

ထိုလူမြင်သာအောင် လက်ဝါးဖြန့်လိုက်ပြီး....

'ကျုပ်ရဲ့ပိုက်ဆံအိတ်ပြန်ပေး'

'ဘာ....'



'ခင်ဗျားအူကြောင်ကြောင်လုပ်မနေနဲ့၊ ပေးမလား မပေးဘူးလား ပြောစမ်း'

ထိုလူ ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ် နားမလည်ပါလား'

လှထင်း ဒေါပွသွားလေသည်။

'ကောင်းပြီလေ၊ ခင်ဗျားနားမလည်ဘူးဆိုရင် နားလည်အောင် လုပ်ပေးရမှာပေါ့'

စကားဆုံးလျှင် ထိုးကြိတ်တိုက်ခိုက်ရန် ပြင်လိုက်လေသည်။

* * *

ထိုစဉ်...

'မိတ်ဆွေ ဟောဒီမှာတွေ့ပြီဗျ'

စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှထင်း လှည့်ကြည့်လိုက်သောအခါ အပြာရောင် ဝတ်ဆင်ထားသူက လူငယ်လေးတစ်ယောက်အား လည်ကုပ်မှ ဖမ်းကိုင်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း အံ့သြသွား၏။

အပြာရောင် ဝတ်ဆင်ထားသူ၏ ကျန်လက်တစ်ဘက်တွင် အထုပ်တစ်ထုပ်ကိုင်ထားသည်ကို တွေ့ရ၏။

ထိုအထုပ်ကလေးသည်ကား လုထင်း၏ ငွေထုပ်ကလေး ဖြစ်ပေတော့သည်။

လုထင်းက....

'ဒါ....ကျုပ်ပစ္စည်းပဲ'

ဟု လှမ်းပြောလိုက်၏။

အပြာရောင်ဝတ်ဆင်ထားသူ ပြုံးလိုက်သည်။

'သူက လမ်းကြားထဲ ဝင်သွားကတည်းက ခင်ဗျားဆီက နှိုက်ယူလာတဲ့ ငွေထုပ်ကို သူ့လူတွေဆီ လက်ဆင့် ကမ်းလိုက်မယ်ဆိုတာ ကျုပ်ရိပ်မိတယ်လေ။ ဒါကြောင့် ဒီဘက်က ကြိုပြီး စောင့်နေတာပေါ့၊ ကျုပ်ထင်တဲ့ အတိုင်းပဲ၊ ရော့.... ခင်ဗျားပစ္စည်း'

ငွေဆုပ်ကလေးအား ပစ်ပေးလိုက်သည်။

လုထင်းက ဖမ်းယူထား၏။

အပြာရောင် ဝတ်ဆင်ထားသူက ဖမ်းဆီးထားသည့် လူငယ် လေးအား လွှတ်ပေးလိုက်သည်။

လူငယ်လေးမှာ လမ်းကြားတစ်ဘက်သို့ လျင်မြန်စွာ ထွက် ပြေးသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

လုထင်း အံ့သြသွားသည်။

အပြာရောင် ဝတ်ဆင်ထားသူကို နားမလည်နိုင်စွာ ကြည့် ရင်း....



'ခင်ဗျား ဘာဖြစ်လို့ လွှတ်ပေးလိုက်တာလဲ'

ဟု မေးလိုက်၏။

ထိုလူ သဘောကျစွာပြုံးကာ....

'ကိုယ့်ပစ္စည်း ကိုယ်ပြန်ရပြီမဟုတ်လား။ သူ့ကို ဖမ်းထား တော့ကော ဘာလုပ်ရမှာလဲ'

လုထပ်းက ပိန်ပိန်ရှည်ရှည်လူဘက် လှည့်ကြည့်လိုက်သည်။

ထိုလူမှာလည်း မည်သည့်အချိန်က ထွက်သွားမှန်းမသိ။ လမ်းကြားအတွင်း၌ ရှိမနေတော့ပါချေ။

လုထင်း ငိုင်နေမိလေသည်။

အပြာရောင် ဝတ်ဆင်ထားသူက....

'သူတို့ကို ခွင့်လွှတ်လိုက်ပါဗျာ၊ နောက်တစ်ခါ ဒီလိုမဖြစ်ရ အောင် ကိုယ်ကပဲ သတိထားပေါ့၊ ဟုတ်ပြီလား'

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ယခုမှ လုထင်း သတိဝင်လာသည်။

'ခဏနေပါဦးဗျာ'

ဟု ဟန့်တားလိုက်၏။

အပြာရောင် ဝတ်ဆင်ထားသူက....

'ခင်ဗျား ဘာပြောချင်သေးလို့လဲဗျ'

'ကျုပ်ကိုကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ'

'မလိုပါဘူး၊ ကျုပ်က ကျေးဇူးအတင်ခံချင်လို့ ကူညီတာမှ မဟုတ်ပဲ'

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်ကတော့ ကျေးဇူးတင်ရ မှာပါပဲ၊ မိတ်ဆွေရဲ့နာမည်လေး ပြောမပြနိုင်ဘူးလား'

'ခင်ဗျား ဘာလုပ်မလို့လဲ'

'မှတ်ထားချင်လို့ပါ'

ထိုလူ သဘောကျစွာ ပြုံးလိုက်သည်။

'ခင်ဗျားက သူများနာမည်မေးတော့မယ်ဆိုရင် ကိုယ့်နာမည် အရင်ပြောပြရတယ်ဆိုတာ မှတ်ထား'

'ကျုပ်နာမည် လုထင်းလို့ခေါ်ပါတယ်။ ကျုပ်ကို မိတ်ဆွေ တစ်ယောက်အဖြစ် အသိအမှတ်ပြုနိုင်ပါတယ်'

'လုထင်း ဟုတ်လား'

'ဟုတ်ပါတယ်'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ မှတ်ထားရတာပေါ့၊ ကျုပ်နာမည်ကတော့ စီးမင်လို့ ခေါ်တယ်၊ ခင်ဗျား မှတ်ချင်ရင်လဲ မှတ်ထားပေါ့ဗျာ'

'ကျုပ် မှတ်ထားပါမယ်၊ ကျုပ်တို့နှစ်ယောက် မိတ်ဆွေ ဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျုပ်က တစ်ခုခု ကျွေးပါရစေလားဗျာ'



စီးမင် မျက်မှောင်ကုတ်သွားသည်။

သူက အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ'

'ကျုပ်က ဒီမြို့ကို အခုမှရောက်လာတော့ ဘယ်ဆိုင် ကောင်းတယ် ဆိုတာ မသိဘူး၊ မိတ်ဆွေသိရင်....'

လုထင်းက စကား တစ်ပိုင်းတစ်စဖြင့်ရပ်ကာ စီးမင်ကို ကြည့်လိုက်သည်။

စီးမင် ခေါင်းညိတ်လိုက်သည်။

'ကျုပ်နောက်လိုက်ခဲ့'

စကားဆုံးလျှင် ရှေ့မှ လမ်းပြခေါ်ဆောင်သွား၏။

လုထင်းလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

စီးမင်သည် အတန်ကြာ ကွေ့ပတ်လျှောက်သွားပြီး စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်သွား၏။

လုထင်းလည်း ဝင်လိုက်သွားလေသည်။

စားသောက်ဆိုင်ထဲရောက်လျှင် စားပွဲတစ်လုံး၌ နေရာယူလိုက်ကြ၏။

မကြာပါချေ။

မှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာ၏။

အမဲသားဟင်း၊ ပဲပြားကြော်၊ အသားလွှတ်ပေါက်စီနှင့် အရက်တစ်အိုး ဖြစ်လေသည်။

စီးမင်ကို တစ်ချက်ကြည့်လိုက်ပြီး....

'ဒါက အကောင်းဆုံး စားသောက်စရာလား'

ဟု မေးလိုက်သည်။

စီးမင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လှထင်းက အခြားစားသောက်ဖွယ်ရာများ မှာကြားရှည့်ခံ ကျန် စိတ်ကူးလိုက်၏။

ထိုစဉ်....

စီးမင် ဆက်ပြောလိုက်သော စကားကြောင့် ပါးစပ် အဟောင်းသား ဖြစ်သွားရသည်။

'ကျုပ် တစ်သက်လုံး ဒါပဲစားလာတာ၊ တခြားဟင်းလျာတွေ ရှိမှန်းသိတယ်၊ ဒါပေမယ့် ကျုပ် မစားဘူး၊ စားကြည့်ဖို့လဲ ဘယ်တော့မှ မကြိုးစားခဲ့ဘူး'

စီးမင်မှာ အတော်ထူးဆန်းသူဟု စိတ်ထဲမှ မှတ်ချက်ချရလေတော့သည်။

'ကဲ....အားရပါးရ စားပေတော့မျို့'

ပြောပြီး စီးမင်က အားရပါးရ စားသောက်လိုက်သည်။

လှထင်းလည်း ဆာလောင်မွတ်သိပ်နေပြီ ဖြစ်သည်။

ထို့ကြောင့်....

ဘာမှမပြောဘဲ စားသောက်လိုက်၏။

အမဲသားဟင်းမှာ သူစားခဲ့ဖူးသည့် အမဲသားဟင်းများနှင့် မတူဘဲ အလွန်အရသာ ထူးကဲနေကြောင်း တွေ့ရ၏။

သူတို့နှစ်ယောက် တက်ညီလက်ညီ စားသောက်လိုက်ကြရာ တခဏအတွင်း၀ယ် တက်တက်စင် ပြောင်သွားလေတော့သည်။



စီးမင်က အဆီစေ့နေသော ပါးစပ်ကို လက်ခုံဖြင့်သုတ်ရင်း....

'စားလို့ကောင်းလိုက်တာ၊ ဗိုက်ကိုတင်းသွားတာပဲ'

ဟု ပြောလိုက်၏။

လှထင်း ကျေနပ်သွားသည်။

သူ့အား ကူညီခဲ့ခြင်းကြောင့် စီးမင်အား ကျေးဇူးတင်စိတ် ရှိနေသည် မဟုတ်ပါလား။

* * *

စီးမင်က သူ့အားကြည့်ကာ....

'နေစမ်းပါဦး၊ ခင်ဗျားအခု အခုမှ ချန်အန်းမြို့ကို ရောက်ဖူးတာ၊ ဟုတ်သလား'

ဟု မေးလေသည်။

လှထင်း ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'အလည်သက်သက်ပဲလား

'ဆိုပါတော့ဗျာ'

စီးမင်က ပခုံးတွန့်ရင်း....

'အလည်သက်သက်ဆိုရင် သတိတော့ထား၊ မြို့ကြီးပြကြီး ဆိုတော့ လူရှုပ်လူပွေပေါတယ်'

'စိတ်ချပါ၊ ဒါထက် ဒီမြို့မှာ စာပေပညာရှင် လုယုကျင်း ဆိုသူ တစ်ယောက်အကြောင်း ကြားဖူးသလား'

စီးမင်က ခေါင်းညိတ်လိုက်သည်။

'ကြားဖူးပါတယ်၊ ဘာဖြစ်လို့လဲ'

လုထင်း ဝမ်းသာသွားသည်။

စာပေပညာရှင် လုယုကျင်းသည် သူ၏ဖခင်ဖြစ်ပေသည်။

သူက ဖခင်ထံ လာခဲ့သည် မဟုတ်ပါလား။

* * *

'ဪ....ကျုပ် သူ့ဆီသွားချင်လို့ပါ'

စီးမင် ပြုံးလိုက်သည်။

'အတော်ပဲ၊ ဒီကနေ့ စာပေပညာရှင် လုယုကျင်းရဲ့ သမီး မွေးနေ့ပွဲ ပြုလုပ်လိမ့်မယ်၊ ခင်ဗျားသွားရင်တော့ လက်ဆောင် တစ်ခုခုယူသွားရင် ကောင်းမယ်'

'စာပေပညာရှင် လုယုကျင်းရဲ့သမီး မွေးနေ့ဟုတ်လား'

'ဟုတ်တယ်လေ'



'ဪ....သမီးတောင် ရနေပြီကိုး'

လုထင်း လွတ်ခနဲ ပြောလိုက်လေသည်။

စီးမင် အံ့ဩသွားပြီး....

'ဘာဖြစ်လို့လဲ၊ ခင်ဗျားက သူ့ကိုသိလို့လား'

'ဪ....ကျုပ်မိဘတွေနဲ့ မိတ်ဆွေတွေမို့ပါ'

'အင်း....ပြောသာပြောရတယ်၊ မွေးနေ့ပွဲက အတော်ငြ စည်ကားမှာ၊ စာပေပညာရှင် လုယုကျင်းဟာ မိတ်ဆွေပေါများ တယ် မဟုတ်လား၊ သိုင်းလောက က ပုဂ္ဂိုလ်တွေတောင် ရောက် လာကြမှာပဲ'

သူက မျက်နှာမဲ့လိုက်ပြီး....

'ဒါပေမယ့် ကျုပ်ကို ဖိတ်မယ်ဆိုရင်တောင်၊ ကျုပ်က သွားဖို့ စိတ်မကူးပါဘူး'

လုထင်း စိတ်ဝင်စားသွားလေသည်။

ကြုံတုန်းကြုံခိုက် သတင်းစုံစမ်းထားခြင်းက မမှားဟု ယူဆမိ သဖြင့်....

'ဘာများဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ လုဝမ်းဝမ်းက မာနကြီးလို့ပေါ့'

'ဘယ်လို....'

'သူက ဘယ်သူ့ကိုမှ တူတယ်တန်တယ် ထင်တာမဟုတ်ဘူး။ ရက်ရက်စက်စက် ချောလှတော့လဲ မာနကြီးပေမပေါ့၊ သူများ တွေကသာ လုဝမ်းဝမ်းကို အငမ်းမရ လိုချင်နေကြတာ။ ကျုပ် ကဖြင့် စိတ်တောင်မကူးပေါင်ဗျာ'

စီးမင်က မဲ့ကာရွဲ့ကာ ပြောလိုက်လေသည်။

လုထင်း မျက်မှောင်ကုတ်ကာ....

'လုဝမ်းဝမ်းဆိုတာ ဘယ်သူလဲ'

'စာပေပညာရှင် လုယုကျင်းရဲ့ တစ်ဦးတည်းသော သမီးပေါ့၊ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့ပွဲ ကျင်းပမှာလေ။ ရှင်းရှင်းပြောရရင် မွေးနေ့ကို အကြောင်းပြုပြီး သားမက်လောင်းကို ရွေးမယ့်ပွဲပေါ့'

ဖခင် လုယုကျင်းသည် နောက်အိမ်ထောင် ပြုပြီးနောက် သမီးတစ်ယောက်ပင် ရရှိနေကြောင်း သိလိုက်ရသဖြင့် လုထင်း၏ ရင်ထဲ ဟာတာတာ ဖြစ်သွားလေသည်။

သူ့အား ဖခင်ဖြစ်သူက အရေးတယူ ဆက်ဆံပါတော့မည် လော၊ဟူသည်း သံသယဝင်လာလေသည်။

စီးမင်က သတိမပြုမိဘဲ ဆက်ပြော၏။

'စာပေ ပညာရှင်လုယုကျင်းကို လူတိုင်း ကြည်ညိုလေးစားကြပါတယ်၊ ဒါပေမယ့် သူ့သမီး လုဝမ်းဝမ်းနဲ့ သူ့ဇနီး မာကူးကိုတော့ ကြည့်မရတဲ့လူ များတယ်၊ သူတို့ကလဲ မာန ခေါင်ခိုက်နေကြတာကိုး'

လုထင်းရင်ထဲ လေးလံလာလေတော့သည်။

• • •



စီးမင်က....

'မွေးနေ့ပွဲပြီးရင်တော့လား မြင်းကို ချီတပ်ပေးသလို ဖြစ်သွားမှာ မြင်ယောင်မိသေးတယ်'

'ဗျာ'

လုထင်း အံ့သြနေသည်။

စီးမင်က ဆက်ပြောပြန်သည်။

'ဟုတ်တယ်လေ၊ လုဝမ်းဝမ်းနဲ့ မင်းသားလေးကျင်းစိန်တို့ အကြောင်း ထင်ထင်ပေါ်ပေါ် ဖြစ်လာမှာပဲ'

'မင်းသားလေး ကျင်းစိန်ဆိုတာ ဘယ်သူလဲဟင်၊ သူတို့က ဘယ်လိုပတ်သက်နေလို့လဲ'

'မင်းသားလေး ကျင်းစိန်ဟာ မိုးကြိုးလှ ဂိုဏ်းချုပ်ရဲ့ သားပေါ့'

စီးမင်က ရှင်းပြနေသည်။

'ချန်အန်းတစ်ဝိုက် လျှမ်းလျှမ်းတောက် ကျော်ကြားသူပဲ၊ ဘယ်သူ့ကိုမှ လူထင်ကြတာမဟုတ်ဘူး၊ မင်းသားလေး ကျင်းစိန်က လုဝမ်းဝမ်းကို သဘောကျနေတာ လူတိုင်းသိကြတာပဲ'

'လုဝမ်းဝမ်းကကော'

'မင်းသားလေး ကျင်းစိန်ဆိုရင် သူကလဲ ခေါင်းညိတ်မှာပါ'

'ဪ....'

'သူတို့သာ လက်ထပ်လိုက်ရင်တော့ အတော်ကြည့်ကောင်းမယ့် စုံတွဲ ဖြစ်သွားမှာပါ၊ ဒါပေမယ့် သူတို့အကျင့်စရိုက်တွေနဲ့တော့ မလွယ်ပါဘူးဗျာ'

'ဘယ်လိုမလွယ်တာလဲ'

'သူတို့ မျက်စိပေါ်မွှေးစူးတဲ့လူ ဒုက္ခရောက်မှာကို ပြောတာဗျ'

လုထင်းက ရှင်းရှင်းလင်းလင်း သိရအောင် မေးလိုသော်လည်း အားနာသဖြင့် မမေးဘဲ နေလိုက်သည်။

စီးမင်းက....

'သူတို့ကြည့်မရတာ ဘယ်လို လူ စား မျိုး တွေ လဲ ဆို တာ ခင်ဗျား မမေးတော့ဘူးလား'

လုထင်း ပြုံးရုံသာ ပြုံးနေလိုက်သည်၊

* * *

စီးမင်းက ....

'စာပေပညာရှင် လုယုကျော်းဟာ တကယ့်ကို သိက္ခာ သမာဓိရှိသူ တစ်ယောက်ပါ။ ဒါပေမယ့် သူ့ ဇနီး မာကူး ကတော့ လောဘရမ္မက်ကြီးတယ်လေ။ တိတ်တိတ်ပုန်း အပေါင်ဆိုင်တွေ ဖွင့်ထားတယ်။ ငွေတိုးချေးတယ်။ ဆင်းရဲနွမ်းပါးသူတွေဆီက လည်ပင်းညှစ်တဲ့သဘော'

'မင်းသားလေး ကျင်းစိန်ကတော့....'



'သူလဲ ဘာထူးသလဲ....။ မိုးကြိုးလှ ဂိုဏ်းဟာ သည်နယ်တစ်ဝိုက်မှာ တိတ်တိတ်ပုန်း လောင်းကစားဝိုင်းတွေ ဖွင့်ထားတယ်။ ပါးစပ်ကတော့ ဒုက္ခရောက်တဲ့လူတွေကို ကူညီမယ်လို့ ပြောကြတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ သူတို့က ဒုက္ခပေးနေတာ'

'ဒါတွေသိလျက်နဲ့ ဘာကြောင့် ငြိမ်ခံနေတာလဲ'

'ရှင်းပါတယ်။ သူတို့ကို ကြောက်လို့ပေါ့'

လုထင်းပါးစပ် ပိတ်ထားလိုက်သည်။

* * *

စီးမင်းက....

'အင်း....ကျုပ်လဲ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ ခင်ဗျားဟာ သူတို့ဘက်ကလူတော့ မဟုတ်ပါဘူးနော်'

'ဟာ....မဟုတ်ပါဘူးဗျာ'

'ဟူး.... တော်ပါသေးရဲ့၊ သူ တို့ ဘက် ကလူ ဆိုရင်တော့ မင်းသားလေးကျန်းစိန် အမျက်ရှမှာ သေချာတယ်'

လုထင်း ရယ်မောလိုက်လေသည်။

'ခင်ဗျားက ကျုပ်မိတ်ဆွေပါ၊ ခင်ဗျားဒုက္ခရောက်အောင် ကျုပ် ဘယ်တော့မှ မလုပ်ပါဘူးဗျာ'

စီးမင် ကျေနပ်သွားလေသည်။

'အင်း....ခင်ဗျားလဲ စာပေပညာရှင် လူယုကျင်းဆီကိုသွားမယ်ဆိုရင် သတိလဲထားသွားဦး'

'စိတ်ချပါဗျာ'

စီးမင် ထိုင်ရာမှ ထလိုက်သည်။

* * *

'စကားပြောလို့တော့ ကောင်းပါရဲ့၊ ကျုပ် လုပ်စရာရှိသေးတယ်၊ သွားမှဖြစ်မယ်ဗျ'

'ကောင်းပါပြီ'

စီးမင်က 'စားသောက်ဖွယ်ရာများအတွက် ငွေရှင်းပေးရန် ဟန်ပြင်လေသည်။

လုထင်းက သူရှင်းပေးမည်ဟု အတင်းပင်တောင်းပန်ပြောဆိုရ၏။

ထိုအခါမှ စီးမင်က လက်ခံလိုက်သည်။

လူချင်းခွဲကာနီးတွင်....



'အရေးအကြောင်းရှိလို့ ကျုပ်ကိုတွေ့ချင်ရင် မြို့ပြင်သဿာန်ကို လာခဲ့ဗျို၊ သုဘရာဇာ စီးမင်ဆို လူတိုင်းသိကြတယ်' ဟု ပြောသွား၏။

ထိုစကားကြားလျှင် လုထင်း မျက်လုံးပြူးသွားလေတော့သည်။

တူရိယာပစ္စည်း တီးမှုတ်သောအသံများကို အဝေးမှပင် ကြားနိုင်လေသည်။

လှထင်းသည် စီးမင်နှင့် လမ်းခွဲခဲ့ပြီး စီးမင် ညွှန်ပြလိုက်သည့် လမ်းအတိုင်းလာခဲ့ရာ ကြီးမားကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု အနီးသို့ရောက်ရှိလာချိန်တွင် ယင်းခြံဝင်းအတွင်းဘက်မှ ချိုလွင် သာယာသော တူရိယာသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရခြင်း ဖြစ်လေသည်။

ခြံဝင်းတံခါးမကြီးကား ဟာလာဟင်းလင်း ဖွင့်ထား၏။

ခြံဝင်းအတွင်းသို့ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူများ ဝင်ထွက်သွားလာနေကြသည်ကို တွေ့ရ၏။

ခြံဝင်းအပြင်ဘက်၌ အဖိုးတန် ဗီရိုမြင်းလှည်းများ အစီအရီ ရပ်ထားသည်ကိုလည်း တွေ့မြင်နိုင်ပေသည်။

လုထင်းမှာ ခြံဝင်းနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်သွား၏။

ခြံဝင်းဆီသွားလျှင်ကောင်းနိုး၊ မသွားဘဲနေလျှင်ကောင်းနိုး ဝေခွဲမရဖြစ်နေလေသည်။

စီးမင်း၏ စကားအတိုင်းဆိုလျှင် သူ့အတွက် မျှော်လင့်ချက် နည်းပါးနေပြီဟု ယူဆထားလေသည်။

မည်သို့ဆိုစေ....

မိခင်ကြီး မကွယ်လွန်မီ မှာကြားသွားသော စကားများ ကြောင့် နောက်ဆုံး ဝင်တွေ့ရန် ဆုံးဖြတ်လိုက်သည်။

ဖခင်ကြီး လက်ခံသည် လက်မခံသည်မှာ သူ၏ကိစ္စ မဟုတ် ပါ။

သွားတွေ့ရမည်က သူ၏ကိစ္စ ဖြစ်သည်ဟု ဆုံးဖြတ်ပြီး ခြံ ဝင်း အဝင်ဝဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

ခြံဝင်းရှေ့ကို ရောက်သွားသည်နှင့်....

'ဟေ့....ဘယ်သူလဲ၊ ရပ်လိုက်စမ်း'

ရုတ်တရက် အောင်ဂေါက်ဟန့်တားသံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်ရသည်။

* * *



လုထင်း ခြေလှမ်း တုံ့ခနဲရပ်သွား၏။

လှည့်ကြည့်လိုက်သောအခါ၊ သူ့ထံသို့လူတစ်ယောက် လှမ်း လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ....

အနီရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည့် လူ သန်ကြီး တစ်ယောက် ဖြစ်၏။

သူ၏ အင်္ကျီရင်ဘတ်ပေါ်တွင် ငွေချည်ဖြင့် မိုးကြိုးနှင့် လှံ တစ်လက်ပုံ ရေးထိုးထားသည်ကို တွေ့ရ၏။

ထိုလူမှာ....

စီးမင်ပြောပြသည့် မိုးကြိုးလှံဂိုဏ်းမှ လူတစ်ယောက် ဖြစ် မည်ဟု လုထင်း တွက်ဆမိလေသည်။

သူတွေးတောနေစဉ် ထိုလူမှာ သူ့ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူ့အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး....

'မင်းဘယ်သူလဲ။ ဒီကိုဘာလာလုပ်တာလဲ'

ဟု ခပ်ထန်ထန် မေးလိုက်သည်။

လုထင်းစိတ်ထဲ မကျေမနပ် ဖြစ်သွားပြီး....

'ခင်ဗျားကကော ဘယ်သူလဲ။ ဒီကို ဘာလာလုပ်တာလဲ'

ဟု ပြန်မေးလိုက်သည်။

ထိုလူ မျက်လုံးပြူးသွား၏။

'ဘာ....မင်းဘာပြောတယ်'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုလူက....

'မင်း သေချင်ပြီထင်တယ်၊ ဒီမှာဘာလာရှုပ်တာလဲ၊ အခု ချက်ချင်း ထွက်သွားစမ်း'

ဟု အော်ငေါက်လာပြန်သည်။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်မသွားနိုင်ဘူး၊ ကျုပ်က စာပေပညာရှင် လုယုကျင်းနဲ့ တွေ့ဖို့လာတာ'

'အောင်မယ်...ကြီးကြီးကျယ်ကျယ် ဆရာကြီးကိုများ တွေ့ချင်သေးတယ်တဲ့၊ သွားစမ်း၊ ဆရာကြီး မအားဘူးဆိုတာ မင်း မသိဘူးလား'

'ကျုပ်မသွားနိုင်ဘူး'

'ဘာကွ'

'ကျုပ်က ခရီးဝေးက လာခဲ့ရတာ၊ ဆရာကြီး လုံယုကျင်းနဲ့ မတွေ့ရဘဲ ပြန်မသွားနိုင်ဘူး'

ထိုလူက မဲ့ပြုံးပြုံးကာ....

'မင်းက အသားနာချင်တာကိုး။ မင်းကိုဆုံးမပြီး မောင်းထုတ်ပစ်ရတော့မှာပေါ့'

စကားဆုံးလျှင် ကြီးမားသော လက်ဝါးကြီးဖြင့် တအား ရိုက်ချလိုက်သည်။

လုထင်း အံကြိတ် ကာ ဝဲဘက်သို့ ရှောင်လိုက်ပြီး ထိုလူ၏ ခါးလယ်သို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

ထိုလူမှာ....

လုထင်း ယခုလို ပြန်လည်တိုက်ခိုက်လာနိုင်မည်ဟု မထင် မှတ်ခဲ့ပါချေ။



'ဒုတ်'

'အမလေး'

လက်ဝါးစောင်း မိသွားခြင်းကြောင့် တစ်ချက် အော်ဟစ်လိုက်ပြီး ခါးကုန်းကျသွား၏။

သူ၏အော်သံကြောင့် အနီရောင် ဝတ်ဆင်ထား သူများ ချက်ချင်း ပြေးလွှားရောက်ရှိလာကြသည်။

'ဘာဖြစ်တာလဲ....ဘာဖြစ်တာလဲ'

အနီရောင် ဝတ်ဆင်ထားသူများသည် သူတို့၏အဖော် ခံလိုက်ရသည်ကို မြင်လျှင် လုထင်းအား ချက်ချင်း ဝိုင်းရံထား လိုက်ကြသည်။

လုထင်းက ခပ်တည်တည်ပင် ရပ်နေ၏။

* * *

အနီရောင်ဝတ်ဆင်းထားသူ တစ်ယောက်က....

'မင်းဘယ်သူလဲ ပြောစမ်း'

ဟု မေးလာသည်။

လုထင်းက....

'ကျုပ်က စာပေပညာရှင်လုယုကျင်းကို တွေ့ချင်လို့လာခဲ့တာ'

ထိုစဉ် သူတိုက်ခိုက်ခဲ့သူက....

'ဟေ့ ဘာလုပ်နေကြတာလဲ၊ သူ့ကို ဝိုင်းဖမ်းလိုက်ကြစမ်း၊ သူက တမင်ဒုက္ခပေးဖို့ လာတာကွ'

ဟု အော်ပြောလိုက်လေသည်။

ထိုစကားကိုကြားလျှင် အနီရောင်ဝတ်ဆင်ထားသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီ လုထင်းအား ဝိုင်း၍ တိုက်ခိုက်ကြလေသည်။

လုထင်း ဒေါသွသွား၏။

သို့သော် လုထင်း ကိုယ်တိုင်တိုက်ခိုက်လျှင်၊ တစ်ယောက်ယောက် ဒဏ်ရာရရှိသွားပါက မကောင်းမှန်း ရိပ်မိ၏။

ဤတွင် အလွယ်တကူ ဆုံးဖြတ်နိုင်မည့်နည်းလမ်း အသုံးပြုလိုက်လေသည်။

သူက လက်နှစ်ဘက်ဝေ့ယမ်းလိုက်သည်။

တဆက်တည်းပင် မြေပေါ်ခြေဆောင့်ကာ ဝိုင်းရံသူများ ဦးခေါင်းပေါ်မှ ခုန်ထွက်သွားလေသည်။

သူ့လက် ဝေ့ယမ်းလိုက်သည်နှင့် မွှေးကြိုင်သော အနံ့အသက်များ ထွက်ပေါ်လာ၏။

သူက မေ့ဆေးမှုန့်ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏မေ့ဆေးကား အထူးဖော်စပ်ထားရကား ရှူရှိုက်မိသည်နှင့်....

'အင့်'



'အင့်'

အနီရောင်ဝတ်ဆင်သူများ မြေပေါ်သို့ အတုံးအရုံး လဲကျသွားလေတော့သည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်မို့ ခြံဝင်းအတွင်းမှ တူရိယာအသံများ ကွယ်ပျောက်သွား၏။

လူအတော်များများ ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

ထိုလူများအတွင်း အမျိုးသမီးကြီးတစ်ယောက်၊ အဘိုးအိုတစ်ယောက်၊ မိန်းကလေးတစ်ယောက်နှင့် လူရွယ်တစ်ယောက်တို့လည်း ပါလာကြလေသည်။

လူရွယ်မှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ရုပ်ရည် ချောမောခန့်ညားသူ ဖြစ်ပေသည်။

ရုတ်တရက်ကြည့်လျှင်၊ မင်းသားတစ်ပါးဟုပင် ထင်မှတ်ရမည် ဖြစ်လေသည်။

ထိုလူရွယ်သည် အနီရောင်ဝတ်ဆင်သူများ လဲကျနေသည်ကို မြင်လျှင် မျက်နှာပျက်သွားသည်။

လထင်းကိုလည်း လှမ်းကြည့်လိုက်လေသည်။

ထိုလူငယ်နောက်မှ လိုက်လာသည့် အနီရောင်ဝတ်ဆင်သူများက လထင်းအား ဝိုင်းရံထားလိုက်ကြပြီ ဖြစ်သည်။

လူငယ်က လထင်းကိုအကဲခတ်ကြည့်ရင်း....

'မင်းသတ်ချက်လား'

ဟု မေးလိုက်လေသည်။

လထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ကကျုပ်ကို အရင်ပြေးတိုက်ခိုက်တာမို့ ကျုပ်က ပလွှဲမရှောင်သာတဲ့ တုံ့ပြန်လိုက်ရတာပါ'

'မင်း ဘာလိုချင်လို့လဲ'

'ဘာမှ မလိုချင်ပါဘူး၊ စာပေပညာရှင် လုယုကျင်းကိုပဲ တွေ့ချင်တယ်'

ထိုစကားကြားလျှင် လူငယ်က အဘိုးအိုကို လှမ်းကြည့်လိုက်လေသည်။

အဘိုးအို ရှေ့သို့ လှမ်းထွက်လာပြီး....

'မင်းက ကျုပ်ကိုတွေ့ချင်တယ် ဟုတ်လား၊ ဘာကိစ္စများ ရှိလို့လဲကွယ့်'

ဟု မေးလာလေသည်။

အဘိုးအို၏စကားကြောင့် လထင်းရင်ထဲ တုန်ခါသွား၏။



အဘိုးအို၏အမေးကို မဖြေဘဲ အတန်ကြာသည်အထိ ငေးကြည့်နေမိလေသည်။

* * *

မိမိ လူမှန်းသိတတ်ကာစအရွယ်ကပင် ဖခင်ဖြစ်သူ သေဆုံးသွားပြီဟု သိခဲ့ရ၏။

သို့သော်တကယ်တမ်းဆုံးသွားခြင်းမဟုတ်ဘဲ အသက်ထင်ရှားရှိနေသေးကြောင်း မကြာသေးမီကမှ ဝမ်းလျှန်က ဖွင့်ပြောသွားသည်။

တကယ်တမ်းသေဆုံးသွားသူကား သူ၏မိခင် ဝမ်းလျှန်ဖြစ်လေသည်။

ဖခင်ဖြစ်သူကို မျက်စိရှေ့မှောက်ဝယ် မြင်တွေ့နေရပြီ မဟုတ်ပါလား။

ဖခင်ဖြစ်သူကိုကြည့်ရင်း လထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

လူရွယ်က....

'မင်းဟာ မိုးကြီးလှ'ဂိုဏ်းကလူတွေကို တိုက်ခိုက်ရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ ဒီနေရာမှာ နှောင့်ယှက်ဖို့ လာခဲ့တယ်ဆိုရင်တော့ အမှားကြီး မှားသွားလိမ့်မယ်ကွ'

ဟု လှမ်းပြောလေသည်။

လူထင်းက သူ့အား လုံးဝအရေးမစိုက်ဘဲ ဖခင်ဖြစ်သူကိုသာ ငေးကြည့်နေလေသည်။

လူငယ်မှာ 'မိုးကြီးလှ'ဂိုဏ်းချုပ်ကျင်းခုံ' ၏သား မင်းသားလေး ကျင်းစိန် ဖြစ်လေသည်။

မင်းသားလေးကျင်းစိန်သည်လူထင်းက သူ့အားဂရုမစိုက်ဘဲနေသည်တို့ တွေ့မြင်ရသဖြင့် ဒေါသွားလေသည်။

'မိုးကြီးလှ'ဂိုဏ်းအကြောင်း မင်းအခုသိရစေမယ်'

ပြောပြီး ရှေ့သို့ လှမ်းထွက်လာ၏။

အဘိုးအိုက ဟန့်တားလိုက်လေသည်။

'မင်းသားလေး ခဏနေပါဦး၊ သူက ကျုပ်ကိုတွေ့ချင်လို့လာတယ်ဆိုတော့ ဘာကိစ္စလဲဆိုတာ မေးပါရစေဦး'

ထိုစကားကြားလျှင် မင်းသားလေး ကျင်းစိန် ကိုယ်ရှိန်သတ်ကာ ရပ်လိုက်သည်။

လူယုကျင်းက....

'သူငယ် ဘာကိစ္စကြောင့် ကျုပ်ကိုတွေ့ချင်တာလဲ ပြောပါ'

ဟု မေးလိုက်၏။

ထိုအခါမှ လူထင်း သတိဝင်လာ၏။

ချက်ချင်း မြေပေါ်ဒူးထောက်ချလိုက်သည်။



ထိုစဉ် အတွားအိုနှင့် မိန်းကလေးထံမှ မကျေမနပ် ရေရွတ်သံတိုး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဘာလုပ်တာလဲမသိဘူး'

'သူများတကာ မင်္ဂလာယူနေတဲ့အချိန်မှာ လာရှုပ်တာမှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်ဖို့ကောင်းတယ်'

လူယုကျင်းကော လူထင်းပါ ထိုစကားများကြားလိုက်ရလေသည်။

သို့သော် နှစ်ယောက်စလုံး အရေးမထားကြပါချေ။

လူယုကျင်းက....

'သူငယ် မင်းဘာဖြစ်လို့ ဒူးထောက်ရတာလဲ၊ ဘာကိစ္စကျုပ်ကို တွေ့ချင်တယ်ဆိုတာ ပြောစမ်းပါဦး'

ဟု မေးလိုက်ပြန်လေသည်။

လူထင်းက ဖခင်ဖြစ်သူကို မော့ကြည့်ရင်း....

'ဖေဖေ....'

ဟု ဆို့နင့်စွာ ခေါ်လိုက်သည်။

သူ၏စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။

လုယုကျင်းက....

'သူငယ် မင်းဘယ်လိုခေါ်တာလဲ'

ပြောရင်း လုထင်း၏ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လိုက်၏။

လုထင်းက....

'ဖေဖေ ကျွန်တော် လုထင်းပါ၊မေမေက ဖေဖေ့ဆီကိုသွားဖို့ ပြောလို့ လာခဲ့တာပါ'

'မင်း....မင်း လုထင်းဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

လုယုကျင်း ခေါင်းယမ်းလိုက်သည်။

လုထင်းကို စိုက်ကြည့်ရင်း....

'မင်းအမေ ဘယ်သူဘယ်ဝါဆိုတာ ပြောစမ်းပါဦး'

ဟု မေးလေသည်။

လုထင်းက....

'မေမေ့နာမည် ဝမ်းလျန်ပါ၊ သံမဏိယပ်တောင် ဝမ်းလျန်ပါ ဖေဖေ'

'ဟင်....'

လုယုကျင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

နားထောင်နေကြသည့် မင်းသားလေး ကျင်းစိန်၊ အမျိုးသမီးကြီးနှင့် မိန်းကလေးတို့လည်း ဟင်ခနဲ ဖြစ်သွားကြလေသည်။



သံမဏိယပ်တောင် ဝမ်းလျန်မှာ အနက်ရောင် သိုင်းသမား တစ်ယောက်အဖြစ် သိုင်းလောက၌ ထင်ရှားနေသည် မဟုတ်ပါလား။

* * *

လုယုကျင်းအား၌ ရပ်နေသည့် အမျိုးသမီးကြီးကား မာကူးဖြစ်ပြီး၊ မိန်းကလေးမှာ လုဝမ်းဝမ်းဖြစ်လေသည်။

မာကူး မျက်နှာပျက်သွားသည်။

လုယုကျင်းက သူမနှင့် လက်မထပ်မီ အိမ်ထောင်ကျဖူးကြောင်း....

ပထမဇနီးသည်မှာ သံမဏိယပ်တောင် ဝမ်းလျန်ဖြစ်ပြီး သားငါး ယောက်ရှိကြောင်း....

ဖွင့်လင်းရှိုးသားစွာ ပြောပြခဲ့ဖူးသည် မဟုတ်ပါလား။

မာကူး မကျေမနပ် ဖြစ်လာလေတော့သည်။

လုယုကျင်းက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး....

'မင်းအမေက လွှတ်လိုက်တယ်မဟုတ်လား၊ ဘာကိစ္စရှိလို့လဲ'

လုထင်း မျက်ရည်ကျမလာအောင်ထိန်းရင်း....

'ဖေဖေ....မေမေ သေသွားပါပြီ ခင်ဗျာ'

'ဘာ....'

လုယုကျင်း အထိတ်တလန့်ဖြစ်သွား၏။ လုထင်းကို မယုံကြည်နိုင်စွာကြည့်ကာ....

'မင်း....မင်းအမေသေသွားပြီ ဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'မင်း မင်းအစ်ကိုတွေကော'

'သူတို့အားလုံး သေဆုံးကုန်ကြပါပြီ၊ ဦးလေး ဝမ်းတုလဲ သေသွားပါပြီ၊ အခုဆိုရင် ကျွန်တော်တစ်ယောက်တည်းပဲ ကျန်ပါတော့တယ်'

သူ ရှေ့ဆက်ပြောစရာမလိုတော့ပါချေ။

* * *

ဝမ်းလျန်က အဘယ်ကြောင့်လွှတ်လိုက်သည်ကို လုယုကျင်း နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

တစ်ယောက်တည်းကျန်ရစ်ခဲ့သော သားဖြစ်သူ ဓားဒဏ်ရာရောက်မည်ကိုစိုးရိမ်းကာ ဖခင်ထံ စေလွှတ်လိုက်ခြင်း မဟုတ်ပါလား။



လုယုကျင်း၏မျက်နှာ အိုမင်းရင့်ရော်သွားသည် ထင်မှတ်ရလေသည်။

အတန်ကြာ တွေဝေနေပြီးမှ သက်ပြင်းချကာ....

'မကောင်းတဲ့လမ်းလျှောက်ရင် တစ်နေ့ဓားဒဏ်တွေ့မယ်လို့ ကျုပ်မကြာခဏပြောခဲ့တာ သူက နားမထောင်ခဲ့ဖူးလေ'

ဟု ညည်းညူလိုက်၏။

တဖန် လုထင်း၏ပခုံးကို သိုင်းဖက်ကာ မာကျူးအကယ်လှည့်ရင်း....

'ညီမ သူဟာ အစ်ကိုရဲ့သားထွေး လုထင်းပဲ'

ဟု ပြောလိုက်လေသည်။

မာကျူးမျက်နှာ ပျက်နေသည်။

သို့သော် ဟန်ဆောင်ပြုံးရင်း....

'ကြော်....အစ်ကိုရဲ့သားကိုး၊ ဒီလိုမင်္ဂလာရှိတဲ့နေ့ရက်မျိုးမှာ တွေ့ရတာ ဝမ်းသာစရာကောင်းလိုက်တာ၊ အထဲကိုခေါ်ပါဦး'

လုဝမ်းဝမ်းက မျက်နှာလွှဲထားလိုက်သည်။

မင်းသားလေး ကျင်းစိန်မှာ မည်သို့လုပ်ရမှန်းမသိ ဖြစ်နေ၏။

မြေပေါ်၌ လဲကျနေသည့် သူ၏တပည့်များကို ငေးကြည့်နေမိလေသည်။

လုဝမ်းဝမ်းက....

'အစ်ကို....သွားစို့'

လက်ကိုဆွဲကာခေါ်လိုက်မှ သတိဝင်လာပြီး လုဝမ်းဝမ်းနှင့်အတူ လိုက်သွားလေသည်။

သမီးဖြစ်သူ၏ အပြုအမူကြောင့် လုထင်းအားမနှစ်မြို့မှုန်း လုယုကျင်း ရိပ်မိလိုက်လေသည်။

သို့သော် မည်သို့မျှ မတတ်နိုင်ပါတော့ချေ။

'သား လာ....အိမ်ထဲဝင်ကြရအောင်'

ပြောပြီး လုထင်းအား အတွင်းဘက်သို့ ခေါ်ဆောင်သွားလေသည်။

လုထင်းလည်း ဖခင်၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း လိုက်ပါသွားလေသည်။

●

အဖြူး

---

တစ်လ....

တစ်လဟူသော အချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ထင်မှတ်ရပေ၏။

စာပေပညာရှင် လုံယုကျင်း၏အိမ်ဂေဟာသို့ လုထင်းရောက်လာခဲ့သည်မှာ တစ်လတင်းတင်း ပြည့်ပြီဖြစ်လေသည်။

တစ်လအတွင်း ခြံဝင်းအတွင်း၌ပင် အိပ်လိုက်စားလိုက်ဖြင့် အချိန်ကုန်ခဲ့လေသည်။

ဖခင်ဖြစ်သူ လုယုကျင်းက သူ့အား နေ့စဉ်လာရောက်တွေ့ဆုံပြီး အားပေးစကားပြောသည်။ ဆုံးမသည်။

လူတော်လူကောင်းတစ်ယောက် ဖြစ်လာအောင် ဆုံးမသွန်သင်လေသည်။

ဖခင်ဖြစ်သူနှင့်အတူနေရချိန်မှာ လုထင်းအတွက် ပျော်စရာအကောင်းဆုံးအချိန်များ ဖြစ်ခဲ့လေသည်။

သူမသိသေးသောကိစ္စများ သိလာရသည်။

မကြားဖူးသော ဗဟုသုတများ ကြားသိရသည်။

အသိဉာဏ် အလိမ္မာဉာဏ်ပညာ တိုးတက်လာလေသည်။

လုယုကျင်းသည် လူကောင်းတစ်ယောက် ဖြစ်လာစေရန် အထူးအလေးပေးကာ ဆိုဆုံးမခဲ့လေသည်။

လုထင်းကား....

ရက်စက်ကြမ်းကြုတ်လေသူများကြား၌ နေထိုင် ကြီးပြင်းခဲ့ရကား ရက်စက်ကြမ်းကြုတ်မှုများသည် အထူးအဆန်း ဖြစ် ဖြစ်မနေတော့ချေ။

လိမ္မာယဉ်ကျေးမှုနှင့် လူလူချင်း ညှာတာထောက်ထားမှုများသာလျှင် အထူးအဆန်းသဖွယ် ဖြစ်ခဲ့ရ၏။

မည်သို့ဆိုစေ....

လုထင်း စိတ်ပျော်ရွှင်ချမ်းမြေ့ခဲ့သည်က အမှန်ပင်။

သို့သော်....

ကြာကြာပျော်ရွှင်လို့လေရသည်ကား မဟုတ်ပါချေ။

တစ်လဟူသော အချိန်အတွင်းဝယ် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများကြောင့် လုထင်း စိတ်ဓာတ်ကျဆင်းလာရ တော့၏။



ထိုသို့ စိတ်ဓာတ်ကျဆင်းလာသည်အထိ ပြောင်းလဲမှုကြုံရသည်ကား မာကူးနှင့် လုဝမ်းဝမ်းတို့နှင့် ဆက်နွယ်နေသည်ဆိုလျှင် မှားမည် မဟုတ်ချေ။

* * *

တစ်နေ့....

ထိုတစ်နေ့က လုထင်းသည် တစ်ယောက်တည်း ပျင်းမျင်းရှိသဖြင့် ပန်းဥယျာဉ်ဘက်သို့ ထွက်လာခဲ့လေသည်။

လုယုကျင်းသည် အားလပ်ချိန်များတွင် ပန်းဥယျာဉ်အတွင်းဝယ် ထိုင်ကာ ကဗျာလင်္ကာများ ရေးဖွဲ့သီကုံးလေ့ ရှိသည် မဟုတ်ပါလား။

ဖခင်ဖြစ်သူနှင့် တွေ့ကောင်းတွေ့နိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် ထွက်လာခဲ့ခြင်းလည်း ဖြစ်ပေသည်။

ပန်းဥယျာဉ်အတွင်းသို့ ရောက်သောအခါ သူမျှော်လင့်ထားသလို ဖခင်ဖြစ်သူအား မတွေ့ရပါချေ။

သို့သော်....

လှပသော ပန်းပွင့်များ၊ အေးမြသော အရိပ်အာဝါသများက ဆွဲဆောင်နေသဖြင့် ရုတ်တရက် ပြန်ထွက်မသွားနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပန်းဥယျာဉ်အတွင်း မည်မျှကြာအောင် ငေးမောကြည့်ရှုနေမိမှန်း မသိ။

ရုတ်တရက် လူရိပ်တစ်ခု လှစ်ခနဲလှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရမှ သတိဝင်လာ၏။

လုထင်း မျက်မှောင်ကုတ်သွား၏။

'ဘယ်သူပါလိမ့်'

တွေးတောစဉ်းစားရင်း သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ လူရိပ်မှာ မလှမ်းမကမ်းရှိ သစ်ပင်များနောက်ကွယ်သို့ ပြေးဝင်သွားသည်ကို တွေ့မြင်လိုက်ရသည်။

* * *

လုထင်း စိတ်ဝင်စားသွား၏။

ဖခင်အား ရန်ပြုရန် တိတ်တဆိတ် ကျူးကျော်ဝင်လာသည့် ရန်သူ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု တွေးမိလျှင် လူရိပ် ကွယ်ပျောက်သွားသည့် နေရာဆီသို့ ခပ်သွက်သွက် ပြေးသွားမိတော့သည်။



သို့သော်....

သစ်ပင်များကြားသို့ ရောက်သွားသောအခါ ပြေးဝင်သွားသည့် လူရိပ်ကို မတွေ့ရတော့ချေ။

လုထင်း အံ့သြသွားပြီး ပတ်ဝန်းကျင်တွင် လှည့်လည်ရှာဖွေကြည့်လိုက်သည်။

ထိုအခါ....

မလှမ်းမကမ်း၌ သစ်သားအိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရ၏။

ဤနေရာသို့ လုထင်း တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဖူးပါချေ။

'အိမ်ကလေးတစ်လုံးပါလား၊ ဘယ်သူနေတာပါလိမ့်'

တွေးပြီး အိမ်ကလေးဆီ လှမ်းသွားမိသည်။

အတန်ကြာ လှမ်းသွားမိသောအခါ အိမ်ကလေးအနီးသို့ ရောက်ရှိသွား၏။

အနီးသို့ရောက်လျှင် အိမ်ထဲမှ စကားသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

လုထင်း စိတ်ဝင်စားသွားသည်။

သစ်ပင်တစ်ပင် နောက်ကွယ်မှ အကဲခတ်ကြည့်လိုက်သောအခါ အိမ်ထဲ၌ လူသုံးယောက်ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသုံးယောက်မှာ....

မာကူး၊ လုဝမ်းဝမ်းနှင့် မင်းသားလေး ကျင်းစိန်တို့ ဖြစ်
ကြလေသည်။

* * *

လူသုံးယောက်ကိုမြင်လျှင် လုထင်းလည်း ချက်ချင်း ပြန်
လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်မိ၏။

ထိုစဉ်....

'လုထင်းကို ရှင်းပစ်လိုက်တာပဲ ကောင်းမယ်'

ထွက်ပေါ်လာသည့် မာကူး၏ စကားသံကြောင့် ခြေလှမ်း
တို့ ခနဲရပ်သွားသည်။

မာကူးတို့သည် သူ့အကြောင်းကို တိုင်ပင်ပြောဆိုနေကြ
သည် မဟုတ်ပါလား။

လုထင်း ထွက်မသွားဖြစ်တော့ချေ။

သစ်ပင်နောက်ကွယ်မှနေပြီး နားစွင့်နေလိုက်သည်။

ထိုအခါ....

မာကူးက....

'ဒီကောင်လေးဟာ တကယ့်မိစ္ဆာကောင်ပဲ၊ ဒုစရိုက်နယ်ထဲ
က လာခဲ့တယ်ဆိုတာ မင်းတို့သိတဲ့အတိုင်းပဲ၊ သူ့အဖေဟာ



နာမည်ကျော် ဓားပြတစ်ယောက်ပေါ့၊ သူ့ကြောင့် ငါတို့ နှစ်
ပြား မတာန့်အောင် အပြောခံရတော့မှာပဲ'

လုထင်းရင်ထဲ နင့်သွားသည်။

သူသည် တစ်ကြိမ်တစ်ခါမျှ လုယက်တိုက်ခိုက်ခဲ့ဖူးခြင်း မရှိ
ပါ။

သို့သော်....

အားလုံးက သူ့အား လူဆိုးဓားပြဟု သတ်မှတ်ထားသည်
မဟုတ်ပါလား။

ရှမ်းရှမ်း၊ စုအိမ်းတို့၏ မျက်နှာများကိုလည်း ပြန်လည် မြင်
ယောင်လာမိသည်။

လုထင်းတွေးတောကာ စိတ်မကောင်းဖြစ်နေစဉ် လုဝမ်းဝမ်း
၏ အသံစာစာကလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
သည်။

* * *

'ဖေဖေကလဲ သူ့ကို ဘာကြောင့် လက်ခံထားတာလဲ မသိ
ဘူး၊ လူဆိုးဓားပြတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားတယ်
ဆိုပြီး အပြောခံရတော့မှာပဲ'

'သမီး ဖေဖေ့ကို ကြည့်ပြောဦးပေါ့'

'မရပါဘူးမေမေရယ်၊ သမီး ပြောပြီးပြီးပါပြီ၊ ဖေဖေက လုံးဝလက်မခံဘူး၊ ကြည့်ရှုစောင့်ရှောက်ဖို့ သူ့မှာ တာဝန်ရှိတယ့်တဲ့၊ လူတော်လူကောင်းတစ်ယောက် ဖြစ်လာအောင် ဆုံးမပဲ့ပြင်ရဦးမယ်လို့ပဲ ပြောနေတယ်'

လုဝမ်းဝမ်းသည် သူ့အား မတူသလို မတန်သလို သဘောထားခဲ့ကြောင်း လုထင်း နားလည်သိရှိထားပြီး ဖြစ်သည်။

မိမိနှင့် သွေးသားတော်စပ်သည်ဟု ယူဆကာ ရင်းရင်းနှီးနှီး ဆက်ဆံလိုသော်လည်း သူမက သူ့အား လုံးဝအရေးမဝင်ပါချေ။

မျက်နှာချင်း မဆိုင်သလို စကားလည်း မပြောပါ။

သူ့အား တွေ့မြင်လိုက်သည်နှင့် ရှောင်ထွက်သွားသည်ချည်းပင်။

မင်းသားလေး ကျင်းစိန်၏ စကားသံ ထွက်ပေါ်လာလေသည်။

'ဟုတ်သားပဲ၊ ဦးက ဘာကြောင့် လက်ခံထားသလဲ မသိဘူးနော်၊ သူ့အကြောင်း လူတွေသိသွားရင် ဒေါ်ဒေါ်တို့တော့ ကျိန်းသေ ကဲ့ရဲ့ခံရတော့မှာပဲ'

'ဒါပေါ့ကွယ်၊ ဒေါ်ဒေါ် ဘယ်လောက် စိတ်ဆင်းရဲတယ်ဆိုတာ မင်းမှမသိသေးတာကိုး'

'အို...ဒေါ်ဒေါ်ရယ်၊ သူ့ကိုခေါ်ပြီး မောင်းထုတ်လိုက်ရင်ပြီးတာပဲ မဟုတ်လား'

'အမလေး...ဒီလိုလုပ်လို့ မဖြစ်လို့ပေါ့'



'ဘာဖြစ်လို့လဲ'

'တော်ကြာ သူ့အဖေသိသွားရင် ဒေါ်ဒေါ့်ကို အပြစ်တင်နေလိမ့်မယ်လေ'

'ဒါဆိုရင်လဲ ဦးကို အကျိုးအကြောင်း ပြောပြလိုက်ပေါ့'

မာကူးက....

'ဒေါ်ဒေါ် ပြောပြီးပါပြီကွယ်၊ သူက လက်မခံဘူး- ဘယ်သူဘာပြောပြော ကိုယ်ကောင်းရင် ခေါင်းမရှော့ဘူးတဲ့၊ ကဲ... ဘယ်လိုလုပ်မလဲ'

မင်းသားလေးကျင်းစိန် အနည်းငယ် စဉ်းစားလိုက်ပြီး ....

'ဒါဖြင့် ဒေါ်ဒေါ် ဘယ်လိုလုပ်ချင်သလဲ ပြောပါ'

'ဒေါ်ဒေါ်လဲ မင်းကို အားကိုးနေရတာ၊ မင်းညီမကလဲ မင်းပဲ ကူညီမယ်လို့ တဖွဖွ ပြောနေတာပဲ'

မင်းသားလေး ကျင်းစိန် တဟဲဟဲ ရယ်မောလိုက်လေသည်။

တမင်ရင်ကော့ပြီး....

'ပြောပါဒေါ်ဒေါ် ညီမလေးနဲ့ ဒေါ်ဒေါ့်အတွက်ဆိုရင် ကျွန်တော် ဘာမဆိုလုပ်ပေးပါ့မယ်။ မဖြစ်ဘူးဆိုတဲ့ကိစ္စ မရှိစေရပါဘူး'

'ဝမ်းသာလိုက်တာကွယ်၊ ဒေါ်ဒေါ်ကတော့ သူ့ကို ဒီမှာ မထားချင်တော့ဘူးကွဲ့'

'ဒါဖြင့် ကျွန်တော် ဘာလုပ်ပေးရမလဲ'

လုဝမ်းဝမ်းက....

'ကျွန်မ သူ့ကိုအပြစ်ရှာပြီး ရန်တွေ့မယ်လေ၊ သူက ကျွန်မကို ရန်မူလာရင် အစ်ကိုဝင်ပြီး ဆုံးမပြီး မောင်းထုတ်လိုက်ကြတာပေါ့၊ ကျွန်မကို ရန်မူလာလို့ကတော့ ဖေဖေကလဲ လက်ခံမှာမဟုတ်ပါဘူး'

မင်းသားလေးကျောင်းစိန် သက်ပြင်းချကာ...

'သတ္တိရှိရင် ညီမကို ရန်မူကြည့်ပါလား၊ ကျုပ် သူ့ကို ရှင်းပစ်လိုက်မှာပေါ့'

လုထင်း ပြုံးလိုက်သည်။

မင်းသားလေးကျောင်းစိန်သည် လုဝမ်းဝမ်းအလိုကျ တသေမတိမ်း ပြုလုပ်မည့်သူဖြစ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလော။

* * *

မိန်းကလေးတစ်ယောက်အတွက် မှားသည်မှန်သည် ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်သူအား၊ သူလုံးဝ အထင်မကြီးပါချေ။

လုထင်း သက်ပြင်းချကာ ထွက်လာခဲ့သည်။



ရှေ့ဆက် နားထောင်လိုစိတ်မရှိတော့ပါ။

လုဝမ်းဝမ်းနှင့် မာကူးက သူ့အားမကြည်ဖြူဘဲ မောင်းထုတ်ရန် ကြိုးစားနေကြပြီဟူသော အဓိက အကြောင်းရင်းကို သိရပြီးနောက်၊ တွေ့တွေ့ထူးထူး ကြားသိဖို့ မလိုတော့ဟု ယူဆမိလေသည်။

လုထင်းက လေးလံသော ခြေလှမ်းများဖြင့် ပန်းဥယျာဉ်ဘက်သို့ ပြန်ထွက်ခဲ့၏။

မာကူးတို့ တိုင်ပင် ပြောဆိုနေကြသည့် စကားများကို ဆက်ပြီး နားထောင်နေခဲ့မည်ဆိုလျှင်....

လုယူကျင်း ခေါင်းကုတ်လိုက်သည်။

လက်ထဲ၌ကိုင်ထားသည့် ပေရွက်ကို မျက်မှောင်ကုတ်ကာ ကြည့်နေ၏။

သူရေးစပ်ထားသော ကဗျာမှာ ကာရန်မကျဟု ထင်နေမိသည်။

ထို့ကြောင့် အဆင်ပြေဆုံး အချောမွေ့ဆုံး ဖြစ်အောင် ကာရန် ပြန်စီရမည်ဟု တွေးနေမိ၏။

ကာရန်ရှာဖွေခြင်းကား ခက်ခဲလှပေသည်တကား။

လုယူကျင်းသည် ကညစ်တံတစ်ချောင်း၊ ပေတစ်ရွက်ဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်နေပေ၏။

အလုပ်ထဲအာရုံနှစ်မြှုပ်နေသည့်အခါ ပတ်ဝန်းကျင်ကို မေ့လျော့သွားလေတော့၏။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

‘ဒေါက်’

ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်ခုကြောင့် သတိဝင်လာသည်။

ခေါင်းထောင်ကြည့်မိသည်။

‘ဟင်’

အသံထွက်ပေါ်လာသည့်အကြောင်းရင်းကို ဆန်းစစ်မိလျှင် လွှတ်ခနဲ အသံထွက်သွားလေသည်။

အကြောင်းကား သူတိုင်နေသည့်ထိုင်ခုံဘေး တိုင်တစ်လုံးတွင် ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

• • •

လုယုကျင်း မျက်နှာပျက်သွားသည်။

တစ်စုံတစ်ယောက်သည် သူအာရုံနစ်မြုပ်နေချိန်ဝယ် ဓားမြှောင်ဖြင့် တိတ်တဆိတ် ချောင်းမြောင်းပစ်ခတ်ခဲ့လေပြီ။

မည်သူက သူ့အား လုပ်ကြံရန် ကြိုးစားရပါသနည်း။

လုယုကျင်း ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။



ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ တိတ်တဆိတ် ချောင်းမြောင်း လုပ်ကြံလာသူအား ရှာဖွေကြည့်လိုက်သည်။

ထိုအခိုက်တွင် ဖွင့်ထားသော ပြတင်းပေါက်ဘက်မှ လူရိပ်တစ်ခု လှစ်ခနဲ လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရ၏။

‘ဘယ်သူလဲ’

လုယုကျင်း၏အသံ ဟိန်းထွက်လာသည်။

ချက်ချင်း ပြတင်းပေါက်ဝသို့ ပြေးလွှားသွား၏။

ထိုအခါ လရောင်အောက်တွင် လူရိပ်တစ်ခု ပန်းဥယျာဉ်ဆီသို့ လှစ်ခနဲ ပြေးလွှားသွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

‘တောက်....’

လုယုကျင်း တက်ခေါက်လိုက်၏။

ထိုစဉ်....

‘ဖေဖေ....ဘာဖြစ်လို့လဲဟင်’

စကားသံနှင့်အတူ အခန်းတွင်းသို့ ပြေးဝင်လာသည့် လုဝမ်းဝမ်းအား တွေ့မြင်လိုက်ရလေသည်။

လုဝမ်းဝမ်းကိုမြင်လျှင်၊ လုယုကျင်း အားတက်သွား၏။

‘ဖေဖေ့ကို ဘယ်ယောက်ျားတစ်ယောက်က လုပ်ကြံဖို့ ကြိုးစားတယ် သမီး။ ဓားမြှောင်နဲ့ချောင်းပြီး ပစ်ပေါက်သွားတယ်’

‘ဟင်....ဟုတ်လား၊ ဘယ်သူလဲ’

လုဝမ်းဝမ်း ခါးမှဓားကို ဆွဲထုတ်ကာ မေးလေသည်။

လုယုကျင်းက ပန်းဥယျာဉ်ဆီသို့ ညွှန်ပြရင်း....

'အခုပဲ ပန်းဥယျာဉ်ဘက်ကို ပြေးသွားတယ်။ ဘယ်သူ ဘယ်ဝါဆိုတာတော့ ဖေဖေလဲ မတွေ့လိုက်ရပါဘူး'

'ဒါဆို သမီးလိုက်သွားမယ် ဖေဖေ'

စကားဆုံးလျှင် လုဝမ်းဝမ်းက အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

'သမီးနေဦး၊ ဖေဖေလဲလိုက်မယ်'

လုယုကျင်းလည်း မနေနိုင်တော့ဘဲ နောက်မှ ပြေးလိုက်သွားလေသည်။

မကြာပါချေ၊ သူတို့နှစ်ယောက် ပန်းဥယျာဉ် အတွင်းသို့ ရောက်ရှိသွားကြ၏။

ပန်းဥယျာဉ်အတွင်းဝယ် ရှာဖွေကြည့်လိုက်စဉ် ခပ်လှမ်းလှမ်း၌ လူရိပ်တစ်ခု ပြေးလွှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟော....ဟိုမှာ....ဟိုမှာ....'

လုယုကျင်းက ညွှန်ပြလိုက်၏။

လုဝမ်းဝမ်း အံ့ကြိတ်ကာ....

'မပြေးနဲ့'

အော်ငေါက်ရင်း ခါးကိုဝင့်ကာ ပြေးလိုက်သွားသည်။

လုယုကျင်းလည်း ထက်ကြပ်မကွာ ပြေးလိုက်သွား၏။

လူရိပ်ကား အမှောင်ရိပ်အတွင်းသို့ လှစ်ခနဲ တိုးဝင် ကွယ်ပျောက်သွား၏။

သူတို့နှစ်ယောက် ပြေးလိုက်သွားရင်း မျက်ခြည်ပြတ်သွားပြန်သည်။



လုဝမ်းဝမ်း မကျေမနပ် ဖြစ်သွားပြီး....

'တောက်....တွေ့ရင်တော့လား၊ သေဖို့သာပြင်ထား'

ဟုကြုံးဝါးလိုက်လေသည်။

ထိုစဉ် စဲဘက်တစ်နေရာမှ လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရပြန်သည်။

'မပြေးနဲ့'

ယခုတစ်ကြိမ် လုဝမ်းဝမ်းက အလွတ်မပေးတော့ချေ။ လှစ်ခနဲ ပြေးသွားပြီး တရကြမ်း တိုက်ခိုက်လိုက်လေသည်။

လူရိပ်မှာလည်း ပြေးမလွတ်တော့ပါချေ။

'ဟေ....ဘယ်လိုလုပ်လိုက်တာလဲ'

လူရိပ်ထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

နောက်မှ ပြေးလိုက်သွားသော လုယုကျင်း အံ့သြသွားသည်။

ထွက်ပေါ်လာသော အသံရှင်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည် မဟုတ်ပါလား။

• • •

ထို့ကြောင့်....

ကပျာကယာပြေးလွှားသွားပြီး....

'သမီး မလုပ်နဲ့'

အော်ဟစ်တားဆီးလိုက်သည်။

လရောင်အောက်တွင် လူနှစ်ယောက် တိုက်ခိုက်နေကြပါ၏။

လုဝမ်းဝမ်းက ဓားရှည်ဖြင့် အခြားလူတစ်ယောက်အား ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ထိုလူက ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေ၏။

ထိုလူသည်ကား....

လုထင်း ဖြစ်ပေတော့သည်။

လုထင်းမှာ အိပ်မပျော်သည့်ညများတွင် ပန်းဥယျာဉ်ဘက်သို့ လမ်းလျှောက်ထွက်လေ့ ရှိလေသည်။

ယနေ့ညတွင်လည်း မာကူးနှင့် လုဝမ်းဝမ်းတို့အကြောင်း တွေးတောကာ အိပ်မပျော်သဖြင့် ပန်းဥယျာဉ်ဘက်သို့ စိတ်ပြေ လက်ပျောက် လမ်းလျှောက်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ပန်းဥယျာဉ်အတွင်း လှည့်ပတ်ကြည့်ရှုနေစဉ် လူရိပ်တစ်ခု ပြေးဝင်လာပြီး တိုက်ခိုက်လာသောကြောင့် ထိတ်လန့်သွား၏။

လရောင်ဖြင့် တိုက်ခိုက်လာသူမှာ လုဝမ်းဝမ်း ဖြစ်နေသည်ကို မြင်ရလျှင် လွန်စွာအံ့သြသွားတော့သည်။

လုထင်းက....

ပြန်လည် တိုက် ခိုက် ခြင်း မ ပြုဘဲ ရှောင်တိမ်းရင်း အဘယ်ကြောင့် တိုက်ခိုက်လာရသည်ကို အော်မေးနေခြင်း ဖြစ်၏။



လုဝမ်းဝမ်းက တိုက်ခိုက်မှုကို ရပ်တန့်ခြင်း မရှိပါချေ။

လုထင်းဖြစ်ကြောင်း သိသော်လည်း ပို၍ပြင်းထန်စွာ တိုက်ခိုက်ရင်း....

'လူယုတ်မာ၊ ရှင်က ကျွန်မအဖေကို သတ်မယ့်အကြံနဲ့ ဒီမှာလာနေတာပေါ့၊ ဟုတ်လား'

ဟုလည်း အော်ဟစ်စွပ်စွဲနေလေသည်။

လုထင်း ခံပြင်းသွား၏။

'လုဝမ်းဝမ်း၊ မင်း စကားကြည့်ပြောပါ။ ဘာကြောင့် ကျုပ်က ဖေဖေ့ကို လုပ်ကြံရမှာလဲ'

'လူယုတ်မာ၊ ရှင့်ကိုရှင်တော့ သိမှာပေါ့၊ ရှင်တို့ လူဆိုးဓားပြတွေဟာ လုယက်ဖို့ပဲ စိတ်ကူးနေကြတယ် မဟုတ်လား'

'ဘာ'

လုထင်း ဒေါပွသွားသည်။

ရှောင်တိမ်းနေသည့်ကြားမှ အနည်းငယ် အရှိန်နှေးသွားသောကြောင့် လုဝမ်းဝမ်း၏ ဓားချက်မှာ သူ၏ပခုံးပေါ် ကျရောက်သွားသည်။

'အုတ်'

'အား....'

လုထင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

လုဝမ်းဝမ်းက ရှေ့တိုးတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'သမီး ရပ်လိုက်စမ်း'

လုယုကျင်း၏ ဟန့်တားသံ ထွက်ပေါ်လာသည်။

လုဝမ်းဝမ်း ဆက်၍တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ဆုတ်လိုက်၏။

လုထင်းမှာ ဖခင်ဖြစ်သူအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

'ဖေဖေ'

လုယုကျင်း၏မျက်နှာ ခက်ထန်နေသည်။

လုထင်းကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်လေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဖေဖေ၊ သူက ကျွန်တော့်ကို....'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

လုယုကျင်းက ခက်ထန်သောလေသံဖြင့်....

'မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ကြားဖြတ်မေးလိုက်သည်။

လုထင်း အံ့သြသွားပြီး....

'ဖေဖေ ကျွန်တော်ဘာလုပ်လို့လဲဟင်'

'ဩော်....ရှင်က အခုမှ မသိချင်ဟန် ဆောင်နေတယ်ပေါ့လေ၊ လုယုတ်မာ၊ ကိုယ့်အဖေကိုတောင် လုပ်ကြံဖို့ ကြံစားတယ်'

'ဘာ'

လုထင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လုဝမ်းဝမ်းက....

'ရှင် ဘာကြောင့် ဖေဖေ့ကို တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံရတာလဲ'



'မင်း....မင်းမတရားမပြောနဲ့'

လုထင်း အကြီးအကျယ် ဒေါပွသွားသည်။

သူ့အား မတရား စွပ်စွဲလာသည်ကို လက်မခံနိုင်ပါချေ။

လုဝမ်းဝမ်းအနီးသို့ လျပ်တပြက် ချဉ်းကပ်သွားပြီး၊ လက်ဖြန့်ရိုက်ချလိုက်လေသည်။

'ဖြန်း'

'အမလေး'

အမှတ်တမဲ့မို့ လုဝမ်းဝမ်းလည်း မရှောင်နိုင်ဘဲ ခံလိုက်ရလေသည်။

လုထင်းရိုက်ချက်ကြောင့် သူမ၏ခန္ဓာကိုယ် တစ်ပတ်လည်ထွက်သွား၏။

လုယုကျင်း ဒေါပွသွားသည်။

'တိရစ္ဆာနကောင် မင်း ဘယ်လိုလုပ်လိုက်တာလဲ'

အော်ဟစ်ရင်း လုထင်းထံသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

'ဖုန်း'

လုထင်းလည်း မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် အနောက်ဘက် လွင့်စဉ်သွားလေတော့သည်။

လုယုကျင်းက....

'သမီး....သမီးဘာဖြစ်သွားသေးလဲ'

လုဝမ်ဝမ်းထံ ပြေးသွားပြီး ဖေးမလိုက်လေသည်။

လုဝမ်းဝမ်း ခေါင်းခါလိုက်သည်။

'သမီး ဘာမှမဖြစ်ပါဘူးဖေဖေ၊ ဒီလူယုတ်မာ ဘာကြောင့် ဖေဖေ့ကို လုပ်ကြံချင်ရတယ်ဆိုတာ သိရအောင် မေးစမ်းပါ၊ သမီးစိတ်ထင်တော့ သူဟာ ဖေဖေ့သားအရင်း မဟုတ်ဘူး ထင်တယ်'

လုယုကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားလေသည်။

လုထင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

လုဝမ်းဝမ်း ဆက်ပြောလိုက်လေသည်။

'သူဟာ ဖေဖေ့သားအဖြစ် ဟန်ဆောင်ပြီး ဒီမှာလာနေတာပဲ ဖြစ်ရမယ်၊ အခွင့်အရေးရရင် ဖေဖေ့ကိုလုပ်ကြံပြီး ပစ္စည်းတွေ လုယက်ဖို့ ကြံစည်ထားတာပဲ ဖြစ်ရမယ်'

သူမ၏စကားလုံးများအည် အသည်းနှလုံးကို ဓားနှင့်မွှန်းသည့်နှယ် လုထင်း ခံစားနေရလေသည်။

* * *

လုဝမ်းဝမ်းကိုကြည့်ရင်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

'တောက်....မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ဟုလည်း ကျယ်လောင်စွာ အော်ငေါက် မိလိုက်လေသည်။



လုဝမ်းဝမ်းက....

'ဘာ ကျွန်မပါးစပ် ပိတ်ထားရမယ်ဟုတ်လား၊ လူယုတ်မာ ရှင်ဘာကြောင့် ကျွန်အဖေကို လုပ်ကြံချင်ရတာလဲဆိုတာ ပြောစမ်း'

လုထင်း စိတ်မထိန်းနိုင်ပါတော့ချေ။

'သေပေတော့'

သို့သော် လုဝမ်းဝမ်းထံသို့မရောက်ပါချေ။

လုယုကျင်းက ကြားဖြတ်တိုက်ခိုက်လိုက်ရာ....

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ အဝေးသို့ လွင့်စဉ်သွားသွားလေတော့သည်။

လုဝမ်းဝမ်းက....

'ဖေဖေ....သူ့ကို အလွတ်မပေးနဲ့'

အော်ပြောရင်း ဓားဖြင့် ပြေးဝင်တိုက်ခိုက်လေသည်၊

လုယုကျင်းက တိုက်ခိုက်လာမည်ဟု လုထင်း မထင်ခဲ့ပါချေ။

ထို့ကြောင့် လုယုကျင်း၏ ခြေထောက်ကန်ချက်ကို မရှောင်နိုင်သဖြင့် အတော်ကြီး နာကျင်သွားလေသည်။

ထိုစဉ် လုဝမ်းဝမ်းက တိုက်ခိုက်လာပြန်လေရာ လွတ်အောင် မရှောင်နိုင်ပါတော့ချေ။

လုဝမ်းဝမ်း၏ဓားချက်များသည် သူ၏ကိုယ်ခန္ဓာပေါ် ကျရောက်သွားလေသည်။

'အား'

လုထင်း စူးရှစွာ အော်ဟစ်လိုက်သည်။

သူ၏ခန္ဓာကိုယ် မြေပေါ်လိမ့်ကျသွားသည်။

လုဝမ်းဝမ်းကား အညာအတာကင်းမဲ့စွာဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေဆဲ....

လုထင်း၏ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ရရှိကာ တခဏအတွင်း သွေးချင်းချင်း နီရဲသွားလေတော့သည်။

'သမီး ရပ်လိုက်'

လုယုကျင်းက လုထင်းအခြေအနေမဟန်သည်ကို မြင်လျှင် အော်ဟစ် ဟန့်တားလိုက်လေသည်။

သို့သော်....

လုဝမ်းဝမ်းက မကြားချင်ဟန်ဆောင်ကာ ဆက်ပြီး တိုက်ခိုက်နေ၏။

လုထင်း သည်းမခံနိုင်ပါတော့ချေ။

'မင်း ရက်စက်လှချည်လား၊ ငါ့ကို သည်မှာမနေစေချင်လို့ တမင်အကောက်ကြံပြီး အခုလိုလုပ်တာ ငါမသိဘူးများ မှတ်သလား'

အော်ပြောရင်း လက်ဝေ့ယမ်းလိုက်တည်။

ထိုအခါ....

မွှေးကြိုင်သော အနံ့အသက်များ ရုတ်ခြည်း ထွက်ပေါ်လာလေသည်။

လုဝမ်းဝမ်း ရင်ထိတ်သွားသည်။

ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ နောက်ဆုတ် လိုက်ရလေသည်။



သို့တိုင် အမွှေးနံ့ကို အနည်းငယ်ရှူရှိုက်မိခဲ့သဖြင့်ဦးခေါင်း မူးနောက်လာ၏။

သူမ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

လုယုကျင်း ရင်ထိတ်သွား၏။

ဝမ်းလျှန်နှင့်ပေါင်းသင်းနေထိုင်ခဲ့ဖူး ဖြစ်သည့်အားလျော်စွာ ဝမ်းလျှန်၏ အဆိပ်အကြောင်း သိရှိထားပေသည်။

လုထင်းက အဆိပ်အသုံးပြုကာ တိုက်ခိုက်လိုက်သည်ဟုလည်း အထင်မှားသွား၏။

'ခွေးကောင် ရက်စက်လှချည်လား'

လုထင်းအား အော်ငေါက်အပြစ်တင်လိုက်ပြီး လုဝမ်းဝမ်းအား ပွေး၍ ပေးမလိုက်လေသည်။

လုဝမ်းဝမ်း၏ခန္ဓာကိုယ် တုန်တုန်ယင်ယင်ဖြစ်နေ၏။

သူမ၏မျက်လုံးများ ပြာဝေနေ၏။

ဦးခေါင်း မူးနောက်ရီဝေနေခြင်းကြောင့် လဲကျမသွားအောင် မနည်းထိန်းထားလိုက်ရလေသည်။

'သမီး....သမီး၊ ဘာဖြစ်သွားသေးသလဲဟင်'

လုယုကျင်းက စိုးရိမ်ပူပန်စွာ မေးလေသည်။

လုဝမ်းဝမ်း ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်နေ၏။

ထိုစဉ်....

လူရိပ်များ ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရိပ်များမှာ တခဏအတွင်း သူတို့အနီးသို့ ရောက်ရှိလာ၏။

မာကူးနှင့်မင်းသားလေး ကျင်းစိန်တို့ ဖြစ်ကြလေသည်။
မာကူးက ခရီးရောက်မဆိုက်ပင်....
'ဟင်....ဘာတွေဖြစ်နေကြတာလဲ'

• • •

အထိတ်တလန့် အော်ပြောလိုက်လေသည်။
လုဝမ်းဝမ်းမှာ သူမ၏အသံကြားလျှင် ဝမ်းသာသွားပြီး....
'မေမေ....ဟိုလူယုတ်မာကို မလွှတ်ပါစေနဲ့၊ သူကဖေဖေ့ကို လုပ်ကြံဖို့ကြိုးစားခဲ့တယ်'
ဟု ဆီးကြိုတိုင်တန်းလိုက်လေသည်။
ထိုစကားကြားလျှင် မာကူးပါးစပ်အဟောင်းသား ဖြစ်သွားပြီး....
'ဘာ....သူက အစ်ကိုကြီးကိုလုပ်ကြံဖို့ ကြိုးစားတယ် ဟုတ်လား၊ မင်း....မင်း တယ်လဲယုတ်မာပါလား'
ပြောပြောဆိုဆို လုထင်းထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။
လုထင်းမှာ လုဝမ်းဖမ်း၏လက်ချက်ကြောင့် ဒဏ်ရာ ဗရပွ ရရှိထားပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေ၏။



မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေစဉ် မာကူးက လျှပ်တပြက် ပြေးဝင်တိုက်ခိုက်လာရာ မည်သို့မျှ မရှောင်နိုင်ပါတော့ချေ။
'ဝုန်း....'
'အား....'
စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်ပုံလျက်သား လဲကျသွားလေသည်။
မာကူးက ဒေါသတကြီး ဆက်ပြီးတိုက်ခိုက် နေ၏။
လုထင်း မြေပေါ် လိမ့်နေ၏။
မာကူး၏တိုက်ခိုက်မှုများကို ရှောင်ပင်မရှောင်နိုင်ပါတော့ချေ။
သူ၏မျက်နှာတစ်ခုလုံး ချက်ချင်း ညိုမည်းဖူးရောင်သွား၏။ တစ်ကိုယ်လုံး ကြည့်မကောင်းမြင်မကောင်းအောင် ဒဏ်ရာဗရပွ ရရှိသွားလေသည်။
မင်းသားလေးကျင်းစိန်က ဘာမှမပြောဘဲ ရပ်ကြည့်နေ၏။
သူ ကြားဝင်စရာ မလိုတော့ပြီ မဟုတ်လား။

• • •

လုထင်းကသာ တုံ့ပြန်လာပါလျှင် သူက တိုက်ခိုက်သုတ်သင်ပစ်မည် ဖြစ်လေသည်။

ယခုတော့ လုထင်းအား သုတ်သင်ရန် အခွင့်အရေး မရနိုင်ဘဲ ဖြစ်သွား၏။

လုထင်းသည် လုဝမ်းဝမ်းနှင့် မာကူးတို့ တိုက်ခိုက်နှိပ်စက်သမျှ လက်တုံ့မပြန်ဘဲ ငြိမ်ခံနေသည်မဟုတ်ပါလား။

မင်းသားလေးကျင်းစိန့်မှာ ကိုယ်တိုင်ပါဝင် တိုက်ခိုက်ခြင်း မပြုရသဖြင့် စိတ်ပျက်နေမိလေတော့သည်။

မာကူးကစိတ်ရှိလက်ရှိ ကန်ကျောက်လိုက်ပြီးမှနောက်ဆုတ်လိုက်လေသည်။

လုယုကျင်းကလည်းသက်ပြင်းချရင်း....

'တော်ပါတော့ညီမရယ်'

ဟု တားဆီးလိုက်သည်မဟုတ်လား။

လုယုကျင်းမှာ လုထင်းနှင့် ပတ်သက်ပြီး မည်သို့ မည်ပုံ သဘောထားရမှန်းမသိ ဖြစ်နေလေသည်။

လုရှမ်းဝမ်းမှာ မြေပေါ် ထိုင်ချလိုက်ပြီးဖြစ်သည်။

လုယုကျင်းက....

'သမီးသက်သာရဲ့လား'

ဟုလှမ်းမေးလိုက်၏။

လုဝမ်းဝမ်းခေါင်းညိတ်ကာ....

'သက်သာပါတယ် ဖေဖေ....သမီး ကောင်းသွားပါပြီ'

မှန်ပေသည်။



လုထင်း၏ မေ့ဆေးငွေ့ အနည်းငယ်သာ ရှူရှိုက်မိခြင်းကြောင့်အန္တရာယ်မရှိတော့ပါချေ။

လုယုကျင်း စိတ်သက်သာရာ ရရှိသွားလေသည်။

မာကူးက....

'အစ်ကိုကြီး....သူ့ကို ဘယ်လိုလုပ်မလဲ၊ မြို့တော်ဝန် လက်ထဲအပ်လိုက်ရင် ကောင်းမယ်၊ မြို့တော်ဝန်က လူဆိုး ဓားပြတွေဆိုရင် ကျွဲသိပ်မုန်းတာ၊ သူ့ကို ကောင်းကောင်းကြီး ဆုံးမလိုက်မှာပဲ'

ဟု လှမ်းပြောလိုက်လေသည်။

လုယုကျင်း ငိုင်သွားသည်။

လုထင်းနှင့် ပတ်သက်ပြီး မည်သို့ဆုံးဖြတ်ရမှန်း သူစဉ်းစားမရသေးချေ။

* * *

မာကူးက ဆက်ပြောပြန်သည်။

'ဒါမှမဟုတ် ဂိုဏ်းချုပ်ကြီးကျင်းခုံဆီ ပို့လိုက်မလား'

မိုးကြိုးလို့ ဂိုဏ်းချုပ် ကျင်းခုံမှာလည်း မကောင်းမှု ဒုစရိုက်သမားများအား ရက်ရက်စက်စက် တိုက်ခိုက် နှိမ်နင်းတတ်သူဖြစ်သည့်ဟု ကျော်ကြားနေသည် မဟုတ်ပါလား။

လုထင်းကား သူတို့ပြောနေသည့် စကားများကို မကြားတစ်ချက်ကြားတစ်ချက် ဖြစ်နေ၏။

ရရှိထားသည့် ဒဏ်ရာ များကြောင့် မခံမရပ် နိုင်အောင် နာကျင် ကိုက်ခဲနေပြီး သတိလက်လွတ် မသွားရလေအောင် မနည်း အားတင်းထားရလေသည်။

လုဝမ်းဝမ်းက....

'ရှုပ်ပါတယ် မေမေရယ်၊ ဒီလူယုတ်မာကို သတ်ပစ်လိုက်စမ်းပါ'

ဒေါသသံဖြင့် ဝင်ပြောလိုက်လေသည်။

လုယုကျင်း သက်ပြင်းချလိုက်သည်။

လက်ဘစ်တက် ဝေ့ယမ်းပြလိုက်ပြီး....

'ဒီကိစ္စကို ကျုပ်ဆုံးဖြတ်မယ်'

ဟုပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

မာကူးနှင့် လုဝမ်းဝမ်းတို့ ပါးစပ် ပိတ်သွားကြသည်။

လုယုကျင်းကလုထင်းကို လှမ်းကြည့်လိုက်သည်။

လုထင်းက အားတင်းပြီး မြေပေါ်မှ ထလာရန် ကြိုးစားနေ၏။

လုယုကျင်း ခေါင်းယမ်းလိုက်သည်။

လုထင်းအနီးသို့ လှမ်းသွားလေသည်။



သူ့အနီးသို့ ရောက်သွားချိန်ဝယ် လုထင်းမှာ မတ်တတ်ရပ်နိုင်ခဲ့ပြီဖြစ်လေသည်။

လုယုကျင်းက....

'လုထင်း'

ဟုခေါ်လိုက်သည်။

လုထင်း၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာ၏။

မှိုအစ် ရောင်ကိုင်းနေသော မျက်လုံးများကို ကြိုးစားဖွင့်ကြည့်လိုက်၏။

'ဖေဖေ'

သူ၏စကားသံအက်ကွဲနေသည်။

နှုတ်ခမ်းများလည်း ရစရာမရှိအောင် ပေါက်ပြဲ နေသည် မဟုတ်ပါလား။

လုယုကျင်းက....

'မင်းဟာ ဝမ်းလျှံရဲ့သားဆိုတာ တကယ်ပဲနော်'

## အမြင်မှန်

ဖခင်ဖြစ်သူ၏ သွေးဆိုးစကားကို ယုံကာ သံသယဖြင့် မေးလာနေသည်ကို တွေ့ရလျှင် လုထင်းမှာ ဝမ်းနည်း သွားလေသည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ တဖြိုင်ဖြိုင် ကျဆင်းလားတော့သည်။

'ဝမ်းလျှ ဟာ ကျွန်တော့် မေမေပါ၊ လုဖူး၊ လုဟန်၊ လုစန်းနဲ့ လုကျောက်တို့ဟာ ကျွန်တော့် အစ်ကိုတွေပါ၊ ဦးလေးဝမ်းတုက ကျွန်တော့် ဦးလေးပါ'

ဟုနာကြည်းသော လေသံဖြင့် ပြောလိုက်လေသည်။

လုယုကျင်း စိတ်မကောင်း ဖြစ်သွားလေသည်။

'မင်းက လုထင်းအစစ် ဖြစ်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်၊ မင်းအကြောင့် ငါ့ကို လုပ်ကြံချင်ရတာလဲ'

'ဗျာ....ကျွန်တော်ကလုပ်ကြံဖို့ ကြိုးစားတယ်ဟုတ်လား'

'ဟုတ်တယ်လေ၊ မင်းက ဓားမြှောင်နဲ့ တိတ်တဆိတ်ချောင်း ပစ်ခဲ့တယ် မဟုတ်လား'

'မဟုတ်ဘူး.... ကျွန်တော် မဟုတ်ဘူး'

လုထင်းက အားကုန် အော်ဟစ်လိုက်လေသည်။

လုယုကျင်း မျက်မှောင်ကုတ်သွားသည်။

သူ၏ရင်ထဲ အတွေးများစွာ ဝင်ရောက်လာသည်။

လုထင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်မိလေသည်။

လုထင်းက....

'ကျွန်တော် ဒီမှာနေတာကို မကြိုက်ရင် ထွက်သွားပါ့မယ်၊ တစ်ခွန်းတည်း ပြောလိုက်ရုံပါပဲ၊ အခုလို အကောက်ကြံစရာ မလိုပါဘူးဗျာ'

သူ၏ စကားကြားလျှင် မာကူးနှင့် လုဝမ်းဝမ်းတို့ မျက်နှာ ပျက်သွားကြလေသည်။

သို့သော် သူတို့ မသိချင်ဟန် ဆောင်နေလိုက်ကြ၏။

လုထင်းက ဆက်ပြောလိုက်သည်။

'ကျွန်တော်ဟာ လူဆိုးဓားပြ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ဒုက္ခရောက်လို့ ကိုယ့်အဖေဆီကို လာခဲ့တာပါ။ ကျွန်တော်ရောက် လာလို့ ဂုဏ်သိက္ခာ ကျတယ်ထင်ရင် ကျွန်တော် သွားပါတော့ မယ်'



စကားဆုံးလျှင် လုယုကျင်းရှေ့တွင် ဒူးထောက်ချလိုက်လေသည်။

လုယုကျင်းက....

'လုထင်း၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ'

လုထင်း အားယူပြုံးလိုက်သည်။

ဖခင်ကြီးအား မြေပေါ် ဒူးထုပ်ကာ ဦးသုံးကြိမ် ချလိုက်လေသည်။

လုယုကျင်း ကြောင်အမ်းအမ်း ဖြစ်နေ၏။

လုထင်းက....

'ဖေဖေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ပြောပြီး ဒူးထောက်ရာမှ ထလိုက်၏။

ထို့နောက် ခြံဝင်းအပြင်ဘက်သို့ ဦးတည် လှမ်းသွားလေသည်။

• • •

လုယုကျင်း ငိုင်နေ၏။

လုထင်း အတော်ဝေးဝေးသို့ ရောက်သွားမှ သတိဝင်လာပြီး 'လုထင်း၊ မင်းဘယ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်လေသည်။

လုထင်းကား သူ၏စကားကို မကြား၍လော။

သို့မဟုတ် မကြားချင်ဟန် ဆောင်နေသည်လော မသိနိုင်ပါ။

အနောက်ဘက်သို့ လုံးဝ ပြန်လှည့်မကြည့်ချေ။

ရှေ့သို့သာ တစိုက်မတ်မတ် လျှောက်သွားနေလေသည်။

လုယုကျင်းက....

'လုထင်း၊ မင်း ပြန်လာခဲ့'

ဟု လှမ်းခေါ်လိုက်၏။

လုထင်း ထွက်သွားပြီဖြစ်ရာ မာကူး ဝမ်းသာသွားလေသည်။

သို့သော် လုယုကျင်းက ပြန်ခေါ်နေသည်ကို တွေ့ရလျှင် မကျေမနပ် ဖြစ်သွား၏။

မြူးစူသော မျက်နှာထားဖြင့်....

'အစ်ကို၊ သူ့ကို ပြန်ခေါ်ထားမလို့လား'

ဟု မေးလိုက်လေသည်။

လုယုကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူဟာ ငါ့ရဲ့သားပဲ မဟုတ်လား'

'သူက ရှင့်ကို လုပ်ကြံဖို့ ကြိုးစားခဲ့တယ်ဆိုတာ ရှင်မေ့သွားပြီလား'

'သူ မဟုတ်ပါဘူး'

'ဘာရှင့်'



'သူကမလုပ်ဘူးပြောရင် တကယ်မလုပ်လို့ဆိုတာ ငါယုံကြည်တယ်'

မာကူး ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

လုယုကျင်းက ဆက်ပြောလိုက်၏။

'တစ်ယောက်ယောက်က ငါ့ကိုလုပ်ကြံတယ်ဆိုတာ အမှန်ပဲ၊ ဒါပေမယ့် လုထင်းတော့ မဖြစ်နိုင်ဘူး၊ ငါတို့ လူမှားသွားတာပဲ ဖြစ်မယ်။ ဒီတော့ ဘယ်သူဘယ်ဝါဆိုတာ သိရအောင် စုံစမ်းဖော်ထုတ်ရလိမ့်မယ်။ လုထင်းကိုလဲ ပြန်ခေါ်ထားရမယ်'

ထိုစကားကြားလျှင် မာကူးနှင့် လုဝမ်းဝမ်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

မာကူးက မျက်ရိပ်ပြလိုက်၏။

သူမ ဆိုလိုသည့်အဓိပ္ပာယ်ကို လုဝမ်းဝမ်းကောင်းစွာနားလည်လိုက်လေသည်။

ချက်ချင်း မြေပေါ် ခြေဆောင့်ကာ....

'ဖေဖေ သူ့ကိုပြန်ခေါ်မယ်ဆိုရင် သမီး အိမ်မှာမနေတော့ဘူး'

ဟု ပြောလိုက်သည်။

မမျှော်လင့်သောစကား ကြားရလျှင် လုယုကျင်း အံ့ဩသွားသည်။

လုဝမ်းဝမ်းကို မယုံကြည်နိုင်စွာကြည့်ရင်း....

'သမီး....သမီး ဘယ်လိုပြောလိုက်တာလဲဟင်'

'သူ့ကို ခေါ်ထားတယ်ဆိုရင်တော့ သမီးထွက်သွားမယ်၊ သူနဲ့ တစ်အိမ်တည်း အတူတူမနေနိုင်ဘူး'

'သမီး'

လုယုကျင်းရင်ထဲ တင်းကြပ်သွားသည်။

ယခုမှ အဓိကပြဿနာကို နားလည်သိရှိသွားတော့သည်။

လုဝမ်းဝမ်းနှင့် မာကူးကို ကြည့်လိုက်သည်။

မာကူးတို့ မသိမသာ မျက်နှာလွှဲထားကြလေသည်။

လုံယုကျင်း ခေါင်းယမ်းလိုက်သည်။

'ငါမှားသွားပြီ'

ဟုလည်း တီးတိုးညည်းညူလိုက်၏။

ထို့နောက်....

လုထင်းထံသို့ လှမ်းကြည့်လိုက်သည်။

လုထင်းကား....

တဖြည်းဖြည်း ဝေး၍ဝေး၍ သွားပြီ ဖြစ်သည်။

သူ့အား ဟန့်တား၍ ရတော့မည်မဟုတ်ကြောင်း နားလည်မိ၏။

လုထင်းအတွက် စိတ်မကောင်း ဖြစ်လာသည်။



နှစ်ပေါင်းများစွာ ပစ်ပယ်ထားခဲ့သော သားတစ်ယောက်ကို ယခုတစ်ဖန် ပစ်ပယ်ထားရဦးမည် ဖြစ်သည်။

* * *

ယခင်က မိဘ ညီအစ်ကိုမောင်နှမများ ရှိခဲ့သဖြင့် ထူးခြားမှုမရှိဟု ဆိုနိုင်၏။

ယခုတော့....

လုထင်းမှာ....

တစ်ကောင်ကြွက်၊ တစ်မျက်နှာ၊ အားကိုးရာမဲ့ဘ၀ ရောက်နေပြီ မဟုတ်ပါလား။

လုထင်းအား....

ကူညီရန်ထက် ဒုက္ခပေးသလို ဖြစ်ခဲ့ရပြန်သည်။

သူ့အပေါ် အားကိုးအားထားပြုသော်လည်း သူက အားကိုးထိုက်သည့် ဖခင်အဖြစ် ရပ်တည်နိုင်ခြင်း မရှိခဲ့ပါတကား။

တွေးရင်း တွေးရင်း လုယုကျင်း ဝမ်းနည်းကြေကွဲလာလေသည်။

'လုထင်း'

ဆို့နင့်စွာ ခေါ်လိုက်၏။

သို့သော်....

သူ၏ခေါ်သံမှာ လည်ချောင်းအတွင်း၌ပင် တစ်ဆို့ ကွယ်ပျောက်သွားသည်။

လုဝမ်းဝမ်းက....

'သူသွားပြီပဲ'

ဟု ပြောလိုက်သည်။

လုယုကျင်း ခေါင်းညိတ်လိုက်သည်။

* * *

'ဟုတ်တယ်၊ သူသွားပြီ'

ပြောပြီး မာကူးနှင့် လုဝမ်းဝမ်းတို့ဘက်လှည့်ကာ....

'သူဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး'

လုဝမ်းဝမ်းက....

'ဒါဆိုလဲ ကောင်းတာပေါ့လေ'

'သမီး'

'ရှင်....ဖေဖေ'

'သမီး ဘာကြောင့် အခုလိုလုပ်ရတာလဲ'

'ရှင်'



လုယုကျင်းက တည်ကြည်သော မျက်နှာထားဖြင့်....

'သူက ဓားမြှောင်နဲ့ ဖေဖေ့ကို ပစ်တယ်ဆိုရင် ဓားချော်ပြီး ပစ်မှာမဟုတ်ဘူး၊ ထိအောင်ပစ်မှာပဲ'

လုဝမ်းဝမ်း မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

လုယုကျင်းက ဆက်ပြောလိုက်သည်။

'နောက်နောင် ဒီလို ဘယ်တော့မှမလုပ်ပါနဲ့၊ ဖြစ်လဲမဖြစ်ပါစေနဲ့တော့၊ ဘယ်ကိစ္စမဆို ကိုယ့်စိတ်တိုင်းကျ လုပ်လို့မရဘူး၊ ကံစီမံရာအတိုင်း ဖြစ်ရမယ်ဆိုတာ သမီး နားလည်ထားပါ'

လုဝမ်း ခေါင်းငုံ့ထားလိုက်သည်။

လုထင်းအား အဖြစ်ရှာကာ မောင်းထုတ်ရန် ကြံစည်ခဲ့သည်ကို လုယုကျင်း ရိပ်မိသွားပြီ မဟုတ်ပါလား။

မင်းသားလေး ကျင်းစိန် မျက်နှာပျက်သွားသည်။

သူလည်း လုဝမ်းဝမ်းနှင့် အလိုတူအလိုပါဖြစ်ရကား အကြံအစည်များ ပေါ်သွားသောအခါ မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

ဆက်နေဖို့လည်း မဝံ့ရဲတော့ချေ။

ထို့အပြင်....

သူ့အတွက် ကိစ္စလေးတစ်ခု ရှိနေသေးသည် မဟုတ်ပါလား။

ထို့ကြောင့်....

'ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဟု ပြောပြီး လှယုထင်း၏ တုံ့ပြန်စကားကိုပင် မစောင့်တော့ဘဲ ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

## ဝေဒနာခြေလှမ်းများ

လှထင်းက ဒယီးဒယိုင်ဖြင့် လျှောက်သွားနေ၏။

လမ်းပေါ်၌ လရောင် ဖြာကျနေ၏။

လမ်းဘေးတစ်ဘက်တစ်ချက်ရှိ အဆောက်အအုံ များကား မီးမှိတ်ထားကြပြီ ဖြစ်၏။

ညအမှောင်အောက်တွင် အိပ်စက်အနားယူနေကြပြီ ဖြစ်လေသည်။

ညလေအေးများ တဟူးဟူး တိုက်ခတ်လာသည်။

လှထင်းတစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်လာ၏။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ရရှိခဲ့သော ဒဏ်ရာများမှ သွေးများ စီးကျနေဆဲ။

သူ၏ တစ်ကိုယ်လုံးမခံမရပ်နိုင်အောင် နာကျင်နေ၏။

မြေပေါ်လဲကျမသွားအောင် မနည်းထိန်းနေရ၏။

မျက်လုံးများ ပြာဝေကာ ဦးခေါင်းများ မူးနောက်လာသည်။

သူ၏ အတွေးထဲဝယ် မိခင်ဖြစ်သူကို မြင်ယောင်နေမိ၏။

မိခင်ပြောခဲ့သည့် စကားများကိုလည်း ကြားယောင်နေ လေသည်။

'မေမေ့ကို ရက်စက်ကြမ်းကြုတ်သူလို့ ပြောကြတယ်။ မေမေ ဘာကြောင့် ရက်စက်ကြမ်းကြုတ်သူ ဖြစ်လာရတယ်ဆိုတာတော့ ဘယ်သူမှ မမေးကြဘူး။ သားမြဲမြဲမှတ်ထား၊ တစ်ခါတစ်လေ ရက်စက်ကြမ်းကြုတ်ရတတ်တယ်။ ဒါမှ ဘဝရပ်တည်နိုင်မယ်'

လွဲမှားပြီး အတ္တဆန်သော အယူအဆများ သူ၏ရင်ထဲ ဝင်ရောက်လာသည်။

သူ၏ ရင်ထဲက တစစ်စစ်နာကျင်လာသည်။

ခံပြင်းဒေါသစိတ်ဖြင့် အမုန်းတရားများကား ရင်ထဲထုထည်ကြီးမားစွာ အမြစ်တွယ်နေပြီဖြစ်လေသည်။

ဒေါသနှင့် အမုန်းတရားသည် လူကိုပူလောင် ကျွမ်းမြေ့စေတတ်၏။

သို့သော် ထူးခြားသော ခွန်အားသတ္တိများ ပေးစွမ်းနိုင်သည့်ကား အမှန်ပင်။

တွေးရင်း တွေးရင်း လုထင်းရင်ထဲ မမျှော်လင့်ဘဲ ခွန်အားများ ဖြစ်ပေါ်လာသည်။

နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း....

'တစ်နေ့တော့ သိကြသေးတာပေါ့'



ဟု ရင်ထဲ ရေရွတ်လိုက်သည်။

ထူးဆန်းစွာဖြင့် ရုတ်တရက် လူကောင်း တစ်ယောက်လို ဖြစ်လာသည်။

ရှေ့သို့လည်း ခပ်သွက်သွက်လှမ်းသွားနိုင်ခဲ့သည်။

ဒေါသနှင့် အမုန်းတရားသည် ခန္ဓာကိုယ်အား ဖိစီးနှိပ်စက်နေသည့် ဝေဒနာများကို အနိုင်ယူလိုက်ပြီဖြစ်လေသည်။

လုထင်း ရှေ့သို့ လှမ်းသွားနေစဉ်....

'ရပ်လိုက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

* * *

လှမ်းကြည့်လိုက်သောအခါ အရှေ့ဘက်တွင် အနီရောင် ဝတ်ဆင်ထားသူတစ်စု လမ်းပိတ်ရပ်နေကြသည်ကို တွေ့လိုက်ရ၏။

လုထင်း၏ မျက်နှာတွင် မုန်းတီးစက်ဆုပ်သည့် အရိပ်အရောင်များ ထွက်ပေါ်လာသည်။

ရပ်တန့်ခြင်းမပြုဘဲ ရှေ့သို့ လှမ်းသွား၏။

ဟန့်တားလိုက်ကြသူများကား အနီရောင်ဝတ်ဆင်ထားကြသူများ ဖြစ်လေသည်။

ထိုလူစုသည်ကား မိုးကြိုးလှ ဂိုဏ်းသားများ ဖြစ်ကြလေသည်။

မင်းသားလေးကျင်းစိန်သည် လုဝမ်းဝမ်းအလိုကျ လုထင်းအား သုတ်သင်ရှင်းလင်းပစ်ရန် စီစဉ်ထားသည်မဟုတ်ပါလား။

လုထင်း လှမ်းလာနေသည်ကိုမြင်လျှင် အနီရောင်ဝတ်ဆင်ထားသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လက်နက်ကိုယ်စီဆွဲထုတ်ကာ ပြေးလွှားလာနေကြ၏။
လုထင်းကား လုံးဝအရေးမစိုက်ပါချေ။
ရှေ့သို့သာ တစိုက်မတ်မတ်သွားနေ၏။
မကြာပါချေ။

အနီရောင်ဝတ်ဆင်ထားသူများအနီးသို့ ရောက်လာကြလေသည်။

'ရပ်လိုက်စမ်း'

အော်ငေါက် ဟန့်တားလိုက်ကြပြန်လေသည်။

လုထင်းကား အရေးမစိုက်ဘဲ ရှေ့ဆက်လျှောက်သွားနေ၏။ဆဲ

အနီရောင် ဝတ်ဆင်ထားသူတစ်ယောက်က....

'ကြာတယ်ကွာ၊ မင်းသားလေး ပြောထားတဲ့ အတိုင်း မကောင့်ကို ရှင်းပစ်လိုက်ကြရအောင်'



ပြောပြီး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။
လုထင်းက လက်ဝေ့ယမ်းလိုက်၏။

• • •

သူ၏ လက်မှာ သံမဏိပမာ မာကျောနေသည် ထပ်မှတ်ရလေသည်။

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

အနီရောင် ဝတ်ဆင်ထားသူမှာ မသဲမကွဲ အော်ဟစ်ကာ အပေါ်သို့ မြောက်တက်သွားပြီး လမ်းပေါ်လဲကျသွား၏။

လဲကျသွားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

ကျန် အနီရောင် ဝတ်ဆင်ထားသူများ ရုတ်ကိုက်သွားကြလေသည်။

သို့သော် ချက်ချင်း သတိပြန်ဝင်လာကြပြီး....

'ဝိုင်းတိုက်ကြဟေ့'

တစ်ယောက်က အော်ပြောလိုက်လျှင် အားလုံး လက်နက်ကိုယ်စီဆွဲကာ ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

လုထင်းက လက်နှစ်ဖက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ အနီရောင် အခိုးအငွေ့များ ရုတ်ခြည်း ထွက်ပေါ်လာသည်။

ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွား၏။

အနီရောင် ဝတ်ဆင်ထားသူများ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

တစ်ယောက်က....

'အဆိပ်ငွေ့....'

ဟု အော်ပြောလိုက်သည်။

အားလုံး ထိတ်လန့်ကာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် သူတို့ နောက်ကျသွားချေပြီ။

'အား....'

'အင့်....'

'အောင်မယ်လေး....'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာ၏၊

အနီရောင် ဝတ်ဆင်ထားသူများကား တစ်ယောက်ပြီး တစ်ယောက် မြေပေါ် လဲကျသွားကြလေသည်။

လုထင်းကား ဘာမှမဖြစ်သလို ရှေ့ဆက်လျှောက်သွား၏။

သူ၏ ခြေလှမ်းများကား မြို့ပြင် သင်းချိုင်းသို့ ဦးတည်နေသည်ကို သူ မသိပါ။



လမ်းအတိုင်း ဦးတည်ရာမဲ့ လျှောက်သွားနေခြင်း ဖြစ်၏။

အေးမြသော လရောင် ဖြာကျနေသည်။

လုထင်းကား ပူလောင်သော အမုန်းတရားနှင့် အာဃာတကို ရင်ဝယ်ပိုက်ကာ ရှေ့သို့ လှမ်းသွားနေသဲ။

## ဒွန်းထင်းပေကျံနေသော နှလုံးသား

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

မိုးသားတိမ်လိပ် ကင်းစင်ပြီး အပြာရင့်ရောင် နောက်ခံကောင်းကင်ဝယ် ဝင်းလက် တောက်ပနေသည့် ကြယ်ကလေးများနှင့်အတူ ချိတ်ဆွဲထားသည် ထင်ရ၏။

လရောင်အောက်တွင် သစ်ပင်များ စိမ်းစိမ်းလန်းလန်း ပြည့်ပြည့် ရှိနေ၏။

ကွေ့ကွေ့ကောက်ကောက် လမ်းကလေးများမှာ လရောင်အောက်တွင် ဝပ်စင်းနေ၏။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် လူနေအိမ်ခြေ ကျဲပါးသွားပြီး သစ်ပင်များ ထူထပ်စွာ ရှိနေသည်ကို တွေ့နိုင်၏။

လုထင်း၏ ခြေလှမ်းများ တဖြည်းဖြည်း နှေးကွေးလာသည်။

ဒဏ်ရာဗရပွ ရထားလေရာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေပေတော့သည်။

သူ၏ ခန္ဓာကိုယ် ယိမ်းယိုင်နေ၏။

အချိန်မရွေး မြေပေါ် ဝုန်းခနဲ လဲကျသွားနိုင်သော်လည်း သူက အံတင်းတင်းကြိတ်ကာ ရှေ့ဆက်လှမ်းသွားနေဆဲ။

သူ၏ မျက်လုံးများ ရီဝေနေသည်။

ဦးခေါင်းလည်း ပေါက်ကွဲလုတော့မတတ် နာကျင် ကိုက်ခဲနေ၏။

တဖြည်းဖြည်း အမြင်မပီပြင်တဲ့ ဝိုးတဝါး ဖြစ်လာသည်။

သူ၏ခြေလှမ်းများ ဘယ်ရပ်ဘယ်ဆီ လှမ်းလေသည်မသိပါ။

ဒဏ်ရာ ပြင်းစွာ ရထားပြီး သေလုမျောပါး ဖြစ်နေသည့် တိရစ္ဆာန်တစ်ကောင် သွေးရှူးသွေးတန်း ပြေးသွားနေသည်နှင့် တူလှ၏။

သွားရင်းလာရင်း လမ်းဘေး တစ်ဘက်တစ်ချက်၌ သစ်ပင်များ လဲကျသွား၏။

လမ်းကလေးမှာ ဖြောင့်ဖြူးလာပြီး တဖြည်းဖြည်း ကျယ်ဝန်း ...ာသည်။

ကုန်းမြေမို့မို့ပေါ်သို့ ဦးတည်သော လမ်းကလေးဖြစ်လေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် ဖြူဖွေးနေသည့် အုတ်ဂူများ၊ မြေပုံမှတ်တိုင်များကို ရိပ်ခနဲ ရိပ်ခနဲ တွေ့ရ၏။



လုထင်း တကယ်တမ်း တွေ့မြင်နေရသည်ကား ရှမ်းလွေ၊ ရှမ်းရှမ်းတို့ သားအဖ၏ မျက်နှာ၊ မိခင် ဝမ်းလျှန်၏ မျက်နှာ၊ တစ်ဖန် စုအိမ်းဖခင် လုယုကျင်း၊ လုဝမ်းဝမ်း၊ မာကူး၊ မင်းသားလေး ကျင်းစိန် စသည်တို့၏ မျက်နှာများကိုသာ မြင်ယောင်နေခြင်း ဖြစ်ပေသည်။

သေဆုံးသွားပြီဖြစ်သော မိခင်ကြီးကား ငိုကြွေးနေ၏။

ရှမ်းလွေက တဟားဟား ရယ်မောနေသည်။

စုအိမ်းနှင့် ရှမ်းရှမ်းတို့ကား ရန်ဖြစ်နေကြလေသည်။

အဆိုးဝါးဆုံးကား မင်းသားလေး ကျင်းစိန်နှင့် လုဝမ်းဝမ်း တို့က သူ့နောက်သို့ ဓားလှံ လက်နက်များ ဆွဲကာ လိုက်နေသည်ဟု ထင်မှတ်နေခြင်း ဖြစ်ပေတော့သည်။

သူ၏ရင်ထဲ ဝမ်းနည်းကြေကွဲမှုများ၊ ခံပြင်းဒေါသစိတ်များ ရောပြွမ်း ဖြစ်ပေါ်နေသည်။

ခွန်အားများ ရုတ်ခြည်း ပေါ်ပေါက်လာလိုက်၊ ရုတ်ချည်း ကွယ်ပျောက်သွားလိုက်၊ တစ်ကိုယ်လုံး အေးလိုက် ပူလိုက် ဖြစ်နေ၏။

ပြောရင်းပြောရင်း မြေပေါ်မှ ကျောက်တုံး တစ်တုံးနှင့် ဝင်တိုက်မိကာ....

'အင့်....'

မသဲမကွဲ ညည်းညူရင်း မြေပေါ် လဲကျသွား၏။

ကိုင်ရိုက် လိုက် သလို ဖြစ်သွားခြင်းကြောင့် တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွားပါသည်။

မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်၏။

'သို့သော်....

လုံးဝလှုပ်ရှားနိုင်ခြင်း မရှိတော့ချေ။

• • •

ထို့ကြောင့် မြေပေါ်၌ပင် ဆက်ပြီး လဲလျောင်း နေလိုက်၏။

မြေကြီး၏ အထိအတွေ့ကား အေးစက်စက်ရှိနေ၏။

မျက်လုံးများ ပြာဝေလာပြီး မြင်ယောင်နေမိသည့် မျက်နှာများ ပျောက်ကွယ်သွားသည်။

သူ၏တစ်ကိုယ်လုံး အမှောင်တိုက်ကြီး အတွင်းသို့ တဖြည်းဖြည်း တိုးဝင်သွားနေသည်ဟုလည်း ခံစားလာရသည်။

ထို့စဉ်....

သူ၏နားထဲသို့ တိုးတိုးစကားသံများ တိုးဝင်လာ၏။

တစ်စုံတစ်ယောက် သူ့အနီးသို့ ရောက်လာပြီး စကား ပြောဆိုနေကြောင်း သတိပြုမိသော်လည်း မည်သည့် စကား ပြောသည်၊မည်သူမည်ဝါ ဖြစ်သည်ကိုမသိရပါ။

ရုတ်တရက် သူ၏ခန္ဓာကိုယ် အလွန်ပေါ့ပါးသွားပြီး လေထဲ မြောက်တက်သွားသည် ထင်မှတ်လိုက်ရ၏။



တကယ်တော့ တစ်စုံတစ်ယောက်က သူ့အား ပွေ့ချီလိုက်ခြင်း ဖြစ်ပေသည်။

'ဘယ်....ဘယ်သူလဲ'

လှထင်း မေးလိုက်သည်။

သို့သော်....

သူ၏စကားသံ ဗလုံးဗထွေးဖြစ်နေပြီး လည်ချောင်းအတွင်း၌ပင်တစ်ဆို့ကွယ်ပျောက်သွား၏။

နှုတ်ဖျားမှ ထွက်လာသည့် မပီမသ အသံများသာ ဖြစ်နေ၏။

လှထင်းက ရန်သူဖြစ်ရမည် တထစ်ချ ယုံကြည်ထားရကား တိုက်ခိုက်ရန် လက်မြှောက်လိုက်၏။

သူ၏ ခြေလက်များတွင် ကျောက်တုံး ကျောက်ခဲများ ဆွဲထားသလိုလေးလံနေပါ၏။

တိုက်ခိုက်ရန် ကြိုးစားရင်း တစ်ကိုယ်လုံး ပျော့ခွေ သွားသည်။

အသက်ရှူမွန်းကျပ်လာသည်။

ရင်ထဲပူလောင်မှု ဝေဒနာ အပြင်းအထန် ခံစား လာရပြီးနောက် အသိစိတ်က သူ၏ ခန္ဓာကိုယ်မှဖယ်ခွာသွား၏။

အမှောင်ထုကြီးအတွင်း သူ၏တစ်ကိုယ်လုံး စုန်းစုန်းနစ်မြုပ်သွား၏။

လုထင်း တစ်ယောက် သတိလွတ်ကင်းကာ မေ့မျောသွား လေတော့သည်။

* * *

လရောင် ထိန်ထိန်သာနေ၏။

လရောင်အောက်တွင် မြေပုံ မှတ်တိုင်များ ထိုးထိုးထောင် ထောင် ရှိနေသည်ကို တွေ့မြင်နိုင်လေသည်။

သုသာန်အလယ်တွင် ခေါင်မိုးမရှိသော ဇရပ်ပျက်ကလေး ထီးထီး ရှိနေ၏။

ယခင်က အမိုးအကာများ ရှိခဲ့သော ဇရပ်လေး ဖြစ်သော် လည်း အချိန်ကာလ ကြာညောင်းလာသည့်အခါ ပြုပြင်ခြင်း ကင်းမဲ့၍ ပျက်စီးယိုယွင်း နေချေပြီ။

ဇရပ်ပျက်၏ တိုင်တစ်လုံးကို မှီကာ လူတစ်ယောက် ထိုင် နေ၏။

ထိုသူသည် ညအချိန်မတော် သုသာန်ပြင်ဝယ် အဘယ် ကြောင့် မကြောက်မရွံ့ လာ၍ထိုင်နေပါသနည်း။

ထိုလူကား ကြောက်ရွံ့ရမည် ဆိုသည်ကို လုံးဝ မသိသူ ဖြစ်၏။



ရှင်းရှင်းဆိုရပါလျှင် သုသာန် အစောင့် ဖြစ်နေသည်မဟုတ် ပါလား။

ထိုလူက ဇရပ်ပျက်၏ တိုင်တစ်လုံးကိုမှီ၍ ထိုင်ရင်း ကောင်း ကင်ပေါ်မှ လဝန်းကို ငေးမောကြည့်နေ၏။

'သာယာလှပလိုက်တာ'

ဟုလည်း တီးတိုး ချီးကျူးမိသည်။

ည၏ သာယာလှပပုံကို သုသာန်စောင့် တစ်ယောက်က ခံစားနိုင်သည် ဆိုခြင်းကား ဘဝင်မြင့်သူ မောက်မာသူများ သိလျှင် ရယ်မောမိကြပေမည်။

မည်သို့ဆိုစေ သုသာန်စောင့်သည်လည်း လူသား တစ် ယောက်ပင် မဟုတ်ပါလား။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်။

သုသာန်စောင့် ခေါင်းငဲ့ ကြည့်၏။

ညအချိန် မကောင်းမှု ဒုစရိုက် ပြုလုပ်လေ့ရှိသည့် အမှောင် လောကသားများသည် မကြာခဏ ဆိုသလို သင်းချိုင်းမြေသို့ ရောက်ရှိလာတတ်ကြပေသည်။

ဤသည်ကား သူ့အတွက် အဆန်းမဟုတ်တော့ပါ။

ထို့ကြောင့် အရေးတယူ သဘောမထားဘဲ ခေါင်းငဲ့ရုံငဲ့ကာ ကြည့်လိုက်ခြင်း ဖြစ်ပေသည်။

ထိုအခါ....

လရောင်ဖြင့် သင်းချိုင်းမြေအတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အစောင့်က မျက်နှာလွှဲလိုက်ရန် ဟန်ပြင်၏။

ထိုစဉ် ဝင်လာသူ၏ခန္ဓာကိုယ် ယိမ်းယိုင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်....ဘယ်လိုဖြစ်တာပါလိမ့်'

တွေးရင်း ထပ်မံအကဲခတ်ကြည့်မိ၏။

ဝင်လာသူသည် အရက်မူးသမားတစ်ယောက်ပမာ ယိမ်းယိုင်နေပြီး ရှေ့သို့ ခြေလှမ်း ဆယ့်လေးငါးလှမ်းခန့် လှမ်းပြီးသည်နှင့် မြေပေါ် ဝုန်းခနဲ လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

အစောင့် ဆတ်ခနဲ ခေါင်းထောင်လာသည်။

တိုဟိုသည်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

လဲကျသွားသူမှတစ်ပါး အခြားလူရိပ်လူရောင် တစ်စုံတစ်ရာ မတွေ့ရပါချေ။

အစောင့်အလိုလို ထခုပ်လိုက်မိသည်။

'ငါ သွားကြည့်မှပါပဲ'

တစ်ကိုယ်တည်း ရေရွတ်ကာ ဇရပ်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ထိုနောက်....

ပေါ့ပါးသွက်လက်စွာဖြင့် ပြေးလွှားသွားလေသည်။

မကြာပါချေ....

မြေပေါ် လဲကျသွားသူအနီးသို့ ရောက်ရှိသွား၏။

အစောင့် ငုံ့ကြည့်လိုက်၏။

မြေပေါ်၌ လူတစ်ယောက် မလှုပ်မယှက် လဲကျနေပါ၏။ ထိုလူ၏တစ်ကိုယ်လုံး အညိုအမည်း စွဲနေပါ၏။



မျက်နှာတစ်ခုလုံး ဖူးရောင်ကာ လူရုပ်ပင် မပီသတော့ချေ။ သို့သော်....

သေသေချာချာ ကြည့်ပြီးသည်နှင့်....

'ဟင်....လုထင်းပါလား'

လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

* * *

သင်းချိုင်းစောင့်ကား လုထင်းနှင့် မိတ်ဆွေ ဖြစ်ခဲ့သည့် အာချီဖြစ်လေသည်။

အာချီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချက်ချင်း မြေပေါ် ဒူးထောက်ချကာ လုထင်းအား စစ်ဆေးကြည့်လိုက်၏။

ခဏစစ်ဆေးပြီးသည်နှင့်....

'သူ အသက်ရှင်နေသေးတာပဲ'

ထိုသို့ ရေရွတ်ပြီးသည်နှင့် ချက်ချင်း ပွေ့ထူလိုက်၏။

ထို့နောက်...

ဇရပ်ပျက်လေးဘက်သို့ လျင်မြန်စွာ ပြေးလွှားသွားလေသည်။

ဇရပ်ပျက်အနီးသို့ ရောက်သောအခါ ဇရပ်ပေါ်မတက်ဘဲ ဘေးသို့ ကွေ့ပတ်သွား၏။

ဇရပ်ပျက်အနောက်ဘက်တွင် အလွန်ကြီးမားသည့် အုတ်ဂူကြီးတစ်လုံး ရှိနေပါ၏။

အုတ်ဂူကြီးမှာ ပျက်စီးယိုယွင်းနေချေပြီ။

အာချီက အုတ်ဂူပျက်ထဲသို့ ခေါင်းငုံ့ဝင်လိုက်၏။

ထိုအခါ အတွင်းဘက်၌ မီးလုံလေလုံ လူနေထိုင်နိုင်ရန် ပြုပြင်ထားသည်ကို တွေ့ရမည် ဖြစ်လေသည်။

အခေါင်း သုံးလုံးဆက်လိုက်သည့်အခါ လူတစ်ယောက်ကောင်းစွာအိပ်နိုင်သည့် ခုတင်တစ်လုံးပမာ ဖြစ်လာသည်။

အာချီက အခေါင်းခုတင်ပေါ်သို့ လုထင်းကိုတင်လိုက်၏၊

ပြီးလျှင် ထင်းခြောက်များဖြင့် မီးပုံတစ်ခုဖိုကာ မီးမွှေးလိုက်လေသည်။

မီးမွှေးပြီးလျှင် ကရားအိုးတစ်လုံးဖြင့် ရေနွေးကျိုလိုက်သည်။

တစ်ဖန် အုတ်ဂူထောင့်တစ်နေရာ၌ အခေါင်းတစ်လုံးကို ဖွင့်ကာ အတွင်းဘက်မှ ဗူးကလေးတစ်လုံး ထုတ်ယူလိုက်၏။

ဗူးထဲ၌ ပုလင်းကလေးများ အစီအရီ ရှိနေပါ၏။

အာချီက ပုလင်းအချို့ကိုယူကာ အတွင်းဘက်မှဆေးမှုန့်များ၊ ဆေးလုံးများ ထုတ်ယူလိုက်သည်။

လုထင်း၏ဒဏ်ရာများကို ဆေးလိမ်းပေးပြီး ဆေးလုံးအချို့ ပါးစပ်ထဲ ခွံ့ပေးလိုက်သည်။

လုထင်းအား မှောက်လိုက်ပြီး ကျောပြင်ကို လက်ဝါးဖြင့် အတန်ကြာ နှိပ်နယ်ပေးလိုက်လေသည်။



မကြာပါချေ။

လုထင်း၏ နှုတ်ဖျားမှ ညည်းညူသံများ ထွက်ပေါ်လာလေသည်။

အာချီ သဘောကျစွာ ပြုံးလိုက်သည်။

'မင်း ဘယ်နည်းနဲ့မှ သေမသွားနိုင်တော့ပါဘူး'

ပြောပြီး လုထင်းဘေးမှ ထလိုက်၏။

မီးဖိုဆီသို့ လှမ်းသွားမည်အပြုတွင် သူ၏နားထဲ ပေါ့ပါးဖျတ်လတ်သော ခြေသံများ ကြားလိုက်ရ၏။

အာချီ ရင်ထိတ်သွား၏။

ချက်ချင်း အုတ်ဂူထဲမှ ပြေးထွက်သွား၏။

အပြင်ဘက်ရောက်လျှင် သင်းချိုင်းမြေထဲသို့ လူတစ်စု ပြေဝင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုကား မီးတုတ်များ ကိုင်ထားကြပြီး လူစုခွဲကာ ဝင်လာကြသလို တစ်စုံတစ်ခုအား လိုက်ရှာနေသည့်ပုံသဏ္ဍာန် မျိုး ရှိလေသည်။

အာချို မျက်မှောင်ကြုတ်သွား၏။

'သူတို့က လူထင်းကို လိုက်ရှာနေကြတာပဲ ဖြစ်မယ်'

ထိုသို့တွေးမိလျှင် ဇရပ်ပျက်ပေါ် ခုန်တက်လိုက်၏။

တစ်ဖန် ခါးကြား၌ ထိုးထားသည့် ပလွေတစ်ချောင်းဆွဲ ထုတ်ကာ နှုတ်ခမ်းတွင်တေ့ကာ မှုတ်လိုက်လေသည်။

ငြိမ့်ညောင်းသာယာသော ပလွေသံများ ထွက်ပေါ်လာ သည်။

ထိုအခါ မီးတုတ် ကိုင်ဆောင်ထားသူများသည် ဇရပ်များဆီသို့ စုရုံး ဆောက်ရှိလာကြလေတော့သည်။

ထိုလူစုကား အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

ရှေ့ဆုံးမှဦးဆောင်လာသူမှာ အရောင်တဖိတ်ဖိတ် တောက်ပနေသည့် ငွေရောင်အဝတ်အစား ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။

ထိုလူငယ်၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်နေသည်။

အာချီက ဂရုမစိုက်ဘဲ ပလွေကိုဆက်ပြီး မှုတ်နေသည်။

ငွေရောင်အဝတ်အစား ဝတ်ဆင်ထားသည့်လူငယ်က လက်တစ်ဘက် မသိမသာ ဝေ့ယမ်းလိုက်သည်။

'တောက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

အာချီ၏နှုတ်အစုံ ဆတ်ခနဲ ထုံကျင်သွားသည်။

ပလွေမှာလည်း တစ်စုံတစ်ခုဖြင့် ရိုက်ထုတ်ခြင်း ခံရသလိုဘေးသို့ လွင့်စဉ်သွားလေတော့သည်။

အာချီ ခုန်ထလိုက်ပြီး....

'ဘယ်သူလဲကွ'

ဟု အော်ပြောလိုက်လေသည်။

ငွေရောင်ဝတ်ဆင်ထားသည့်လူငယ်ဘေးမှ လူသန်ကြီးက...

'ဟော့ ကောင် မင်းသားလေး ရောက်လာတာတောင် မင်းကလာပြီး ဂါရဝ မပြုသေးဘူးလား'



ဟု အသံဝါကြီးဖြင့် ပြောလိုက်လေသည်။

အနီရောင် ဝတ်ဆင်ထားသူများကား မီးတုတ်ကိုယ်စီဖြင့် ဇရပ်များရှေ့၌ စီတန်းရပ်နေကြကာ မီးထုတ်များမှ အလင်းရောင်က ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားလေသည်။

အာချီက ယခုမှ သတိပြုမိဟန်ဖြင့်....

'ဟင် ညှို့သည်တွေ ရောက်နေတာကိုး၊ ညကြီးအချိန်မတော် ရောက်လာကြတယ်ဆိုတော့ ဝမ်းရောဂါဖြစ်ပြီး သေဆုံးသွားသူ ရှိပါသလား'

ဟု မေးလိုက်သည်။

ပြီးလျှင် ဇရပ်များပေါ်မှ ခုန်ဆင်းလိုက်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူက....

'တောက် မင်းပါးစပ်ပိတ်ပြီး မင်းသားလေးကို ဂါရဝပြုလိုက်စမ်း'

ဟုပြောလိုက်လေသည်။

* * *

ထိုလူစုအား တွေ့မြင်လိုက်ရသည်နှင့် ဤနယ်တစ်ဝိုက်တွင် ဩဇာအာဏာကြီးမားသော မိုးကြိုးလှ ဂိုဏ်းမှ ဖြစ်ကြကြောင်း သိရှိထားပြီးဖြစ်၏။

ငွေရောင် ဝတ်ဆင်သည့်လူငယ်မှာ မိုးကြိုးလှ ဂိုဏ်းချုပ်၏ သား မင်းသားလေး ကျင်းစိန်ဖြစ်ကြောင်းလည်း မြင့်ရှိန်မှ သိရှိထားပြီး ဖြစ်လေသည်။

အာချီ ကြည့်မရဆုံးမှာ မိုးကြိုးလှ ဂိုဏ်းဖြစ်လေသည်။

သို့သော် သူက မြေပေါ်ဒူးထောက်ချကာ ဂါရဝပြုလိုက်လေသည်။

မင်းသားလေးကျင်းစိန်အားမှ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူမှာ မိုးကြိုးလှ ဂိုဏ်း၏ အားထားရသော သိုင်းသမားတစ်ယောက်ဖြစ်၏။

သူ၏အမည်မှာ ကျူးဟန်ကောင်း ဖြစ်လေသည်။

ကျူးဟ, ကောင်းက....

'ဟေ့ ကောင် ဒီဘက်ကို လူတစ်ယောက်ပြေးလာတာ မင်းတွေ့တယ်မဟုတ်လား၊ သူဘယ်မှာလဲ ပြောစမ်း'

ဟု ခပ်ထန်ထန်မေးလိုက်သည်။

အာချီ ရင်ထိတ်သွားသည်။

မိုးကြိုးလှ ဂိုဏ်းအကြောင်း သူ ကောင်းစွာ သိထားလေ၏။

ယခုအချိန်တွင် မိုးကြိုးလှ ဂိုဏ်းနှင့် ပတ်သက်၍ မဖြစ်သေးကြောင်းလည်း နားလည်ထားသည်။

သို့သော် လုထင်းအကြောင်းလည်း ဖော်မပြောလို၍။

လုထင်းသာ မိုးကြိုးလှ ဂိုဏ်းနှင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့သည်ဆိုပါလျှင် လုထင်းအား တွေ့သွားပါက သက်သာမည်မဟုတ်ဟု နားလည်မိ၏။



လုထင်း၏ ရိုးသားသောစိတ်ဓာတ်ကို သူသိရှိထား၏။

ထို့ကြောင့် လုထင်းအား အကာအကွယ်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

'ကျုပ် မတွေ့မိပါလားဗျာ၊ ကျုပ် ပလွေမှုတ်ကောင်းနေလို့ ခင်ဗျားတို့ ရောက်လာတာတောင် သတိမပြုမိပါဘူး'

ဟု ပြောင်ပြောင်းလိုက်လေသည်။

ကျူးဟန်ကောင်း မကျေမနပ် ဖြစ်သွားသည်။

'တောက် သူဒီထဲဝင်ပြေးသွားတာ ငါတို့တွေ့တယ်၊ မင်း လိမ်မပြောနဲ့'

အာချီက မှုင်သေသေဖြင့်....

'ကျုပ် တကယ်မသိပါဘူးဗျာ၊ တွေ့လဲ မတွေ့ပါဘူး၊ တွေ့မှတော့ ဘာဖြစ်လို့ မပြောဘဲနေရမှာလဲ၊ ကျုပ်က ပလွေမှုတ်...'

သူ၏စကားမဆုံးမီ မင်းသားလေးကျင်းစိန်က လက်ဝေ့ယမ်း လိုက်လေသည်။

'ဟေ့ လိုက်ရှာကြစမ်း'

သူ၏စကားဆုံးလျှင် အနီရောင်ဝတ်ဆင်ထားသူများ မီးတုတ်ကိုယ်စီဖြင့် သစ်ချိုင်းအတွင်း လိုက်လံရှာဖွေကြလေသည်။

အာချီ ရင်ထိတ်သွား၏။

ဇရပ်ပျက်အနောက်ဘက်ရှိ အုတ်ဂူပျက်အတွင်းမှ လုထင်းအား တွေ့မြင်သွားမည်ကို စိုးရိမ်ပူပန်လာသည်။

အုတ်ဂူပျက်အတွင်း၌ မီးဖိုခဲ့သည် မဟုတ်လား။ မီးဖိုမှ မီးခိုးများ လူရှိနေကြောင်း ထုတ်ဖော်ပြောပြသလို ဖြစ်နေပေလိမ့်မည်။

အာချီ စိုးရိမ်ပူပန်နေစဉ်....

'ဟိုမှာဟေ့'

တစ်စုံတစ်ယောက်၏ အော်ပြောသံ ထွက်ပေါ်လာသည်။

မင်းသားလေး ကျင်းစိန်နှင့် ကျူးဟန်ကောင်းတို့ အပါအဝင် မိုးကြိုးလှ ဂိုဏ်းသားအားလုံးသည် စကားသံ ထွက်ပေါ်လာရာဆီသို့ လျင်မြန်စွာ ပြေးလွှားသွားကြသည်။

အာချီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူငေးကြည့်နေစဉ်မှာပင် မင်းသားလေး ကျင်းစိန်တို့ လူစုသည် သင်းချိုင်းကုန်း မြောက်ဘက်ဆီသို့ ပြေးလွှားသွားကြပြီး တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

အာချီ ပင့်သက်ရှိုက်လိုက်၏။

ဇရပ်ပျက်ကို ကျော့ပတ်ကာ အုတ်ဂူပျက်ဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အုတ်ဂူပျက်အတွင်းမှ မီးခိုးများ ထွက်နေပါ၏။

အာချီ ပခုံးတွန့်လိုက်သည်။

'တော်ပါသေးရဲ့၊ မီးခိုးတွေကို သူတို့ တွေ့မသွားလို့ပေါ့၊ မဖြစ်ဘူး မီးပုံကို မြန်မြန်ငြိမ်းပစ်လိုက်တာ ကောင်းမယ်'

ပြောပြီး အုတ်ဂူပျက်အတွင်း ခပ်သွက်သွက် လှမ်းဝင်လိုက်လေသည်။

အုတ်ဂူပျက်အတွင်းသို့ရောက်လျှင် ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

'ဟိုက်'



လွှတ်ခနဲ အော်လိုက်မိ၏။

အကြောင်းကား သတိလစ် မေ့မျောနေသည့် လုထင်းမှာ ပျောက်ချင်းမလှ ကွယ်ပျောက်သွားပြီ မဟုတ်ပါလား။

အာချီ မျက်နှာပျက်သွားသည်။

"ဒါ...ဒါဆို စောစောက တွေ့ပြီလို့ အော်ပြောတာ သူ ထွက်သွားတာကို တကယ်တွေ့သွားကြတာကိုး ဒုက္ခပဲ'

ညည်းညူပြီး ခပ်သွက်သွက် ပြန်ထွက်ခဲ့သည်။

ထို့နောက် မင်းသားလေး ကျင်းစိန်တို့လူစု ထွက်သွားရာ လမ်းသို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

* * *

အာချီ သက်ပြင်းချလိုက်သည်။

မိုးကြိုးလှ ဂိုဏ်းသားများ ထွက်သွားကြလေပြီ။

သူက အတန်ကြာ လိုက်သွားပြီး မိုးကြိုးလှ ဂိုဏ်းသားများ မြို့ထဲသို့ ပြန်လည် ဝင်ရောက်သွားကြသည်ကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် နောက်မှ တိတ်တဆိတ် လိုက်သွားရာ မိုးကြိုးလှ ဂိုဏ်း ဌာနချုပ်အနီးသို့ပင် ရောက်ရှိသွားလေသည်။

မင်းသားလေး ကျင်းစိန် ဦးဆောင်သော မိုးကြိုးလှ ဂိုဏ်းသားများသည် ဌာနချုပ် အဆောက်အအုံ အတွင်းသို့ ဝင်သွားကြလေသည်။

'သူတို့တွေ လုထင်းကို မိသွားကြပြီလား'

အာချီ တွေးရင်း စိုးရိမ်ပူပန်လာသည်။

သို့သော် အဆောက်အဦးအတွင်းသို့ ဝင်ရန်ကား မဝံ့မရဲ ဖြစ်နေ၏။

အာချီ ကြံရာမရဖြစ်နေစဉ် အနီရောင် ဝတ်ဆင်ထားသူ တစ်ယောက် ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အာချီက မှောင်ရိပ်ထဲ လှစ်ခနဲ ပုန်းကွယ်လိုက်သည်။

ထိုလူ သူ့အနီးမှ ကျော်ဖြတ်သွားလျှင် ရုတ်တရက် ခုန်ထွက်ကာ ထိုလူ၏ခါး၌ ချိတ်ထားသည့်ဓားကို လုယူလိုက်ပြီး ထိုလူ၏ ဇက်ပိုးပေါ်တင်ကာ....

'မလှုပ်နဲ့'

ဟု ခြိမ်းခြောက်လိုက်လေသည်။

ထိုလူမှာ မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် ထိတ်လန့်တုန်လှုပ်သွား၏။

နောက်လှည့်ကြည့်ရန် ကြိုးစားလိုက်စဉ် အာချီက ခပ်ထန်ထန် ငေါက်လိုက်သည်။

'လှည့်မကြည့်နဲ့ အောင်ဖိုလဲ မကြိုးစားနဲ့ မင်း သေသွားချင်သလား'

ဓားကို ကုပ်ပိုးပေါ် ခပ်ဖိဖိ တင်ထားလိုက်သည်။



ဓားသွား၏ ထက်မြက်မှုကြောင့် ထိုလူ ထိတ်လန့်တုန်လှုပ်သွား၏။

'မ....မလုပ်ပါနဲ့ဗျာ....ကျုပ် ကျုပ်ကို ချမ်းသာပေးပါ'

ဟု ပျာပျာသလဲ တောင်းပန်လိုက်လေသည်။

အာချီက....

'ပြောစမ်း လုထင်း ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

ထိုလူ ခေါင်းယမ်းကာ....

'ကျုပ်....ကျုပ်မသိပါဘူးဗျာ'

'ဘာပြောတယ်၊ မင်းသေချင်ပြီလား'

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ်မသိပါဘူးဗျာ'

'မင်း မှန်မှန်ပြောစမ်း'

'မဟုတ်ပါဘူးဗျာ၊ ဘယ်သူ့ကိုမှ မမိပါဘူး၊ ထွက်ပြေးသွားတဲ့ လူနောက်ကို လိုက်ကြပေမယ့် မမိဘဲ လွတ်မြောက်သွားပါတယ်'

'ဟေ'

အာချီ အံ့ဩသွားသည်။

ထိုလူ လိမ်ပြောမည်မဟုတ်ဟု နားလည်ထားသည်။

ထိုလူ၏စကားအတိုင်း လုထင်း လွတ်မြောက်သွားပြီဆိုလျှင် စိုးရိမ်ပူပန်စရာ ရှိတော့မည် မဟုတ်ပါ။

အာချီ သက်ပြင်းချလိုက်မိသည်။

ဓားနှောင့်ဖြင့် ထိုလူ၏နားထင်ကို ခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။

'ဒုတ်'

'အင့်'

ထိုလူ မသဲမကွဲအော်ပြီး ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။

မြေပေါ်ရောက်လျှင် ပြန်မထနိုင်တော့ဘဲ သတိလစ် မေ့မြောသွားသည်။

အာချီက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

လူသူကင်းရှင်းနေပြီး သူ၏လုပ်ရပ်ကို မည်သူမျှ တွေ့မြင်သွားခြင်း မရှိသဖြင့် စိတ်သက်သာရာ ရသွား၏။

ချက်ချင်းပင် ထိုနေရာမှ ပြေးထွက်ခဲ့၏။

သူ၏ခြေလှမ်းများကား သင်းချိုင်းမြေသို့ ဦးတည်လျက်။

* * *

လုထင်း လွတ်မြောက်သွားသည်ဆိုလျှင် အုတ်ဂူပျက်သို့ ဖြန်လာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

အတော်လေးကြာအောင် ပြေးသွားပြီးလျှင် သင်းချိုင်းမြေသို့ ပြန်လည်ရောက်ရှိသွားသည်။



အာချီက အုတ်ဂူပျက်ဆီသို့ ဦးတည်သွား၏။

အုတ်ဂူပျက်ရှေ့သို့ရောက်လျှင်....

'ညီလေး....လုထင်း၊ ညီလေးလုထင်း'

ဟု အငမ်းမရ ခေါ်လိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'အစ်ကိုကြီး အာချီလား'

အတွင်းဘက်မှ ခြောက်သွေ့ အက်ကွဲနေသည့် စကားသံ ထွက်ပေါ်လာ၏။

အာချီ လှမ်းဝင်လိုက်လျှင် အခေါင်းတစ်လုံးပေါ်၌ ထိုင်နေသည့် လုထင်းအား တွေ့မြင်လိုက်ရတော့သည်။

သုံးရက်....

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

သုံးရက်အတွင်း လုထင်း ထူထူထောင်ထောင် ဖြစ်လာလေသည်။

အာချီ၏ဆေးမှာ အစွမ်းထက်မြက်လှသည်။

ရက်ပိုင်းအတွင်း ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီး လူကောင်းပကတိ ဖြစ်လာစေသည်။

လုထင်းက အခေါင်းတစ်လုံးပေါ်၌ ထိုင်နေ၏။

အခေါင်းပေါ်၌ ထိုင်ခြင်း အိပ်ခြင်းကား သူ့အတွက် ရှဆန်းတော့ပေါ့။

အာချီသည်လည်း ထိုသို့ပင် ပြုကျင့်နေထိုင်သည် မဟုတ်ပါ
လား။

အာချီက မီးပုံတစ်ခုဖိုကာ ကြက်သားကင်နေ၏။

ကြက်သားကင်မှ မွှေးကြိုင်သင်းပျံ့သော အနံ့များ အုတ်ဂူ
ပျက်အတွင်းသို့ သင်းပျံ့နေလေသည်။

လုထင်းဝမ်းပိုက် တကြုတ်ကြုတ် ဆာလောင်လာသည်။

အာချီက မီးပုံပေါ်၌ တံစို့ထိုးကင်ထားသည့် ကြက်သား
ကင်ကို ဖြုတ်ယူလိုက်၏။

တစ်ဖန်....

လုထင်းဘက်လှည့်ကာ ပြုံးပြုံးရွှင်ရွှင်....

'ညီလေး တော်တော်ဆာနေပြီလား'

ဟုမေးလိုက်သည်။

'ဟုတ်တယ်၊ အစ်ကိုကြီး ကြက်သားကင်က မွှေးလိုက်တာ
ဗိုက်တောင်ဆာလာပြီ'

'ဟား....ဟား....ဟား....'

အာချီ ရယ်မောလိုက်ပြီး....

'စိတ်ချ၊ အခုပဲ စားရတော့မှာပါ'

စကားဆုံးလျှင် အခေါင်းတစ်လုံးအတွင်းမှ အရက်အိုးနှင့်
ပေါက်စီအချို့ ထုတ်ယူလိုက်၏။

ပြီးလျှင်....

အခြားခေါင်းတစ်လုံးကိုပင် စားပွဲအဖြစ် အသုံးပြုကာ
စားသောက်ဖွယ်ရာများ တင်လိုက်လေသည်။

'ကဲ....ညီလေး စားနိုင်ပြီ'



လုထင်းက ဘာမှမပြောတော့ဘဲ ကြက်ကင်ကိုဖဲ့ကာ ပလုပ်
ပလောင်း စားသောက်လိုက်သည်။

အာချီက....

'အရက်သောက်လိုက်ပါဦးလား'

ပြောပြောဆိုဆို အရက်တစ်ခွက် ငှဲ့ပေးလိုက်၏။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် အရက်မသောက်တတ်ပါဘူး'

'ဟေ....'

အာချီ အံ့သြသွားလေသည်။

လုထင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

* * *

'ညီလေး၊ အရက်မသောက်တတ်ဘူး ဟုတ်လား....'

'ဟုတ်ပါတယ်'

'အံ့သြစရာပဲ'

'ဘာဖြစ်လို့လဲ'

အာချီက တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ စိတ်သဘော
ထား ပြောင်းလဲသွားဟန်ဖြင့် ခေါင်းယမ်းကာ....

'ဘာမှမဖြစ်ပါဘူးကွာ၊ ကဲ.... ကဲ.... စားလိုက်ပါဦး'

လုထင်းလည်း ဆက်၍ စားသောက်လိုက်၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ကာ အားရပါးရ စားသောက်ကြလေသည်။

နှစ်ယောက်သား စားလိုက်ရာ ကြက်ကင် သုံးကောင် ကုန်သွားတော့၏။

လုထင်းက ဝမ်းဗိုက်ဆို လက်ဖြင့် ပွတ်ရင်း....'

'စားလို့ကောင်းလိုက်တာ၊ ဗိုက်တောင် ပြည့်သွားပြီ'

ဟု ကျေကျေနပ်နပ် ပြောလိုက်၏။

အာချီက....

'ညီလေးကို နောက်နေ့မှ ဟင်းကောင်းကောင်း ချက်ကျွေးရဦးမယ်'

ဟု ပြောလိုက်၏။

လုထင်း သက်ပြင်းချကာ....

'ကျွန်တော် မကြာခင် ဒီက ထွက်သွားရတော့မှာပါ၊ ကြာကြာနေဖို့ အချိန်မရှိပါဘူးဗျာ'

'ဟင်.... ဘာဖြစ်လို့ လဲ၊ မိုးကြိုးလှ ဂိုဏ်းကြောင့်လား'

လုထင်း ခေါင်းယမ်းလိုက်သည်။

'မိုးကြိုးလှ ဂိုဏ်းက ကျွန်တော့် ဘဝမှာ အသေးအဖွဲ့ကိစ္စ တစ်ခုပါ'

'ဒါဖြင့် ညီလေးမှာ တခြားအရေးကြီးတဲ့ ကိစ္စတွေ ရှိနေသေးတယ်ပေါ့ ဟုတ်လား'



လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

* * *

အာချီ စိတ်ဝင်စားလာ၏။

လုထင်းအား အကဲခတ်ကြည့်လိုက်ပြီး....

'ညီလေးမှာ အရေးကြီးတဲ့ ကိစ္စတွေ ရှိနေသေးတယ် ဟုတ်လား၊ ဘယ်လိုကိစ္စတွေဆိုတာ အစ်ကိုကြီးကို ပြောမပြနိုင်ဘူးလား၊ အစ်ကိုကြီး ကူညီနိုင်ရင် ကူညီရတာပေါ့'

လုထင်း တွေဝေသွားသည်။

အာချီမှာ သူ၏အသက်ကို ကယ်တင်ခဲ့သူဖြစ်၏။

သူ၏ဘဝတွင် ပထမဆုံးအကြိမ် ရရှိခဲ့သော မိတ်ဆွေ တစ်ယောက်လည်း ဖြစ်ပေသည်။

အာချီအား ညီအစ်ကိုအရင်းပမာ ခင်မင်မိခဲ့သည်။

ထို့ကြောင့်....

'ကျွန်တော် ပြောပြချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့် အကြောင်း သိရလို့ အစ်ကိုကြီး စိတ်ဆင်းရဲရရှုံပဲရှိပါလိမ့်မယ်၊ မထူးပါဘူး'

ဟု ပြောလိုက်လေသည်။

အာချီက....

'အို.... ဒီလိုဘယ်ဟုတ်မလဲ၊ တို့တစ်တွေ မိတ်ဆွေညီအစ်ကိုလို သဘောထားကြပြီပဲ၊ တစ်ယောက် အခက်အခဲရှိရင် တစ်ယောက် ကူညီရမှာပေါ့၊ ပြောသာပြောပါ၊ အစ်ကိုကြီး ကူညီနိုင်တဲ့ ကိစ္စဆိုရင် ကူညီပါ့မယ်'

လှထင်း သက်ပြင်းချကာ....

'ကျွန်တော် မြောင်နယ်ခြားကို သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်'

'ဟေ.... မြောင်နယ်ခြား ဟုတ်လား'

'ဟုတ်ပါတယ်'

'အို့.... အဝေးကြီးပါလား၊ မြောင် နယ် ခြား ကို ရောက် အောင် အတော်သွားရလိမ့်မယ်၊ လမ်းခရီးကလဲ ကောင်းတာ မဟုတ်ဘူး၊ ခရီးကြမ်းသလို လူဆိုးဓားပြတွေလဲ ပေါများတယ်'

လူဆိုး ဓားပြဟူသော စကားကြားလျှင် လှထင်း မချိပြုံး ပြုံးလိုက်လေသည်။

သူတို့အား လူအများက လူဆိုးဓားပြဟု သတ်မှတ်ကာ ရန်ပြု ချင်ခဲ့ကြသည် မဟုတ်ပါလား။

* * *



လူဆိုးဓားပြဟူသော စကားလုံးသည် ယခုတိုင် သူ့အား ဒုက္ခပေးလျက် ရှိနေပေတော့သည်။

လှထင်း ပင့်သက်ရှိုက်ကာ....

'လူဆိုးဓားပြ ပေါပေမယ့် ကျွန်တော် မမှုပါဘူး၊ ကျွန်တော့်မေမေက မြောင်နယ်ခြားကို ရောက်အောင် သွားရမယ်လို့ မှာသွားခဲ့ပါတယ်'

'ညီလေး မေ့မေက ဘယ်သူလဲ၊ အခုလိုမေးတာ စိတ်မဆိုးပါနဲ့နော်'

လှထင်း ခေါင်းယမ်းလိုက်သည်။

'စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ပြောပြဖို့ မဖြစ်နိုင်ဘူး ထင်ပါတယ်'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် ပြောပြလိုက်ရင် အစ်ကိုကြီးနဲ့ ကျွန်တော် အခင်မင်ပျက်သွားနိုင်လို့ပါ'

အာချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ချက်ချင်းပင်....

'ဘာဆိုင်လို့လဲ တို့နှစ်ယောက်ကို ဘယ်သူ လက်တွဲ ဖြုတ်အောင် လုပ်နိုင်မှာလဲ၊ ညီလေးမေမေရဲ့ နာမည် ပြောပြတာနဲ့ အခင်အမင် ပျက်ရမယ် ဆိုတာ ဘာသဘောလဲ၊ အစ်ကိုကြီး နားမလည်ဘူး'

လှထင်းက....

'ကျွန်တော့် မေမေကို လူတွေက လူဆိုး ဓားပြကြီးလို့ သတ်မှတ် ထားကြတာမို့ပါ'

'ဟော....'

'ကျွန်တော်ပြောပြရဦးမလား'

အာချိက မဆိုင်းမတွပင်....

'ဘာဆိုင်လို့လဲ၊ ညီလေးဟာ လူကောင်း တစ်ယောက် ဆိုတာ ကျုပ်သိပါတယ်၊ သူများတွေ ပြောတာ မဖြစ်နိုင်ပါဘူး'

'အစ်ကိုကြီးသေချာတယ်နော်'

'သေချာပါတယ်၊ ညီလေးဟာ လူကောင်း တစ်ယောက်ပါ'

လုထင်းက ပြုံးလိုက်သည်။

သူ၏ဘဝတွင် ပထမဆုံးအကြိမ် လူကောင်းတစ်ယောက်ဟု ပြောဆိုခြင်း ခံလိုက်ရသည်မဟုတ်ပါလား။

သူ၏စိတ်ထဲကြည်ကြည်နူးနူး ဖြစ်လာသည်။

အာချိကိုစိုက်ကြည့်ရင်း....

'အစ်ကိုကြီး သံမဏိယပ်တောင် ဝမ်းလျန်ဆိုတဲ့ အမည်ကို ကြားဖူးသလားဟင်'

ဟု မေးလိုက်သည်။

အာချိအနည်းငယ်စဉ်းစားလိုက်ပြီး....

'ကြားတော့ ကြားဖူးတယ်၊ မြောက်ပိုင်းက လူဆိုးကြီး တစ်ယောက် မဟုတ်လား'

လုထင်း ပြုံးလိုက်သည်။

'ကဲ....ကျွန်တော်မပြောဘူးလား'

'ဟော....ညီလေးဘာကိုဆိုလိုတာလဲ'



'ဘာကို ဆိုလိုသလဲ ဆိုတော့ သံမဏိယပ်တောင် ဝမ်းလျန် ဟာ ကျွန်တော့် မိခင် ဖြစ်နေလို့ပါပဲ'

'ဩော်....'

အာချိ အံ့ဩသွားလေသည်။

လုထင်းက....

'အစ်ကိုကြီး ဘယ်လို သဘောရသလဲ'

အာချီ မျက်မှောင်ကြုတ်ကာ....

'ညီလေး ဘာကို ဆိုလိုတာလဲကွ'

'ကျွန်တော့်ကို လူဆိုး ဓားပြတစ်ယောက်ဆိုပြီး ရွံ့မုန်း မသွားဘူးလား'

'ဟာ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ လူတွေက ကျွန်တော့် အမေ နာမည်ကြား တာနဲ့ကျွန်တော့်ကို ဒုက္ခပေးဖို့ ကြိုးစားကြတော့တာပဲ'

အာချီသက်ပြင်း ချလိုက်သည်။

'လက်စသတ်တော့ ဒီကိစ္စကြောင့် မိုးကြိုးလုံဂိုဏ်းက လူတွေ မင်းနောက် လိုက်နေကြတာကိုး'

'မဟုတ်သေးဘူး အစ်ကိုကြီး'

'ညီလေး မင်းဘာတွေ ပြောနေတာလဲ၊ ကျုပ်တော့ နားမလည်တော့ပါလားကွ'

လုထင်း ရှင်းပြလိုက်သည်။

'စာပေပညာရှင် လုယုဖိုးဟာ ကျွန်တော့်ဖခင်ပါ၊ ကျွန်တော့်မိခင်နဲ့ ညီအစ်ကိုတွေ အားလုံး သေဆုံး သွားကြတဲ့အခါ ကျွန်တော်က ဖေဖေ့ဆီကိုလာခဲ့ပါတယ်'

အာချို အနည်းငယ် စဉ်းစားလိုက်ပြီး။

'မြို့ထဲက စာပေပညာရှင် လုယုဖိုးလား၊ သူ့မှာ အင်မတန် ချော အင်မတန်လှပြီး အင်မတန်မာနကြီးတဲ့ သမီးတစ်ယောက် ရှိတယ်လေ'

'ဟုတ်ပါတယ် ဖေဖေက နောက်အိမ်ထောင် ပြုထားပြီး သမီးတစ်ယောက်တောင် ရနေပါပြီ၊ ညီမလေး လုဝမ်းဝမ်းဟာ မိုးကြိုးလုံ ဂိုဏ်းက မင်းသားလေး ကျင်းစိန်နဲ့ စေ့စပ်ထားပါတယ်'

အာချို အံ့ဩသွားသည်။

'ဒါဆို မင်းသားလေး ကျင်းစိန်နဲ့ ညီလေးဟာ ဆွေမျိုးတော်စပ်နေကြပြီပဲ၊ ဘာကြောင့် သူက ရန်ရှာချင်တာလဲ'

'ညီမလေး လုဝမ်းဝမ်းကြောင့်ပါ'

'ဟေ....ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး'



လုထင်းက ရှင်းပြလိုက်လေသည်။

လုဝမ်းဝမ်းနှင့် မာကူးသည် သူ့အား မလိုလားသဖြင့်အမျိုးမျိုး အကောက်ကြံခဲ့ကြပြီး ဒုက္ခမရောက်ရောက်အောင် ပြုလုပ်ခဲ့ကြရာမှ မင်းသားလေးကျင်းစိန် ပါဝင်ကူညီခဲ့ပုံများကို တစ်လုံးမကျန် ပြောပြလိုက်လေသည်။

သူ၏စကားအဆုံးတွင် အာချိုက မကျေမနပ်ဖြင့်....

'ဒါတော့ ဘယ်တရားမလဲ၊ တကယ်ဆို မိုးကြိုးယံဂိုဏ်းဟာ သိုင်းလောကမှာ အဖြူရောင်သိုင်းအဖွဲ့ အစည်းတစ်ခုလို့ ကျော်ကြားနေပေမယ့် တကယ်တမ်း သူတို့က မကောင်းမှုတွေကို နောက်ကွယ်မှာ လုပ်နေကြတာပဲ'

လုထင်း သက်ပြင်းချကာ သူ၏ ဘဝအဖြစ်အပျက်များကို ဆက်၍ ရှင်းပြလိုက်လေသည်။

* *

မြောင်နယ်မြေသို့မသွားမီ သူ၏ဘဝအမှန်နှင့် သူခံစားခဲ့သော စိတ်ဝေဒနာများကို တစ်စုံတစ်ယောက် နားလည်ထားရန်လိုအပ်သည်ဟု ယူဆထား၏။

မြောင်နယ်ခြားမှ ပြန်လာလျှင်ကား ဖြူစင်သောနတ်သား ရှိသည့် လုထင်း မဖြစ်နိုင်တော့ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

မြောင်နယ်ခြား၌ အဆိပ်ပညာ ထပ်မံလေ့ကျင့်ပြီး ပြည်မသို့ ပြန်လာလျှင် သူ့အား ဒုက္ခပေးခဲ့သူအားလုံးကို သူက လက်တုံ့ပြန် တိုက်ခိုက်တော့မည်ဖြစ်လေသည်။

ထိုအခါ သူသည်လည်း မိခင်ကဲ့သို့ မကောင်းသတင်းဖြင့် ကျော်ကြားသူ ဖြစ်လာပေလိမ့်မည်။

သူသည် မိခင်ဖြစ်သူ၊ ဦးလေးဖြစ်သူနှင့် ညီအစ်ကိုများ အကြောင်း ကောင်းစွာ သိထားသည် မဟုတ်ပါချေ။

မကောင်းမှုဒုစရိုက်လုပ်ငန်းများ ကာယကံမြောက်ကျူးလွန်ရန် မဆိုထားနှင့် စိတ်ထဲ၌ပင် ပြစ်မှားပြုလုပ်မိသည်မရှိပါ။

သို့ပါသော်လည်း သူ့အပေါ် အုပ်မိုးနေသည့် အရိပ်မည်းကြီးကြောင့် ဒုက္ခမျိုးစုံ ကြုံတွေ့ရင်ဆိုင်ခဲ့ရပေသည်။

ထို့ကြောင့်လည်း ခံပြင်းနာကြည်းမှုများသည် သူ့အား လူဆိုးတစ်ယောက်ဘဝသို့ ပို့ဆောင်နေပြီ မဟုတ်ပါလား။

လုထင်း၏ရင်ထဲ၌ ခံစားချက်များသည် အာချီထံသို့ပင် ကူးစက်သွားသည် ထင်မှတ်ရပေတော့သည်။

အာချီသူ့အတွက် စိတ်မကောင်းဖြစ်မိသည်။

လုထင်းတစ်ယောက် လမ်းမှားပေါ်သို့လျှောက်ရန် တာစူနေပြီဖြစ်ကြောင်းလည်း နားလည် သဘောပေါက်မိလေတော့သည်။

အာချီက....



'ဦးလေးက မြောင်နယ်ခြားကိုသွားပြီး အဆိပ်ပညာသင်မယ်၊ ပြီးတော့ ပြည်မကို ပြန်လာပြီး ရန်သူတွေကို ရင်ဆိုင်မယ်လို့ စိတ်ကူးထားတယ် မဟုတ်လား'

ဟု မေးလိုက်သည်။

လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ညီလေး ဒီလိုလုပ်မှ မှန်မယ်လို့ ယူဆထားသလား'

'ဗျာ....'

• • •

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အာချီက တည်ကြည်သောမျက်နှာထားဖြင့်....

'ညီလေး၊ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်မယ်ဆိုရင် အမှားကြီး မှားသွားလိမ့်မယ်တဲ့'

'ဗျာ....ဘာဖြစ်လို့'

'ညီလေး စဉ်းစားကြည့်ပါ၊ ညီလေးအမေကြောင့် ညီလေးကိုပါ သူများတွေ အထင်လွဲခဲ့ကြတယ် မဟုတ်လား၊ ညီလေး မဟုတ်ပါဘဲ ဟုတ်ပါတယ်လို့ အစွပ်စွဲခံခဲ့ရတဲ့ဘဝပဲ၊ ညီလေးကသာ မြောင်နယ်ခြားကို သွားမယ်ဆိုရင် အားလုံး ဘယ်လိုထ

ကြမလဲ၊ ဒီပုပ်ထဲက ဒီပဲမျိုး ထွက်မှာပဲ၊ မထူးဆန်းဘူးလို့ ဆိုကြမှာပဲ မဟုတ်လား'

ထိုစကားကြားလျှင် လုထင်း မကျေမနပ် ဖြစ်သွားလေသည်။

အာချီကိုစိုက်ကြည့်နေပြီး ဘာမှမပြောချေ။

အာချီက ဆက်ပြောလိုက်သည်။

'ညီလေးကသာကောင်းအောင်လုပ်မယ်ဆိုရင် အားလုံးအံ့ဩကုန်ကြမယ်၊ ညီလေးကို အရေးတယူ ဆက်ဆံလာကြမှာပဲ'

'ဗျာ....ကျွန်တော့်ကို အရေးတယူ ဆက်ဆံလာကြမယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'မဖြစ်နိုင်တာ'

အာချီ ပြုံးလိုက်သည်။

'ဘာကြောင့်မဖြစ်နိုင်ရမှာလဲ၊ ညီလေးသာ လူကောင်း လူကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နေပြလိုက်မယ်ဆိုရင် အားလုံးနားလည်သဘောပေါက်ပြီး လက်ခံလာကြလိမ့်မယ် ညီလေးအပေါ် မတရားပြုဖူးသူတွေ ညီလေးရှေ့မှာ ဒူးထောက်တောင်းပန်လာရမှာ အမှန်ပဲ'

လုထင်းရင်ထဲ လှုပ်ရှားသွားလေသည်။



အာချီ၏စကားများသည် သူ့အား ဆွဲဆောင်နိုင်မှု ရှိလေသည်။

* * *

သို့သော် သူ၏အသည်းနှလုံးကား စွန်းထင်း ပေကျံခဲ့ပြီဖြစ်သည်။ သူ၏မိခင်အတွက် လက်တုံ့မပြန်ဘဲ နေနိုင်မည် မဟုတ်ပါ။

လုထင်း သက်ပြင်းချကာ....

'အစ်ကိုကြီးပြောတာ သဘောကျပါတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်က ရန်သူတွေကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ'

'ဒါဆို လူတွေကငါ့ညီကို ရွံမုန်းကြမှာပေါ့၊ လူဆိုးခေါင်းကြီးတစ်ယောက်လို့ သတ်မှတ်လိုက်ကြမှာပေါ့'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

အာချီက....

'ညီလေး၏မိခင်နဲ့ညီအစ်ကိုတွေဟာ သူများလက်ချက်ကြောင့် သေဆုံးသွားကြရတာကို ညီလေးမကျေနိုင်တဲ့ ဖြစ်နေရတယ် ပေါ့'

'ဟုတ်တယ်လေ၊ ကျွန်တော့်နေရာမှာရှိရင် အစ်ကိုကြီးကော ဘယ်လိုခံစားရမလဲ'

အာချို လက်ကာပြလိုက်သည်။

'ဒါကို အသာထားလိုက်ပါဦး၊ ငါ့ညီကို အစ်ကို စကား တစ်ခွန်းမေးချင်တယ်၊ ညီလေး စိတ်ဆိုးမှာလား'

လုထင်း အံ့သြသွားသည်။

အာချိုကို မျက်မှောင်ကြုတ်ကြည့်ကာ....

'အစ်ကိုကြီး ဘာမေးမလို့လဲ'

'ငါ့ညီ စိတ်ဆိုးမှာလား စိတ်မဆိုးဘူးလားဆိုတာ အရင် ပြောပါ'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

အာချိုသည် သူ့အား ကောင်းစေလိုသည့် စိတ်ဆန္ဒဖြင့် ပြောနေခြင်းဖြစ်ကြောင်း နားလည်ထားပေသည်။

ထို့ကြောင့် အာချိုမျက်နှာ ညှိုးနွမ်းနေသည်ကို မကြည့်ရက် တော့ဘဲ....

'အစ်ကိုကြီးမေးပါ၊ ကျွန်တော် စိတ်မဆိုးပါဘူး'

ထိုစကားကိုကြားလျှင် အာချိုဝမ်းသာသွားသည်။ သူ၏ မျက်နှာ ချက်ချင်းပင် ဝင်းပသွားသည်။

'ညီလေး တကယ်ပြောတာနော်'

'တကယ်ပါ'



'ဒါဖြင့် အစ်ကိုကြီးမေးမယ်၊ ငါ့ညီရဲ့ မိခင်နဲ့ ညီအစ်ကို မောင်နှမတွေ လက်ချက်ကြောင့် တခြားလူတွေကော အသက် မသေခဲ့ကြရဘူးလား'

လုထင်း ငိုင်သွား၏။

ဦးလေးဝမ်းတုသည် သူ့အား အလွန်ချစ်မြတ်နိုးသည်။

သဘောမနောကောင်းသည်။

သူ့အတွက်ဆိုလျှင် အစစအရာရာကို အလိုလိုက် အကြိုက် ဆောင်သူ ဖြစ်သည်။

သို့သော်....

ရန်သူနှင့်ရင်ဆိုင်ရသည့်အခါ ရက်ရက်စက်စက် တိုက်ခိုက် သတ်သင်ပစ်သည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

ရန်သူများအား အခွင့်အရေး လုံးဝမပေးဘဲ သုတ်သင် ရှင်းလင်းပစ်လိုက်၏။

ဝမ်းတုသည်ပင် ရက်စက်ကြမ်းကြုတ်နေသေးလျှင် ခက်ထန် မောက်မာသော သူ၏မိခင်နှင့် ညီအစ်ကိုများကား ဆိုဖွယ်ရာ ရှိတော့မည် မဟုတ်ချေ။

* * *

လှထင်း တွေးတောစဉ်းစားရင်း အဖြေမပေးနိုင်ဘဲ ဖြစ်နေရသည်။

အာချီက....

'ပြောပါဦး၊ ညီလေးရဲ့ မိခင်နဲ့ ညီအစ်ကို မောင်နှမတွေကြောင့် အသက်သေခဲ့သူတွေ မရှိခဲ့ဘူးလား'

ဟု ထပ်မေးလာသည်။

လှထင်း သက်ပြင်းချကာ...

'ကျွန်တော်လဲ မပြောတတ်ဘူး၊ ဒါပေမယ့် အစ်ကိုတွေကတော့ ရန်သူတွေနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ရတဲ့ တိုက်ပွဲတွေအကြောင်း ပြောပြဖူးတယ်၊ အဲဒီတိုက်ပွဲတွေမှာ ရန်သူတွေကို ဘယ်လို အနိုင်တိုက်ခိုက်ခဲ့တယ်ဆိုတာ ပြောပြဖူးပါတယ်'

'ဒါဆိုရင် သူတို့လက်ချက်ကြောင့် ဒု...ရောက်သူတွေ ရှိမှာပေါ့'

'ရှိနိုင်ပါတယ်'

'သူတို့ ရင်ဆိုင်ခဲ့ရတဲ့ တိုက်ပွဲဆိုတာ ဘာလဲ၊ သူများတွေကို လုယက်တိုက်ခိုက်ခဲ့တာပဲ မဟုတ်လား'

လှထင်း ပါးစပ်ပိတ်သွားလိုက်သည်။

မှုန်ပေသည်။

တောင်ဖြူချောင်း အနောက်ဘက်တွင် နေထိုင်သည့် သူတို့အား လာရောက်နှောင့်ယှက်ဝံ့သူ မရှိသလောက်ပင်။

သူတို့ကသာလျှင် လူသူစုရုံးကာ တောင်ဖြူချောင်းကို ဖြတ်ပြီး အရှေ့ဘက်သို့ သွားရောက်တိုက်ခိုက်ကြခြင်း ဖြစ်၏။

တစ်ကြိမ်က....



သူ၏မိခင် ဦးဆောင်ပြီး တောင်ဖြူချောင်း အရှေ့ဘက်မှာ လုယက်ရန် တိုင်ပင်ဆွေးနွေးနေသည်ကို တွေ့ခဲ့ရဖူး၏။

ထိုစဉ်က အမှုမဲ့ အမှတ်မဲ့ နေခဲ့မိသည်။

အာချီက ဆက်ပြောလိုက်ပြန်သည်။

'သံမဏိယပ်တောင် ဝမ်းလျှန်ရဲ့ လက်ချက်ကြောင့် သေဆုံးသွားရသူတွေ မနည်းဘူးဆိုတာ အစ်ကိုကြီး ကြားဖူးပါတယ်၊ ကိုယ့်ကြောင့် သူများ ဒုက္ခရောက်ခဲ့ဖူးသလို သူများကြောင့် ကိုယ်ဒုက္ခရောက်တဲ့အခါကျတော့ ကိုယ်ချင်းမစာနိုင်ဘူးလား၊ ကိုယ့်အလှည့်ကျတော့ မချိအောင် နာတတ်လို့ တရားပါ့မလား ညီလေးရာ'

လှထင်း မကျေမနပ်ဖြစ်သွားသည်။

အာချီကို ကြည့်လိုက်၏။

အာချီကလည်း သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေသည်ကို တွေ့မြင်ရ၏။

* * *

လှထင်းက....

'ကျွန်တော်က ရန်သူတွေကို ဒီအတိုင်း ဂရုစိုက်ကြည့်နေရတော့မှာလား၊ သူတို့ဟာ ကျွန်တော့်ကို အရှက်ခွဲခဲ့တယ်၊ ဘဝကို ဖျက်ဆီးခဲ့တယ်၊ ကျွန်တော်...ကျွန်တော်'

ပြောရင်း ပြောရင်း ခံပြင်းဒေါသ ထွက်လာခြင်းကြောင့် ရှေ့ဆက်မပြောနိုင်ဘဲ ဖြစ်သွားသည်။

အာချီက....

'ညီလေးက သူတို့ကို သုတ်သင်လိုက်မယ် ဆိုပါတော့၊ သူတို့ရဲ့ ညီအစ်ကိုမောင်နှမတွေ သားသမီးတွေကကော လက်ပိုက်ကြည့်နေမလား၊ ညီလေးကို တိုက်ခိုက်သုတ်သင်ဖို့ ကြိုးစားကြလိမ့်မယ်'

အာချီက နားဝင်အောင် ရှင်းပြသည်။

'အဲဒီတော့ ရန်ငြိုးသံသရာ ဘယ်တော့ဆုံးမလဲ၊ ညီလေးသဘောထားကြီးကြီးနဲ့ နားလည်ခွင့်လွှတ်လိုက်မယ်ဆိုရင်....'

သူက လုထင်းကို အကဲခတ်ကြည့်လိုက်သည်။

လုထင်း ခေါင်းယမ်းလိုက်သည်။

'အစ်ကိုကြီးပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် ဝမ်းနည်းပါတယ်၊ ကျွန်တော် လက်မခံနိုင်ပါဘူး'

'ဘာဖြစ်လို့လဲ ညီလေး'

'ကျွန်တော်က ရန်သူတွေကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ သန္နိဋ္ဌာန်ချထားပြီးပါပြီ'

အာချီ သက်ပြင်းချလိုက်သည်။

'ညီလေး ကောင်းတဲ့ဆုံးဖြတ်ချက်သာ ချပြီးရင် ပြန်မပြင်သင့်တာပဲ၊ မကောင်းတဲ့ ဆုံးဖြတ်ချက်ဆိုတာ မကောင်းမှန်းသိတဲ့အခါ ပြင်သင့်ရင် ပြင်ရတာ ရှိပါတယ်'

လုထင်းက သူ့အား စိုက်ကြည့်လိုက်၏။

ယခုတစ်ကြိမ် ခြေဆုံးခေါင်းဆုံး သေသေချာချာ စိုက်ကြည့်လိုက်ခြင်း ဖြစ်သည်။

* * *



အာချီကား....

သင်းချိုင်းစောင့်တစ်ယောက် ဖြစ်သည်။

သို့သော်....

စိတ်ကောင်း နှလုံးကောင်းရှိပြီး သူတစ်ပါးအား ကူညီလိုစိတ် အပြည့်ရှိပေသည်။

သိုင်းလောကနှင့် ရင်းနှီးကျွမ်းဝင်ပုံလည်း ရသည်။

အာချီမှာ ထူးခြားသူ ဖြစ်ကြောင်း ပထမအကြိမ်တွေးတောမိလာခြင်းကြောင့် ဖြစ်ပေတော့သည်။

အာချီက....

'ညီလေး ဘယ်လိုသဘောရသလဲ'

ဟုမေးလိုက်သည်။

* * *

လုထင်းပြုံးလိုက်သည်။

'အစ်ကိုကြီးပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးကို ကျွန်တော်က အမှန်အတိုင်း ပြောဆို ဆက်ဆံပေမယ့်အစ်ကိုကြီးကတော့ ကျွန်တော့်အပေါ် လျှို့ဝှက်ထားတယ်ထင်မိပါတယ်၊ ဒါကြောင့်....'

'ဟင်....'

အာချီမျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သို့သော်....

ချက်ချင်းပြုံးလိုက်သည်။

'ညီလေး ဘာတွေ ပြောနေတာလဲ'

'အစ်ကိုကြီးက ပွင့်ပွင့်လင်းလင်း ဆက်ဆံတာမှ မဟုတ်တာပဲ'

'နေပါဦး ညီလေးဘာကြောင့် ဒီလိုယူဆနေရတာလဲ'

'ရှင်းပါတယ်၊ အစ်ကိုကြီးဟာ သင်းချိုင်းစောင့် ဆိုပေမယ့် တကယ့် သင်းချိုင်းစောင့် မဟုတ်ဘူးလို့ ကျွန်တော် ယူဆမိလို့ပါ'

အာချီ သက်ပြင်းချလိုက်သည်။

လုထင်းအားအတန်ကြာ စိုက်ကြည့်လိုက်ပြီး....

'အစ်ကိုကြီးဟာ သချိုင်းစောင့် တစ်ယောက်ပါကွာ'

'အစ်ကိုကြီးတကယ်ပြောတာလား'

အာချီ ခေါင်းညိတ်လိုက်သည်။

'တကယ်ပါ'

လုထင်း ထိုင်ရာမှထလိုက်သည်။

'ကျွန်တော် သွားတော့မယ်'

'ညီလေး'



လုထင်း မဲ့ပြုံးပြုံးကာ....

'ကျွန်တော်က ရိုးသားပွင့်လင်းစွာ ဆက်ဆံပေမယ့် အစ်ကိုကြီး ကျတော့ ကျွန်တော့် အပေါ် လျှို့ဝှက်ထားတယ်လို့ ကျွန်တော်ယူဆတယ်လေ၊ ဒါကြောင့် ဒီမှာ ဆက်နေလို့လဲ မထူးတော့ပါဘူး၊ ကျွန်တော်သွားတော့မယ်'

အာချီ စိတ်မကောင်း ဖြစ်သွား၏။

လုထင်းရှေ့၌ လမ်းပိတ်ရပ်လိုက်ပြီး....

'ညီလေး တကယ်သွားတော့မှာလား၊ အစ်ကိုကြီး ပြောတဲ့ စကားတွေကို မစဉ်းစားတော့ဘူးလား'

လုထင်း ခေါင်းယမ်းလိုက်သည်။

'စဉ်းစားစရာ မလိုတော့ဘူးလို့ ထင်ပါတယ်၊ ကျွန်တော်လဲ ကျွန်တော့် အကြောင်းနဲ့ ကျွန်တော်ပေါ့၊ အစ်ကိုကြီးလဲ အစ်ကိုကြီး အကြောင်းနဲ့ အစ်ကိုကြီးပေါ့ မဟုတ်ဘူးလား'

တစ်ယောက်ကို တစ်ယောက် ဝင်မရှုပ်သင့်ကြောင်း သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်လေသည်တကား။

အာချီ ခေါင်းငိုက်စိုက် ချထားလိုက်သည်။

လုထင်းက ဘာမှမပြောဘဲ အုတ်ဂူအတွင်းမှ လှမ်းထွက်သွားလေသည်။

သူ၏ခြေသံ တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ ပျောက်ကွယ်သွား၏။

အာချီ သက်ပြင်း ချလိုက်သည်။

အုတ်ဂူအပေါ်က ဝဆီသို့ လှမ်းကြည့်ရင်း....

'ညီလေးက အစ်ကိုကြီးအပေါ် အထင် လွဲသွားပြီကိုး၊ အစ်ကိုကြီး ဘယ်လို ရှင်းပြရမှာလဲ'

ဟုတီးတိုး ညည်းညူ လိုက်လေတော့သည်။

●

ဖော်ဝေးစင်ရော်

---

'ခွပ်....ခွမ်....ခွပ်....ခွပ်....'

မြင်းခွာသံများ ထွက်ပေါ်နေ၏။

မြင်းဖြူတစ်ကောင်သည်မြေနီလမ်းကလေးအတိုင်း ဒုန်းစိုင်းနှင်နေ၏။

မြေနီလမ်းကလေး အဆုံးတွင် စည်ကား သိုက်မြိုက်သောမြို့ကလေး တစ်မြို့ကို တွေ့မြင်နိုင်၏။

မြင်းစီးလာသူကား အသက် နှစ်ဆယ်ခန့်ရှိသူ လူရွယ်တစ်ယောက်ဖြစ်ပေသည်။

ထိုလူရွယ်ကလေး၏ တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။

ခရီးဝေးမှ လာခဲ့သူ ဖြစ်ကြောင်းသိနိုင်၏။

မှန်ပေသည်။

ထိုလူငယ်လေးမှာ အာချီနှင့် လမ်းခွဲ ထွက်လာခဲ့သည့် လုထင်းမဟုတ်ပါလား။

လုထင်းသည် သင်းချိုင်းမြေမှ ထွက်ပြီး မြို့စွန်တစ်နေရာ၌ မြင်းဈေးတစ်ခုတွင် မြင်းတစ်ကောင်ဝယ်ယူကာ တောင်ဘက်သို့ ဦးတည်ခရီးထွက်လာခြင်း ဖြစ်၏။

သူ၏ ဦးတည်ရာ ခရီးဆုံးကား မြောင်နယ်ခြား ဖြစ်လေသည်။

မြောင်နယ်ခြားသို့ ရောက်ရှိသွားအောင် ရက်ပေါင်းများစွာ ခရီးနှင်ရမည် ဖြစ်သည်။

ချက်ချင်း အရောက်သွားနိုင်သည့် ခရီးမဟုတ်ရကား သူကလည်း အလောတကြီးသွားဖို့ မစဉ်းစားဘဲ မြို့ကလေးတစ်မြို့သို့ ရောက်လျှင် အနားယူရန် ဆုံးဖြတ်လိုက်သည်။

မြို့ငယ်ကလေး ဖြစ်သော်လည်း စည်စည်ကားကား သိုက်သိုက် မြိုက်မြိုက် ရှိနေသည်ကို တွေ့ရ၏။

ခင်းလမ်းမအတိုင်း မြင်းကို ခြေလှမ်းမှန်မှန်ဖြင့် မောင်းနှင်လာခဲ့ရင်း စားသောက်ဆိုင် တစ်ဆိုင်ရှေ့သို့ ရောက်လျှင် ရပ်တန့်လိုက်သည်။

မြင်းကို စားသောက်ဆိုင်ရှေ့ရှိ တိုင်တစ်လုံး၌ ချည်နှောင်ထားခဲ့ပြီး စားသောက်ဆိုင်ထဲ ဝင်လာခဲ့၏။

• • •



ဆိုင်ထဲ လှမ်းဝင်မိသည်နှင့် ဆိုင်လုလင်များ လာရောက်ကြိုဆိုကြ၏။

လုထင်းအား လွတ်နေသည့် စားပွဲတစ်လုံး၌ နေရာချပေးလိုက်၏။

လုထင်းက ဟင်းနှစ်ပွဲနှင့် ထမင်း မှာကြားလိုက်၏။

စားသောက်ဆိုင်ထဲ ရောက်ကာစက သတိမပြုမိသော်လည်း ထိုင်ချပြီးမှ ဆိုင်ထဲ၌ လူစည်စည်ကားကားရှိနေသည်ကို သတိပြုမိလိုက်သည်။

စားသောက်ဆိုင်ထဲ၌ ရှိနေသူများကား အရောင်အသွေး အမျိုးစုံလင်စွာ ဝတ်ဆင်ထားကြသည်။

ထို့ပြင်....

ဓား လှံ လက်နက်များ ဆောင်ထားကြသဖြင့် သာမန်လူများ မဟုတ်ဘဲ သိုင်းလောကသားများဖြစ်ကြောင်း သတိပြုမိလိုက်သည်။

'ဒီမြို့ကလေးမှာ သိုင်းသမားတွေ အတော် ပေါများပါလား'

တွေးရင်း ရင်ထဲ လေးလံလာသည်။

သိုင်းလောကသားများသည် တောင်ဖြူချောင်းအနောက်ဘက်မှ လာသူများကို ရန်သူသဖွယ် သဘောထားတတ်ကြကြောင်း လက်တွေ့သိသားပြီး ဖြစ်သည်။

အထူးသဖြင့်....

သံမဏိယပ်တောင် ဝမ်းလျန်၏ သားဖြစ်ကြောင်း သိသွားပါလျှင် ချမ်းသာပေးမည် မဟုတ်ဘဲ စိုင်းရံတိုက်ခိုက်လာကြမည်သာ ဖြစ်၏။

ယခုအချိန် ရင်ဆိုင်တိုက်ပွဲ ဆင်နွဲလိုစိတ် အလျဉ်းမရှိချေ။ တိုက်ခိုက်ရမည်ကိုလည်း စိတ်မဝင်စားပါ။

ထို့ကြောင့်....

အချိန်မီ ရှောင်တိမ်းသွားရန် ဆုံးဖြတ်လိုက်သည်။

ဆိုင်လုလင်က သူမှာကြားထားသော စားသောက်ဖွယ်ရာများ လာရောက်ချပေးလိုက်စဉ်မှာပင် သူက ထိုင်ရာမှထကာ....

'ဘယ်လောက်ကျသလဲ'

ဟု မေးလိုက်သည်။

ဆိုင်လုလင်က....

'ဆရာလေး မစားဘဲ ထွက်သွားတော့မလို့လား'

လုထင်းက....

'ဘယ်လောက်ကျသလဲ ပြောပါဗျာ'

'ဆရာလေးက ဆရာကြီးနန်းကုန်း အိမ်ဂေဟာကို သွားမယ့်ဧည့်သည်ဆိုရင်တော့ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးခင်ဗျာ'

'ဘာဖြစ်လို့လဲ၊ ကျုပ်က အဲဒီကိုသွားမှာ မဟုတ်ဘူး'

ဆရာကြီး နန်းကုန်း ဆိုသူကို သူမသိပါချေ။

သွားရန်လည်း လုံးဝစိတ်မကူးပါ။

ဆိုင်လုလင်က....



'ဆရာကြီး နန်းကုန်းဟာ သိုင်းလောကရဲ့ မီးရှူးတန်ဆောင် ပုဂ္ဂိုလ်ကျော် တစ်ယောက်ပေါ့ဗျာ၊ အခု သူနေထိုင်မကောင်းဖြစ်နေတဲ့အချိန် လူမမာ သတင်းမေးရအောင် သိုင်းလောကသားတွေ၊ မိတ်ဆွေတွေ ရောက်လာကြပါတယ်'

ဆိုင်လုလင်က စိတ်ရှည်စွာ ရှင်းပြနေသည်။

'ကျွန်တော်တို့ ဆိုင်ပိုင်ရှင်က ဆရာကြီး နန်းကုန်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီကို ရောက်လာသူတွေကို အခမဲ့ ကျွေးမွေးနေတာပါ'

လုထင်း စိတ်ဝင်စားသွား၏။

သို့သော်....

ကိုယ်နှင့်မဆိုင်ဟု သဘောပိုက်ကာ....

'ကျုပ်က ဆရာကြီး နန်းကုန်းဆီကို သွားမှာမဟုတ်ဘူး၊ ဒါကြောင့် စားသောက်ခယူပါဗျာ'

ဟု ပြောလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲကွ၊ ဆရာကြီး နန်းကုန်းကို ဂရုမစိုက်ဘဲနေတာ' ကျယ်လောင်သော စကားသံတစ်ချက် ဟိန်းထွက်လာသည်ကို ကြားလိုက်ရသည်။

လုထင်း ရင်ထိတ်သွား၏။

ကြောင်အမ်းအမ်းဖြင့် ချက်ချင်း လှည့်ကြည့်လိုက်သည်။

ထိုအခါ....

မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ ထိုင်နေသူတစ်ယောက်က ထရပ်လာပြီး အော်ပြောလိုက်ခြင်း ဖြစ်ကြောင်း တွေ့ရသည်။

* * *

ထိုလူမှာ....

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူ ဖြစ်၏။

ခါး၌ ယပ်တောင်တစ်ချောင်း ထိုးထားလေရာ စာပေသမားတစ်ယောက် ဖြစ်ပုံရလေ၏။

ထိုလူဘေး၌ လူနှစ်ယောက် ထိုင်နေ၏။

တစ်ယောက်မှာ ခန္ဓာကိုယ် ဝဖိုင့်ဖိုင့် ကုန်သည်ပွဲစားဟန် ရှိလေသည်။

ကျန်တစ်ယောက်ကား တောမှီ တရားကျင့်သူကဲ့သို့ ထူးခြားစွာ ဝတ်ဆင်ထားသည်ကို တွေ့ရ၏။

လုထင်းမှာ အပြာရောင်ဝတ်ဆင်ထားသူ၏ ခါးကြား၌ ထိုးထားသည့် ယပ်တောင်ကို မြင်လျှင် မိခင်ဖြစ်သူအား သတိရလာသည်။



သူ၏မိခင်သည် သံမဏိ ယပ်တောင် တစ်ချောင်းဖြင့် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည် မဟုတ်ပါလား။

• • •

လုထင်းမှာ ယပ်တောင်ကိုကြည့်ကာ ငေးမောနေမိရာ အပြာရောင်ဝတ်ဆင်ထားသူ၏ စကားကို အရေးမစိုက် တုံ့ပြန်ခြင်းမပြုဘဲ ဘာသိဘာသာနေသလို ဖြစ်သွား၏။

ဤသည်ကိုပင် အပြာရောင်ဝတ်ဆင်ထားသူ မကျေမနပ်ဖြစ်သွားလေသည်။

လုထင်းထံသို့ ခပ်သွက်သွက် လှမ်းလာရင်း....

'မင်းက ဒီမြို့ကို ရောက်ပြီးတာတောင် ဆရာကြီး နန်းကုန်းကို ဝင်ပြီး ဂါရဝမပြုချင်ဘူး ဟုတ်လား၊ ဘာလဲ... ဆရာကြီး နန်းကုန်းဟာ အရေးစိုက်စရာ ဂါရဝပြုစရာမလိုတဲ့လူလို့ သဘောထားတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

လုထင်း စိတ်ပျက်သွား၏။

မဖိတ်ခေါ်ပါဘဲ အန္တရာယ်က ရောက်ရှိလာချေပြီ။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း....

'ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်က ဆရာကြီးနန်းကုန်းကို မရိုမသေ မဇ္စလေးစားလို့ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ဆရာကြီးကို လုံးဝမသိတာမို့ ကျွန်တော် သွားလဲ အကြောင်းထူးမယ် မထင်လို့ပါ'

'ဩော်.... ဆရာကြီးနန်းကုန်းရဲ့ အိမ်က လူတွေဟာ အရိုင်းအစိုင်းတွေလို့ မင်းက ထင်နေတယ်ပေါ့လေ'

'ဗျာ....'

'ပြောစမ်းပါဦး၊ ဆရာကြီးနန်းကုန်းကို ဘယ်သူမဆိုလာပြီး ဂါရဝပြုရင် ပျူပျူငှာငှာ လက်ခံကြိုဆိုတယ်ဆိုတာ မင်း မသိဘူးလား'

'ကျွန်.... ကျွန်တော် တကယ်မသိလို့ပါ'

အပြာရောင် ဝတ်ဆင်ထားသူ မျက်မှောင်ကြုတ်သွားလေသည်။

လုထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

လုထင်းက အမှန်အတိုင်း ရိုးရိုးသားသား ပြောဆိုနေခြင်း ဖြစ်ကြောင်း အကဲခတ်မိ၏။

ထို့အပြင် ရန်လိုခြင်း လုံးဝမရှိဘဲ အလွန်သည်းခံနေသည်ကို တွေ့ရသောအခါ မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ထိုစဉ် သူ၏ အဖော်တစ်ယောက်ဖြစ်သည့် ခန္ဓာကိုယ် ၀၀ ဖိုင့်ဖိုင့်ရှိသူက....



'ညီလေး ချန်းဖုံး၊ ဒီကောင်လေး ကြည့်ရတာ ရိုးရိုးသားသားလေးပါဗျာ၊ ညီလေးထင်သလို မခန့်လေးစား လုပ်တာ မဖြစ်နိုင်ပါဘူး၊ သူ့ကို လွှတ်လိုက်စမ်းပါ'

ဟု လှမ်းပြောလိုက်လေသည်။

* * *

အပြာရောင် ဝတ်ဆင်ထားသူ (ဝါ) ချန်းဖုံး သက်ပြင်းချလိုက်သည်။

လုထင်းအား တစ်ချက်ကြည့်ကာ....'

'မင်းနာမည် ဘယ်သူလဲဆိုတာ ပြောခဲ့ဦး'

ဟု မေးလိုက်၏။

လုထင်းမှာ ရိုးသားသူပီပီ....

'ကျွန်တော့်နာမည် လုထင်းလို့ ခေါ်ပါတယ်'

ဟု ပြန်ဖြေလိုက်သည်။

လုထင်းဟူသော အမည်ကြားလျှင် ချန်းဖုံး စိတ်ဝင်စားသွားသည်။

'လုထင်း ဟုတ်လား၊ နေဝင်ကြီးကျင်းခုံးပြောတာ မင်းများ ဖြစ်နေမလား'

'ခင်ဗျာ....'

'မင်းက စာပေပညာရှင် လုယုဖုံးရဲ့ သားလား'

'ဗျာ....'

လုထင်း ရင်ထိတ်သွား၏။

ဖခင်ဖြစ်သူတွင် မိတ်ဆွေ များစွာရှိကြောင်း နားလည်ထားပေသည်။

သို့သော် ကျင်းခုံးဆိုသည့် အမည်ကိုကား မကြားဖူးပါ။

သူ၏ဖခင်ကို စာပေပညာရှင် လုယုဖုံးဟုခေါ်ပြီး ကျင်းခုံးဆိုသူကိုမူ နောင်ကြီးကျင်းခုံးဟု ခေါ်သဖြင့်၊ သူ၏ဖခင်မိတ်ဆွေ မဟုတ်ဘဲ ကျင်းခုံးဆိုသူ၏ မိတ်ဆွေဖြစ်ကြောင်း ထင်ရှားပေသည်။

ကျင်းခုံးကို သူ မသိပါ။

ကျင်းခုံးသည် သူ၏မိတ်ဆွေဖြစ်ဖို့ထက် ရန်သူဖြစ်ဖို့များလေသည်။

တွေးတောစဉ်းစားရင်း မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ် ချန်းဖုံး၏စကားသံ လွင့်ပေါ်လာပြန်သည်ကို ကြားလိုက်ရလေသည်။

'မြန်မြန်ပြောစမ်း မင်းက စာပေပညာရှင် လုယုဖုံးနဲ့ ဘယ်လို ပတ်သက်နေသလဲ'

လုထင်းက အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်သည်။

'ကျွန်တော်က စာပေပညာရှင်လုယု....'

သူက စကားဆုံးအောင်ပင် မပြောရသေးပါချေ။



အပြင်ဘက်မှ တေးသီချင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

• • •

တေးသီချင်းသံကို ဆိုင်ထဲမှ လူအားလုံး ပီပီပြင်ပြင် ကြားလိုက်ရလေသည်။

တေးသီချင်း စာသား၏ အဓိပ္ပာယ်မှာ သိုင်းလောက၌ ကျင်လည် ကျက်စားကာ အများအကျိုးအတွက် အသက်စွန့် ဆောင်ရွက် ခဲ့သဖြင့် သေဆုံး သွား သော အခါ အများက အောက်မေ့ လွမ်းဆွတ်မဆုံးနိုင်အောင် ဖြစ်ရပုံကို ရေးစပ်သီကုံးထားခြင်းဖြစ်လေသည်။

ချန်းဖုံး သဘောကျသွား၏။

'စာသားကောသံစဉ်ကော တယ်ချီးမွမ်းဖို့ ကောင်းပါလား၊ ကောင်း ဆရာကြီးနန်းကုန်းကို ဂုဏ်ပြု ရေးစပ် ထားတာပဲ ဖြစ်လိမ့်မယ်'

ဟု မှတ်ချက်ချလိုက်လေသည်။

သူ၏ အဖော်နှစ်ယောက်မှာ ဘာမှမပြောဘဲ နားစွင့် နေကြ၏။

တေးသီချင်းသံကဆက်၍ ထွက်ပေါ်လာပါသည်။

ယခု တစ်ကြိမ် လူလောကသို့ တိုက်ပွဲအရပ်ရပ် ဆင်နွှဲပြီး အောင်ပွဲအလီလီ ခံနိုင်ခဲ့သော်လည်း မရဏသေမင်းကိုမူ အံတု၍ မရနိုင်ကြောင်း....

ထို့ကြောင့် အသက်ရှင်စဉ် ကာလအတွင်း လူသားအချင်းချင်း မနာလိုမုန်းတီးမှုများ ဖယ်ရှားကာ ချစ်ချစ်ခင်ခင် နေသင့်ကြောင်း....

တိုတောင်းလှသည့် လူ့ဘဝတွင် ခိုက်ရန် ဖြစ်ပွားခြင်းဖြင့် အချိန်မဖြုန်းဘဲ ပျော်ပျော်ရွှင်ရွှင် နေသင့်ကြောင်း....

အဓိပ္ပာယ်ရသည့် သီချင်းသံ ဆက်လက် ထွက်ပေါ်လာလေသည်။

* * *

ချန်းဖုံးသက်ပြင်းချလိုက်သည်။

'တယ်လဲ သံဝေဂရဖို့ကောင်းပါလား၊ ငါ့ကိုများ သွယ်ဝိုက်ပြီး သတိပေးနေတာလား'

ဟု ညည်းညူလိုက်လေသည်။

လူဝကြီး ရယ်မော လိုက်သည်။



'သွယ်ဝိုက်ပြီး သတိပေးနေတာ မဟုတ်ဘူး၊ တိုက်ရိုက်သတိပေးနေတာကွ'

'သူဘယ်သူလဲသွားကြည့်ရအောင်'

တစ်ချိန်လုံးငြိမ်သက်စွာ ထိုင်နေသည့် တောမှိုတရား ကျင့်သူနှင့် တူသူက ဝင်ပြောလိုက်၏။

စကားဆုံးလျှင် သူ၏ ခန္ဓာကိုယ်မှာ မြားတစ်စင်းပမာ ပြတင်းပေါက်မှတဆင့် ခုန်ထွက်သွားလေသည်။

လူဝကြီးနှင့် ချန်းဖုံးတို့လည်း မနေနိုင်ကြတော့ပါချေ။ အပြင်ဘက်သို့ အသီးသီး ခုန်ထွက်လိုက်ကြလေသည်။

* * *

သူတို့နှစ်ယောက် အပြင်ဘက် ရောက်ရှိသွားချိန်ဝယ် အခြားတစ်ဘက်ရှိ ပြတင်းပေါက်မှ လူရိပ်တစ်ခု လှစ်ခနဲ ခုန်ဝင်လာလေသည်။

ထိုလူမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

လက်ထဲ ပလွေတစ်ချောင်း ကိုင်ထားသည်ကို တွေ့နိုင်၏။

ထိုလူ၏မျက်နှာမှ သွေးရောင်အလျင်းကင်းမဲ့နေပြီး လူသေအလောင်းပမာ အေးတိအေးစက် ရှိနေ၏။

သို့သော်....

သူ၏ မျက်လုံးများကား အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေ၏။

ထိုလူသည်ရိပ်ခနဲ လုထင်းရှေ့သို့ ရောက်လာ၏။

လုထင်းကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုလူကလက်ထဲမှ ပလွေကို ဝေ့ယမ်းပြရင်း....

'မင်း ဘာလုပ်နေတာလဲ၊ သူတို့မရှိတုန်း ထွက်သွား ပါတော့လား'

ဟု ပြောလိုက်လေသည်။

ထိုလူ၏ စကားကြားမှ လုထင်း သတိဝင်လာသည်။

ထိုလူမှာ အချက်အခဲ ကြုံတွေ့နေစဉ် ထွက်ပေါက် ရအောင်ကူညီလာခြင်း ဖြစ်သည်ဟုလည်း နားလည်လိုက်လေသည်။

ထို့ကြောင့် လက်နှစ်ဘက် အုပ်ကာ ဦးညွှတ်ရင်း....

'ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူး တင်ပါတယ်ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

ထိုလူက....

'မလိုပါဘူး မင်းသာ မြန်မြန်ထွက်သွားစမ်းပါ'

သူ၏အသံက ခပ်သြသြဖြစ်နေ၏။

လုထင်း ဘာမှ မပြောတော့ဘဲ ဆိုင်အပေါက်ဝ ဘက်သို့ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။



ထိုလူက....

'မင်းဘယ်သွားမလို့လဲ'

ဟု လှမ်းပြောလိုက်၏။

လုထင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

'ကျွန်တော် ထွက်သွားမယ်လေ'

'အရှေ့ပေါက်က ထွက်သွားရင် သူတို့နဲ့ တွေ့မှာပေါ့'

ထိုအခါ အရှေ့ပေါက်မှ ထွက်လျှင် ချန်းဖုံးတို့ လူစုနှင့်ဆုံတွေ့ရမည် ဖြစ်ကြောင်း တွေးမိ၏။

ထိုလူက သူ၏ မလှမ်းမကမ်းရှိ ပြတင်းပေါက်ကို ညွှန်ပြရင်း....

'ပြတင်းပေါက်က ထွက်သွား'

ဟုပြောလိုက်၏။

လုထင်းက ထပ်မံ ဦးညွှတ်လိုက်ပြီး ပြတင်းပေါက် ဆီသို့လျှောက်သွားလေသည်။

ဆိုင်ထဲမှ လူအများက သူတို့နှစ်ယောက်အား ဝိုင်းကြည့်နေကြပါ၏။

လုထင်းမှာ ပြတင်းပေါက်မှ ကျော်ထွက် သွားရမည်ကိုစိတ်ထဲမလုံမလဲဖြစ်နေ၏။

ရိုးသားပွင့်လင်းသည့် လူငယ်ပီပီ ယခုလို ခိုးကြောင်ခိုးဝှက်အလုပ်မျိုးမလုပ်လိုပါချေ။

သူ၏လှုပ်ရှားမှုများ တုန့်ဆိုင်းဆိုင်းဖြစ်သွား၏။

ထို့စဉ်....

ပြေးလွှားလာသည့် ခြေသံများကြားလိုက်ရ၏။

လုထင်းလှမ်းကြည့်လိုက်သောအခါ ချန်းဖုံးတို့သုံးယောက် ပြေးဝင်လာသည်ကို တွေ့မြင် လိုက်ရလေသည်။

• • •

လုထင်း ထွက်မသွားဖြစ်ပါတော့ချေ။

ပလွေကိုင်ထားသူ မကျေမနပ် ဖြစ်သွားလေသည်။

'မင်းတော်တော် ညံ့တာပဲ'

ဟုလှမ်းပြီး ပြစ်တင်လိုက်၏။

လုထင်းဘာမှ မပြောဘဲ ခေါင်းငုံ့ ထားလိုက်လေသည်။

ချန်းဖုံးက အတွင်းဘက် ရောက်လျှင်....

'မင်း ဘယ်ပြေးမလဲ'

အော်ငေါက်ရင်းလုထင်းထံ ပြေးသွားလေသည်။

စားသောက်ဆိုင်အတွင်း ရောက်ရှိနေသည့် ပလွေကိုင်ထားသူအားရုတ်တရက် သတိမပြုမိခဲ့ချေ။

လုထင်း ပြတင်းပေါက် အနီးသို့ ရောက်ရှိ သဖြင့် ထွက်ပြေးသွားတော့မည် ထင်မှတ်ကာ ဟန့်တားရန် ပြေးသွား ခြင်းဖြစ်လေသည်။

လုထင်း ရင်ထိတ်သွား၏။



ထိုစဉ် ပလွေ ကိုင်ထားသူ၏ ခြေထောက်ထစ်ဘက် ဆတ်ခနဲ လှုပ်ရှားသွား၏။

သူ၏အနီးရှိ ကုလားထိုင် တစ်လုံးမှာ အပေါ်သို့ မြောက်တက်သွားပြီး ချန်းဖုံး၏ နောက်ကျောဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွားလေသည်။

နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ် လာခြင်းကြောင့် ချန်းဖုံး ရင်ထိတ်သွား၏။

လုထင်းအား တိုက်ခိုက်ရန် မကြိုးစားနိုင်တော့ဘဲ နောက်လှည့်ရင်ဆိုင်လိုက်ရ၏။

ကုလားထိုင်တစ်လုံး ရိပ်ခနဲ တိုးဝင်လာသည်ကို မြင်လျှင် ရှောင်တိမ်းရန် အချိန် မရတော့သဖြင့် လက်ဝါးစောင်းဖြင့် ဆီးကြိုခုတ်ချလိုက်သေသည်။

'ဝုန်း....'

ကုလားထိုင် ကျိုးပဲ့ပျက်စီးသွား၏။

ချန်းဖုံး ဒေါပွသွားလေသည်။

'ကျုပ်ကို တိုက်ရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး'

ပြောပြီး တိုက်ခိုက်လာသူအား လှမ်းကြည့်လိုက်၏။

ပလွေကိုင်ထားသူကိုမြင်လျှင် မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို တိုက်ခိုက်တာလဲ'

ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

ပလွေကိုင်ထားသူက လုထင်းအား ညွှန်ပြရင်း....

'ခင်ဗျားကကော ဘာကြောင့် သူ့ကို တိုက်ခိုက်ချင်ရတာ လဲ....'

ဟု ပြန်မေးလိုက်လေသည်။

ချန်းဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

သို့သော် ချက်ချင်း သတိဝင်လာပြီး....

'ခင်ဗျားက သူ့ရဲ့မိတ်ဆွေလား'

'ဟုတ်တယ်'

ထိုလူ ခေါင်းညိတ် အဖြေပေးလိုက်လေသည်။

ချန်းဖုံး မဲ့ပြုံးပြုံးကာ....

'သူက ဆရာကြီးနန်းကုန်းကို မခန့်လေးစား လုပ်နေတာ ခင်ဗျားမသိဘူးလားဗျ၊ ဒါကို ကျုပ်က လက်ပိုက် ကြည့်နေရမှာလား'

'ကျုပ် တောင်းပန်ပါတယ်ဗျာ၊ သူက သိုင်းလောက အကြောင်း ဘာမှမသိလို့ ဖြစ်ပါလိမ့်မယ်'

ချန်းဖုံးမှာ လူထင်းအား ရန်လုပ်လိုသည်ကား မဟုတ်ချေ။

လူထင်းကလည်း သူ့အား ရည်ရည်မွန်မွန် တောင်းပန်စကား ဆိုခဲ့ပြီးဖြစ်၏။

သို့သော်....

သိုင်းလောကသားတစ်ယောက် ဖြစ်သည်နှင့်အညီ ထူးခြားသော စိတ်ထားရှိရကား စိတ်ဝင်စားစရာတွေ့လျှင် သာမန်လူများထက် ပိုပြီး စိတ်ဝင်စားစွာ စူးစမ်းလေ့လာတတ်ပေသည်။

ယခုလည်း ပလွေကိုင်ထားသူမှာ ထူးခြားသူ တစ်ယောက် ဖြစ်ကြောင်း ရိပ်မိလိုက်၏။



ထိုသူ၏မျက်နှာမှာ ပကတိမျက်နှာ မဟုတ်ဘဲ မျက်နှာဖုံး စွပ်ထားခြင်းဖြစ်ကြောင်း အကဲခတ်မိလေသည်။

ထိုလူ မည်သူမည်ဝါ ဖြစ်ကြောင်း စုံစမ်း ဖော်ထုတ်လိုစိတ်များ ဖြစ်ပေါ်လာသည်။

* *

မျက်နှာ အမြင်မခံဝံ့၊ လူအတွေ့မခံဝံ့သူမှာ လူကောင်းမဟုတ် ဟု တွက်ဆကာ....

'ကောင်းပြီလေ၊ သူ့ကို ခွင့်လွှတ်လို့ ဖြစ်ပါတယ်၊ ဒါပေမယ့် ဆရာကြီးနန်းကုန်းကိုယ်တိုင် ခွင့်လွှတ်လိုက်တာ ပိုကောင်းပါ လိမ့်မယ်၊ ဒါကြောင့် သူက ဆရာကြီးနန်းကုန်းရဲ့ အိမ်ဂေဟာကို သွားပြီး ဂါရဝပြုရပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ပလွေကိုင်ထားသူ တွေဝေသွား၏။

ဝင်းလက်တောက်ပသော မျက်လုံးများဖြင့် လူထင်းအား လှမ်းကြည့်လိုက်၏။

လူထင်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ....

'ကျွန်တော် သွားပြီး ဂါရဝပြုမယ်လို့ ကတိပေးပါတယ် ခင်ဗျာ'

ဟု ကြားဝင်ပြောလိုက်လေသည်။

ဆရာကြီးနန်းကုန်းအား မသိသေးသော်လည်း သွားရောက် ဂါရဝပြုလိုက်ခြင်းဖြင့် ပြဿနာပြီးသုံးသွားနိုင်သည်ဟု လွယ်လွယ် တွေးမိလေသည်။

ပလွေကိုင်ထားသူ၏ မျက်ဝန်းအစုံတွင် စိတ်ပျက်သွားသည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

ချန်းဖုံး ကျေနပ်သွား၏။

'ဒုတိယအချက်က မိတ်ဆွေဟာ ကျုပ်တို့ကို အရှုံးလုပ်ခဲ့တဲ့ အတွက် မိတ်ဖြစ်ဆွေဖြစ် သိုင်းကွက် တစ်ကွက်လောက်တော့ ပြခဲ့ရပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ပလွေကိုင်ထားသူ သက်ပြင်းချလိုက်သည်။

'ကျုပ်ရဲ့ သိုင်းပညာ မပြောပလောက်ပါဘူး၊ ဒါကြောင့် ဟန်ကျုံးနယ်က သွေးသုံးဖော်ကို မလေးမစား မလုပ်ဝံ့ပါဘူး ဗျာ....'

ထိုစကားကြားလျှင် ချန်းဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

လူဝကြီးက ကြားဝင်ပြောလိုက်သည်။

'ကျုပ်တို့ ဘယ်သူဘယ်ဝါ ဆိုတာတောင် သိထားတာကိုး၊ ခင်ဗျားက ကျုပ်တို့ကို သိနေပြီ၊ ကျုပ်တို့က ခင်ဗျားကို မသိဘူး ဆိုတော့ ညံ့ရာကျနေပြီ'



ထိုစကားကြားလျှင် ထူးခြားစွာ ဝတ်ဆင်ထားသူ သတ်ခနဲ ခေါင်းထောင်လာ၏။

သူ၏မျက်နှာတွင် မာန်မာနကြီးပြီး စိတ်ဆတ်သည့် အရိပ် အယောင်များ ပြည့်လျှံနေပါ၏။

လူဝကြီး၏စကားကြောင့် သိက္ခာထိခိုက်သည်ဟု ယူဆသွားပုံ ရလေသည်။

ပလွေကိုင်ထားသူကို စိုက်ကြည့်ရင်း....

'ခင်ဗျား ဘယ်သူလဲ၊ မြန်မြန်ပြောစမ်း'

ဟု ဒေါက်လိုက်သည်။

ပလွေကိုင်ထားသူက ခေါင်းယမ်းရင်း....

'ကျုပ်ပြောပြီးပါပြီ၊ ကျုပ်ဟာ အညတရ တစ်ယောက်ပါ ဗျာ....'

ထူးခြားစွာဝတ်ဆင်ထားသူ၊ လူဝကြီးနှင့်စာပေသမားအသွင် ရှိသည့် ချန်းဖုံးတို့သုံးယောက်ကား ဟန်ကျုံးနယ်တွင် ကျော် ကြားသည့် သွေးသောက်သုံးဖော် ဖြစ်ကြလေသည်။

• • •

သူတို့သည် မကောင်းသူပယ် ကောင်းသူကယ်သည့် အဖွဲ့ရောင် သိုင်းသမားများအဖြစ် ထင်ရှားကြ၏။

စာပေသမားအမည်မှာ ချန်းပုံးဖြစ်သလို၊ လူဝကြီး၏အမည်ကား စဥ့်အိုးကြီး ဝမ်းပုလီ ဖြစ်လေသည်။

တောမှီတရားရှာပုဂ္ဂိုလ်ပမာ ဝတ်ဆင်ထားသူကား သူတော်လင်းဟု အမည်ရှိပေ၏။

သူတို့သုံးယောက်အား သိုင်းလောကသားများ ကြည့်ညိုလေးစားကြ၏။

သူတို့သည် ဆရာကြီးနန်းကုန်းနှင့် ခင်မင်ရင်းနှီးသူများဖြစ်ရကား ဂါရဝပြုရန် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပေသည်။

သူတော်လင်းသည် ပလွေ ကိုင်ထားသူမှာ မခေကြောင်း ရိပ်မိ၏။

ထို့ကြောင့် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ရှေ့သို့ တိုးထွက်ကာ,...

'ခင်ဗျားမပြောလဲ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကျုပ်သိနိုင်ပါတယ်'

ဟု ပြောလေသည်။

ပလွေကိုင်ထားသူမှာ အခြေအနေမဟန်မှန်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့်....

'ကျုပ်ကို ခွင့်ပြုကြပါဦးဗျာ'

ပြောပြီး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



သူတော်လင်း မကျေမနပ်ဖြစ်သွားပြီး....

'ရပ်လိုက်စမ်း'

အောင်ငေါက်ကာ လက်တစ်ဖက်ကို လက်ဝါးပုံသဏ္ဍာန်၊ လက်တစ်ဖက်ကို လက်သီးပုံသဏ္ဍာန်ဖြင့် ပလွေကိုင်ထားသူ၏ နောက်ကျောကို တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုကြောင့် လေတိုးသံ ဟူးခနဲ ထွက်ပေါ်လာလေ၏။

ပလွေကိုင်ထားသူက ကြမ်းပြင်ပေါ် ခြေဆောင့်ကာ မြားတစ်စင်းပမာ အပေါ်သို့ ခုန်တက်သွား၏။

လေထဲရောက်လျှင် ခါးကော့ကာ နောက်သို့ လှန်ချလိုက်ရာ သူတော်လင်း၏ ခေါင်းပေါ်မှ ကျော်ပြီး အနောက်ဘက် ရောက်သွားလေသည်။

သူတော်လင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူ၏ ဦးခေါင်းပေါ်မှ ကျော်ဖြတ်သွားခြင်းဖြစ်ရကား လူအများအမြင်တွင် ရှက်ဖွယ်လီလီ ဖြစ်နေပေတော့၏။

သူတော်လင်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'တောက်.... သေပေတော့'

အောင်ငေါက်ရင်း ထပ်မံတိုက်ခိုက်လိုက်လေသည်။

ပလွေကိုင်ထားသူက....

'မိတ်ဆွေ၊ ကျုပ်တို့ ရန်သူတွေမဟုတ်ဘဲ ဘာကြောင့် တိုက်ခိုက်ချင်ရတာလဲဗျာ'

ဟု လှမ်းပြောလိုက်၏။

သူတော်လင်းက....

'မင်းနာမည် ဘယ်သူလဲဆိုတာ ပြော၊ မင်းမျက်နှာပေါ်က မျက်နှာဖုံးစွပ်ကို ဖြုတ်ချလိုက်၊ ဒါဆို တိုက်ခိုက်စရာမလိုတော့ဘူးပေါ့'

'ဒါတော့ မဖြစ်နိုင်ပါဘူးဗျာ'

'ကောင်းပြီ၊ ကျုပ်လက်သီး ကြည့်ထား'

သူတော်လင်းက ဝဲယာ လက်သီးနှစ်လုံး ပစ်သွင်းလိုက်လေသည်။

ယခုတစ်ကြိမ် ပလွေကိုင်ထားသူ ရှောင်တိမ်းခြင်း မပြုတော့ချေ။

လက်နှစ်ဖက် ဆန့်ထုတ်ကာ သူတော်လင်း၏ လက်သီးနှစ်လုံးကို ဖမ်းဆုပ်ထားလိုက်လေသည်။

သူတော်လင်းမှာ ဂွမ်းပုံထဲသို့ လက်သီးထိုးသွင်းလိုက်ရသည်ဟု ခံစားလိုက်ရပေသည်။

သူ၏ခွန်အားများလည်း တစ်စုံတစ်ခု၏ ဆွဲယူခြင်းခံလိုက်ရသည့်အလား ရုတ်ခြည်း ကွယ်ပျောက်သွားသည်ဟု ခံစားလိုက်ရ၏။

လက်ပြန်ရုန်းထွက်လိုက်သော်လည်း ရုန်းမရဘဲ ဖြစ်နေလေသည်။

သူတော်လင်း မျက်နှာပျက်သွားသည်။

အံကြိတ်ကာ လက်နှစ်ဖက်ကို အားကုန် ဆောင့်ဆွဲထုတ်လိုက်၏။

ထိုစဉ်....



ပလွေကိုင်ထားသူ ရုတ်တရက် လက်လွှတ်လိုက်ရာ သူတော်လင်းမှာ အရှိန်မထိန်းနိုင်တော့ဘဲ နောက်ပြန်လဲကျသွား၏။

စဉ့်အိုးကြီး ဝမ်းပုလီက အချိန်မီ ထိန်းထားလိုက်ခြင်းကြောင့် ကြမ်းပြင်ပေါ် လဲကျမသွားခြင်း ဖြစ်လေသည်။

သူတော်လင်းမှာ အများရှေ့တွင် ယခုလိုဖြစ်သွား၍ အရှက်ရကာ မျက်နှာ နီရဲသွားလေသည်။

အော်ဂေါက်ရင်း ထပ်မံ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းပုလီက ဟန့်တားလိုက်သည်။

'အစ်ကိုကြီးလင်း သူ့ကို ကျုပ် ဆုံးမလိုက်ပါ့မယ်'

ပြောပြီး ပလွေကိုင်ထားသူနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ပလွေကိုင်ထားသူက ခေါင်းယမ်း လိုက်သည်။

'သွေးသုံးဖော်ကို ကျုပ်ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်ကိုခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အနီးရှိ ပြတင်းပေါက်မှတဆင့် အပြင်ဘက်ခုန်ထွက်လိုက်လေသည်။

'မပြေးနဲ့'

စဉ့်အိုးကြီးဝမ်းပုလီက ဟန့်တားလိုက်၏။

သို့သော်....

ပလွေကိုင်ထားသူကား ပြတင်းပေါက် အနီး၌ ရပ်နေသည့် လူတင်း၏ လက်ကိုဆွဲကာ အပြင်ဘက် ခုန်ထွက်သွားပြီး ဖြစ်လေသည်။

ဝမ်းပုလီ မကျေမနပ် ဖြစ်သွားလေသည်။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်၏။

အပြင်ဘက် ရောက်လျှင် ခြေလှမ်း တို့ခနဲ ရပ်သွားလေသည်။

သူတော်လင်းနှင့် ချန်းဖုံးတို့က သူ၏ ဘေးသို့ ချက်ချင်း ရောက်ရှိလာကြလေသည်။

သူတို့သုံးယောက် ပခုံးချင်း ယှဉ်ရပ်ကာ ပလေ့ကိုင်ထားသူနှင့် လုထင်းတို့ကို ရှာဖွေ ကြည့်လိုက်ကြ၏။

ပလေ့ ကိုင်ထားသူနှင့် လုထင်းတို့ကား ပျောက်ချင်းမလှ ပျောက်ကွယ် သွားကြပြီ ဖြစ်လေတော့သည်။

ကိုယ့်ထိုက်ကိုယ့်ကံ

လေပြည်လေညင်း ဝေ့ယမ်း တိုက်ခိုက်လာကြသည်။

သစ်ရွက်ကလေးများ ကြွေကျလာ၏။

အဝေးတွင် အိမ်ခေါင်မိုးများ အစီအရီ ရှိနေသည်ကို တွေ့ရ၏။

မြို့ကလေးမှာ ခပ်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့ချေပြီ။

လုထင်းက သင်ပင်အောက်တွင် ရပ်နေသည့် ပလေ့ရှင်ကို ငေးကြည့်နေမိ၏။

ပလေ့ရှင်က မလှုပ်မယှက်ရပ်နေ၏။

သူ၏ စူးရှတောက်ပသော မျက်လုံးများကလည်း လုထင်းအား ပြန်လည် စိုက်ကြည့်နေလေသည်။

လုထင်းက သက်ပြင်း ချလိုက်သည်။

'မိတ်ဆွေ ဘယ်သူဘယ်ဝါဆိုတာ ပြောပြနိုင်မှာ မဟုတ်ဘူးဆိုတာကျွန်တော်သိပါတယ်၊ ဒါကြောင့်နောက်နောင် မိတ်ဆွေမှန်းမသိဘဲ ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ကျွန်တော့်ကို ကူညီတာကျေးဇူး မမေ့ပါဘူးဗျာ'

ဟုပြောလိုက်၏။

ပလေ့ရှင် ခေါင်းယမ်းလိုက်သည်။

'ငါဘယ်သူဆိုတာ အရေးမကြီးဘူး၊ ကျေးဇူးတင်စရာလဲ မလိုဘူး၊ ဒီအတိုင်း မင်းဆက်သွားနေမယ်ဆိုရင် တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခ ရောက်သွားနိုင်တယ်၊ မင်းက သိုင်းလောကထဲ ဝင်ဖို့ စိတ်မကူးဘဲ နေရင်ကောင်းမယ်'

လုထင်းက....

'ကျွန်တော် သိုင်း လောကထဲ ဝင်ဖို့ စိတ်မကူး ပါဘူးခင်ဗျာ'

'ဒါဖြင့် မင်းဘာကြောင့် အခုလို သွားနေရတာလဲ'

'ဗျာ....ကျွန်တော် ဘာလုပ်မိလို့လဲ'

လုထင်း ကြောင်အမ်းအမ်း မေးလိုက်၏။

'မင်းက သိုင်းလောကသားတွေ ကျင်လည် ကျက်စားတဲ့ နေရာတွေကိုရှောင်မှ ဖြစ်မှာပေါ့၊ ရှင်းရှင်းပြောမယ်၊ မင်းက ဆရာကြီးနန်းကုန်းရဲ့ အိမ်ကို သွားမယ်လို့ ဆုံးဖြတ်ထားတယ် မဟုတ်လား'

လုထင်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်'

'မင်းဘာကြောင့်သွားချင်ရတာလဲ'



'ကျွန်တော် သွားပြီး ဂါရဝ ပြုမယ်လို့ ကတိ ပေးထားလို့ပါ'

'အဲဒါခက်တာပေါ့၊ မင်းသွားရင် သေးသုံးဖော်နဲ့ တွေ့ရလိမ့်မယ်ဆိုတာမသိဘူးလား'

လုထင်း ပါးစပ် ပိတ်ထား လိုက်လေသည်။

ပလေ့ရှင်က....

'မင်းသွားရင် ဒုက္ခ ရောက်မှာပေါ့'

'ကျွန်တော် ကတိပေးထားလို့ပါ'

'သူတို့ကမင်းကို ချမ်းသာပေးမယ် ထင်သလား၊ သူတို့ဟာ မိုးကြိုးလှံ့ ဂိုဏ်းချုပ် ကျင်းခုံးရဲ့ မိတ်ဆွေတွေဆိုတာ မင်းမသိဘူးလား'

'ဗျာ....'

ယခုမှ ကျင်းခုံးဆိုသူမှာ မိုးကြိုးလှံ့ဂိုဏ်းချုပ် ဖြစ်ကြောင်း သိလိုက်ရလေသည်။

လုထင်းကြောင်အမ်းဆမ်း ဖြစ်သွား၏။

ပလေ့ရှင်က....

'ကျင်းခုံးဟာ သူ့သား မင်းသားလေး ကျင်းစိန်ကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်းမသိဘူးလား၊ အခုဆိုရင် မိုးကြိုးလှံ့ ဂိုဏ်းကလူတွေဟာ မင်းကို လိုက်ရှာနေကြပြီ၊ သိုင်းလောက မိတ်ဆွေတွေဆီမှာလဲ အကူအညီ တောင်းထားတယ်၊ မင်းသက်သာမယ် ထင်သလား'

'ကျွန်....ကျွန်တော်'

'မင်း သွားဦးမှာလား'

လုထင်းရင်ထဲ လေးလံလာသည်။

ပလေ့ရှင်ပြောသည့်အတိုင်းဆိုလျှင် လုဝမ်းဝမ်းနှင့် မာကျူးတို့သည် သူ့အား သုတ်သင်ရှင်းလင်းရန် မဖြစ်မနေ ကြိုးစားနေကြပြီ ဖြစ်လေသည်။

လုဝမ်းဝမ်း၏ မျက်နှာဖြင့် မင်းသွားလေ ကျင်းစိန် အစွမ်းကုန် ကူညီမည် ဖြစ်သည်။

ထိုအခါ သူသည် မိုးကြိုးလှ ဂိုဏ်း၏ သားကောင်တစ ရောက်ရတော့မည် မဟုတ်ပ လော။

* * *

မိုးကြိုးလှ ဂိုဏ်းချုပ် ကျင်းခုံးဆား သိုင်းလောကဌ် လျှမ်းလျှမ်းတောက် ကျော်ကြားသူ ဖြစ်ပေသည်။

မိတ်ဆွေ အပေါင်းအသင်း ၄ ါများလှပေသည်။

မိုးကြိုးလှ ဂိုဏ်းမှာ အဖြူရောင်ဂိုဏ်းအဖွဲ့ အစည်း တစ်ခုဟု လူအများ လက်ခံထားသည် ဖြစ်ရကား မိုးကြိုးလှ ဂိုဏ်း၏ ရန်သူဆိုလျှင် အဖြူရောင် သိုင်းလောကသားများ၏ ရန်သူ အလိုလို ဖြစ်သွားရတော့မည် ဖြစ်လေသည်။

ပလေ့ရှင်က....



'မင်းသွားဦးမှာလား'

ဟု မေးလာပြန်သည်။

လုထင်း ငိုင်နေ၏။

အာချိက သူ့အား လူကောင်းတစ်ယောက် ဖြစ်လာရန် သွန်သင်ဆုံးမခဲ့သည်။

အာချိနှင့် လမ်းခွဲခဲ့ပြီး လူကောင်းတစ်ယောက် ဖြစ်လာရန် သွန်သင်ဆုံးမခဲ့သည်။

အာချိနှင့် လမ်းခွဲခဲ့ပြီးနောက် လုထင်း သေသေချာချာ စဉ်းစားခဲ့သည်။

သူ၏ ရန်သူများကိုသာ ရွေးပြီး ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

မုန်းတီးနာကြည်းစိတ်ဖြင့် အခြားသူများကို ရန်ရှာရန်ကား လုံးဝ စိတ်မကူးချေ။

အကန့်အသတ်ဖြင့် ရန်သူကိုရင်ဆိုင်မည်ဖြစ်ပြီး လူကောင်းတစ်ယောက်ဟု သတ်မှတ်ခြင်း ခံရလေအောင် အစွမ်းကုန် ကြိုးစားရန် စိတ်ကူးထားလေသည်။

ထို့အပြင် ပေးပြီးသားကတိကိုဖျက်ရန်ကား လုံးဝမစဉ်းစားပါချေ။

ထို့ကြောင့်....

'ကျွန်တော် သွားရမှာပါ'

'ဘာကွ'

'ကျွန်တော် သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်'

'သူများတွေက မင်းကို ဒုက္ခပေးကြမှာပေါ့'

'ကျွန်တော် ရင်ဆိုင်ပါ့မယ်'

'မင်းတော်တော်တော့ ခွကျတာပဲ'

ပလေ့ရှင် မကျေမနပ် ဖြစ်သွားလေသည်။

လုထင်း ပါးစပ်ပိတ်ထားလိုက်သည်။

ပလေ့ရှင်က....

'ကောင်းပြီ၊ မင်းသဘောပဲ၊ မင်းက ချောက်ထဲခုန်ဆင်းချင်တယ်ဆိုတော့ ငါဆွဲထားလို့လဲ အပိုပဲပေါ့၊ မင်းထိုက်နဲ့မင်းကံပဲ၊ ငါ ဘာမှမတတ်နိုင်ဘူး'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

လုထင်းက ဟန့်တားရန် ဟန်ပြင်လိုက်၏။

• • •

ပလေ့ရှင်မှာ သူ့အား ကျေးဇူးပြုခဲ့ဖူးရကား မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုလေသည်။

ထို့ကြောင့် မေးမြန်းရန် စိတ်ကူးလိုက်၏။

သို့သော် ထိုလူက အဖြေပေးမည်မဟုတ်ကြောင်း စဉ်းစားမိရာ မမေးဘဲ နေလိုက်သည်။



ပလေ့ရှင်သည် လုံးဝလှည့်မကြည့်ဘဲ ကျောခိုင်းထွက်သွား၏။

သူ၏ ခြေထောက်များ မြေနှင့်ထိသည်ဟုပင် မထင်ရချေ။

လျင်မြန်သွက်လက်စွာ ပြေးထွက်သွားရာ တခဏအတွင်း မြင်ကွင်းမှ ပျောက်သွားလေတော့သည်။

လုထင်း သက်ပြင်းချလိုက်သည်။

အဝေး၌ တွေ့မြင်နေရသည့် အိမ်ခေါင်မိုးများဆီသို့ လှမ်းကြည့်လိုက်၏။

သူသည် ကတိပေးခဲ့သည့်အတိုင်း ဆရာကြီး နန်းကုန်းအား သွားရောက် ဂါရဝပြုရမည် ဖြစ်လေသည်။

ထိုအခါ သူ့အားဒုက္ခပေးမည့်သူများနှင့် ကြုံဆုံရမည် ဖြစ်သည်။

လုထင်း ဆက်မတွေးတော့ပါ။

လေးလံသော ခြေလှမ်းများဖြင့် မြို့ကလေးဆီသို့ ဦးတည် လျှောက်သွားလေတော့သည်။

မြို့စွန်တွင် ခြံဝန်းကျယ်ကြီးတစ်ခု ရှိပေသည်။

ခြံဝင်းအတွင်း၌ ခန့်ညားထည်ဝါသော အဆောက်အအုံကြီး ရှိနေ၏။

ခြံဝင်း အဝင်တံခါးမကြီးကား ဟာလာဟင်းလင်း ဖွင့်ထား၏။

ခြံဝင်းအတွင်းသို့ လူများ ဥဒဟို ဝင်ထွက် သွားလာနေကြသည်ကို တွေ့မြင်နိုင်၏။

အမှတ်တမဲ့ ကြည့်လျှင် စည်ကားသိုက်မြိုက် နေခြင်းကြောင့် မင်္ဂလာပွဲတစ်ခု ဆင်ယင်ကျင်းပနေသည်ဟုပင် ထင်ရမည် ဖြစ်လေသည်။

သို့သော် သေသေချာချာ ကြည့်ပါက ဝင်ထွက်သွားလာနေသူများ၏ မျက်နှာမှာ ညှိုးနွမ်းနေသည်ကို တွေ့ရမည်ဖြစ်၏။

ပျော်ရွှင်ဖွယ်ကောင်းသော မင်္ဂလာအခန်းအနား တစ်ခုဆင်ယင်ကျင်းပနေခြင်း မဟုတ်ကြောင်း သိနိုင်လေသည်။

မှန်ပေသည်။

ထိုခြံဝင်းအတွင်းရှိ အဆောက်အအုံသည်ကား သိုင်းလောက၌ ထင်ရှားကျော်ကြားလှသည့် ဆရာကြီး နန်းကုန်းနေထိုင်ပိုင်ဆိုင်ထားသည် မဟုတ်ပါလား။

ဆရာကြီးနန်းကုန်းမှာ နာမကျန်းဖြစ်နေခဲ့သည်မှာ အတော်ကြာခဲ့ချေပြီ။

ဆရာကြီး၏ အခြေအနေ တစ်နေ့တစ်ခြား ဆိုးဝါးလာလေရာ သိုင်းလောကသားများသည်ရှိသေလေးစားသည့်အထိမ်းအမှတ်အဖြစ် လာရောက်ဂါရဝပြုကြခြင်း ဖြစ်လေသည်။

* * *



လုထင်းက ခြံဝင်းရှေ့သို့ရောက်လျှင် မြေလှမ်း ရပ်လိုက်သည်။

ဝင်ထွက် သွားလာနေသူများကို အကဲခတ်ကြည့်လိုက်၏။

ခြံဝင်းအတွင်း၌ သွေးသုံးဖော် ကြိုတင်ရောက်ရှိနေမည်မှာ သေချာလှပေသည်။

သွေးသုံးဖော်သည် သူရောက်ရှိ လာသည်ကို တွေ့လျှင် ကျိန်းသေ ဒုက္ခပေးလာကြမည် ဖြစ်လေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

လူအုပ်ကြားထဲ ရောနှောဝင်ကာ ဂါရဝပြုပြီး မည်သူမျှ သတိမပြုမိနိုင်ခင် အမြန်ဆုံး ထွက်လာမည်ဟု စိတ်ကူးလိုက်သည်။

မျက်နှာကို ခပ်ငုံ့ငုံ့ထားရင်း ခြံဝင်းအတွင်းသို့ ဝင်ရန် မြေလှမ်း ပြင်လိုက်လေသည်။

ထိုစဉ် ခြူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လုထင်း လှမ်းကြည့်လိုက်သည်။

ထိုအခါ မြင်းလှည်းတစ်စီးအား မြင်းလေးကောင် ခြံရံကာ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ခြံရံလိုက်လာသည့် မြင်းလေးကောင်မှာ မြင်းဖြူကြီးများဖြစ်ကြပြီး လည်ပင်း၌ ရွှေခြူများ ဆွဲထားကြသည်။

မြင်းစီးလာသူ လေးယောက်ကား အဖြူရောင် ဝတ်ဆင်ထားကြသည့် မိန်းကလေးများ ဖြစ်ကြပေသည်။

မြင်းလှည်းမောင်းလာသူမှာလည်း အဖြူရောင်မိန်းကလေး တစ်ယောက် ဖြစ်လေသည်။

'ဘေးကို....ဘေးကို'

ရှေ့ဆုံးမှ အဖြူရောင်မိန်းကလေးက လမ်းရှင်းနေသည်။

လုထင်းက ကပျာကယာ ဘေးသို့ ရှောင်းတိမ်းလိုက်သည်။

အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးက သူ့အား မျက်စောင်းထိုးကာ တစ်ချက် ကြည့်သွားလေသည်။ လုထင်း ချက်ချင်း မျက်နှာလွှဲထားလိုက်၏။

မြင်းလေးကောင်နှင့် မြင်းလှည်းသည် ခြံဝင်းအတွင်းသို့ ဒုန်းစိုင်း ဝင်ရောက်သွားကြလေသည်။

ထိုလူစုမှာ သိုင်းလောက၌ ထင်ရှားသူများဖြစ်ကြပြီး ဆရာကြီးနန်းကုန်းအား လာရောက် ဂါရဝပြုခြင်း ဖြစ်မည်ဟု တွေးမိသည်။

ခြံဝင်းအတွင်းသို့ ဝင်လျှင်ကောင်းနိုး၊ မဝင်ဘဲ လှည့်ပြန်သွားလျှင် ကောင်းနိုး ရုတ်တရက် တွေးမရဘဲ ရပ်နေမိသည်။

သို့သော် ဤနေရာသို့တိုင် လာခဲ့ပြီးမှ ဝင်ရောက် ဂါရဝပြုမည်ဟု ဆုံးဖြတ်ကာ ခြံဝင်းအတွင်းသို့ ဝင်ရန်ဆုံးဖြတ်လိုက်သည်။

သူ ခြေလှမ်းပြင်စဉ်မှာပင်....

'ဘေးကို....ဘေးကို'

အော်ငေါက်သံများ ထွက်ပေါ်သည်။

တဆက်တည်းပင် မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားတစ်စု ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေ၏။



လုထင်းက ကပျာကယာ ဖယ်ပေးလိုက်သည်။

မြင်းစီးသမားများကား ခြံဝင်းအတွင်းသို့ ဒုန်းစိုင်း ဝင်ရောက်သွားကြသည်။

ဖုန်များ အလိပ်လိုက်ထလာခြင်းကြောင့် လုထင်း လက်ဖဝါးကာ အသက်အောင့်ထားလိုက်ရသည်။

မြင်းစီးသမားများကိုသည်း သေသေချာချာ မကြည့်ဖြစ်ခဲ့ချေ။

မြင်းစီးသမားများ ဝင်ရောက်ပျောက်ကွယ်သွားပြီးမှ သူလည်း ခြံဝင်းအတွင်းသို့ ဝင်လာခဲ့လေသည်။

ခြံဝင်းအတွင်းဝယ် ပန်းဥယျာဉ် စိုက်ပျိုးထားသည်။

လုထင်းက အတွင်းဘက်ဝင်သွားသူများနှင့် ရောနှောကာ လိုက်သွား၏။

မကြာပါချေ။

အဆောက်အအုံကြီးရှေ့သို့ ရောက်ရှိသွားလေသည်။

အဆောက်အအုံရှေ့၌ ရှင်းရှင်းလင်းလင်း ဖြစ်နေ၏။

မြင်းများကိုလည်းကောင်း၊ မြင်းလှည်းများကိုလည်းကောင်း မတွေ့ရပါချေ။

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည့် လုလင်များသည် ရောက်ရှိလာသည့် ဧည့်သည်တိုင်းကို ပျူပျူငှာငှာ ကြိုဆိုနှုတ်ဆက်ကာ အတွင်းဘက်သို့ ခေါ်ဆောင်သွားကြသည်ကို တွေ့ရ၏။

လုထင်းလည်း အခြားဂါရဝပြုရန် လာရောက်ကြသူများနှင့်အတူ အဆောက်အအုံ အတွင်းဘက်သို့ လိုက်ပါသွား၏။ အဆောက်အအုံ အတွင်းခန်းမကျယ်ကြီး တစ်ခုရှိနေပါ၏။

ခန်းမအတွင်း ဧည့်သည်များ ပြည့်နှက်နေသည်ကို တွေ့မြင်ရလေသည်။

ရောက်ရှိလာသူတိုင်းသည် ခန်းမကျယ် တစ်ဘက်စင်မြင့်ဆီသို့ ဦးတည်သွားကြပြီး စင်မြင့်ပေါ်၌ ချိတ်ဆွဲထားသည့် ဆရာကြီးနန်းကုန်း၏ ပုံတူပန်းချီကားကို ဂါရဝပြုကြပြီးနောက် ပြန်လည် ထွက်ခွာကြရလေသည်။

ဆရာကြီးနန်းကုန်း နာမကျန်းဖြစ်နေရကား ရောက်ရှိလာသူတိုင်းကို လက်ခံတွေ့ဆုံနိုင်မည် မဟုတ်ပါချေ။

ရောက်ရှိလာသူများလှရာကား ပုံတူပန်းချီကားကိုသာ ဆရာကြီးနန်းကုန်းအမှတ်ပြုကာ ဂါရဝပြုခိုင်းရခြင်း ဖြစ်တော့၏။

ခန်းမကျယ်အတွင်း၌ ဧည့်ပရိသတ် များပြားလှသည် ဖြစ်သော်လည်း အသံဗလံ ဆူဆူညံညံ ထွက်ပေါ်နေခြင်း မရှိချေ။

ဧည့်သည်များ အလိုက်တသိ တိတ်ဆိတ်စွာဂါရဝပြုပြီး ပြန်လည်ထွက်ခွာသွားကြခြင်း ဖြစ်လေသည်။

လုထင်း စိတ်သက်သာရာ ရသွား၏။

ယခုအတိုင်းဆိုလျှင် သူလာရောက်ဂါရဝပြုသည်ကို မည်သူမျှ သတိပြုမိမည် မဟုတ်ချေ။

သူက တိတ်တဆိတ်ဂါရဝပြုပြီး တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားနိုင်သည် မဟုတ်ပါလား။

လုထင်းလည်း ခန်းမတစ်ဘက်သို့ ငုံ့ကြည့်သွားသည်။



ဧည့်ပရိသတ်များသည် စည်းကမ်းသေဝပ်စွာဖြင့် ဆရာကြီးနန်းကုန်း၏ ပုံတူပန်းချီကားရှေ့၌ ဦးညွှတ် ဂါရဝပြုလိုက်ပြီး တစ်ဘက်စင်္ကြံလမ်းမှတစ်ဆင့် အပြင်ဘက် ထွက်သွားလေသည်။

လူအများနှင့် ရောနှောလိုက်ပါသွားရင်း ဆရာကြီးနန်းကုန်း၏ ပုံတူပန်းချီကားရှေ့သို့ ရောက်ရှိသွား၏။

လုထင်း ငြိမ်သက်စွာရပ်ကာ ဦးညွှတ်ဂါရဝ ပြုလိုက်လေသည်။ ထို့နောက် တစ်ဘက်စင်္ကြံလမ်းမှတစ်ဆင့် အပြင်ဘက်သို့ ထွက်လိုက်၏။

စင်္ကြံလမ်းဆုံးလျှင် အဆောက်အအုံတစ်ခုသို့ ရောက်ရှိသွားသည်ကို တွေ့ရလေသည်။

လုထင်းက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။

မလှမ်းမကမ်းတွင် မြေကွက်လပ်တစ်ခု ရှိနေပြီး မြင်းများ၊ မြင်းလှည်းများ၊ စီတန်း ရပ်တန့်ထားသည်ကို တွေ့မြင်ရလေသည်။

မြင်းလှည်းကိုမြင်လျှင် အဖြူရောင် ဝတ်ဆင်ထားသည့် မိန်းကလေးများကို သတိရလိုက်၏။

ထိုမိန်းကလေးများနှင့် မြင်းစီးလာခဲ့သူများကား ခန်းမတွင်း၌ မတွေ့ခဲ့ရပါချေ။

သူတို့ အဘယ့်ကြောင့် ဆရာကြီး နန်းကုန်းအား ဂါရဝ ပြုကြသည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။

အတန်ကြာ တွေးတောပြီးမှ သူတို့သည် ပုံတူ ပန်းချီကားအား ဂါရဝပြုခြင်းမဟုတ်ဘဲ ဆရာကြီး နန်းကုန်းအား လူကိုယ်တိုင် တွေ့ဆုံပြီး ဂါရဝပြုခြင်းသာ ဖြစ်မည်ဟု တွေးမိလေသည်။

'ဒီလူတွေဟာ သိုင်းလောကမှာ ထင်ရှားသူတွေပဲ ဖြစ်ရလိမ့်မယ်'

တွေးပြီး တစ်ဖက်သို့ ထွက်လာခဲ့သည်။

အခြားသော ဂါရဝပြုသူများသည် အဆောက်အအုံဘေးမှလမ်းကလေးအတိုင်း အပြင်ဘက်သို့ ပြန်လည် ထွက်သွားနေကြပြီ ဖြစ်၏။

လုထင်းလည်း ထိုလူများနှင့်အတူ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'လက်စသတ်တော့ မင်း ရောက်လာတာကိုး'

စကားသံတစ်ချက် ဝဲဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချက်ချင်း လှမ်းကြည့်လိုက်သောအခါ ချန်းဖုံးက သူ့ထံ ခပ်သွက်သွက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုဆင်း မျက်နှာ ပျက်သွားသည်။

'ဒုက္ခပဲ၊ သူတို့ ငါ့ကို တွေ့သွားပြီ'

ဟု ကြိတ်ပြီး ရေရွတ်မိလိုက်၏။

ချန်းဖုံးက သူ့အနီးသို့ရောက်လာလျှင် ရယ်ကျဲကျဲဖြင့်....

'ဘယ်လိုလဲ၊ မင်း အဖော် ပါမလာဘူးလား'

ဟု မေးလိုက်လေသည်။

လုဆင်း ခေါင်းယမ်းလိုက်သည်။

'မပါ၊ ပါဘူးဗျာ'



'မင်းက တယ်လဲ သတ္တိကောင်းပါလား၊ ဒီကိုတောင် လာရဲတယ်ဆိုတော့ ငါတို့ကို အရေးမစိုက်တဲ့ သဘောပေါ့... ဟုတ်လား....'

'ဗျာ....'

လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူက ကတိအတိုင်း လာခဲ့ခြင်းဖြစ်သည်။

ချန်းဖုံးတို့အား အရေးမစိုက်ဖို့ မဆိုထားနှင့် တွေ့ရမည်ကိုပင် ထိတ်လန့်နေခဲ့ရလေသည်။

ယခုတော့ ချန်းဖုံးက မတရားစွပ်စွဲပြောဆိုလာသည်မဟုတ်ပါလား။

လုထင်းက....

'ကျွန်တော် ပြောထားတဲ့စကား တည်အောင် လာခဲ့တာပါ ခင်ဗျားတို့ကို ဂရုမစိုက်ဘူးဆိုရင် ဒီကိုတောင် လာစရာ မလိုပါဘူး....'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ချန်းဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

'ဪ... မင်းက ကတိတည်တယ်ဆိုတာ သက်သေပြချင်လို့ ဒီကို လာခဲ့တာပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းပြီ၊ မင်းကို မေးဖို့ ကျန်နေသေးတဲ့စကား ဆက်မေးရဦးမယ်၊ မင်းနဲ့ စာပေသမား လုယုကျင်းနဲ့ ဘယ်လို ပတ်သက်နေသလဲ'

လုထင်း ရင်ထိတ်သွားသည်။

သူက လိမ်ညာပြောတတ်သူ မဟုတ်ရကား.... အမှန်အတိုင်း ပြောပြလိုက်သည်နှင့် ကျိန်းသေ ရန်မူခြင်း ခံရတော့မည် ဖြစ်လေသည်။ လုထင်း မည်သို့အဖြေပေးရမှန်းမသိ ဖြစ်သွား၏။

ချန်းဖုံးက....

'ပြောစမ်းပါဦး၊ မင်းနဲ့ ဘယ်လို ပတ်သက်နေသလဲ'

လုထင်း ခေါင်းယမ်းလိုက်သည်။

'ဘယ်လိုအကြောင်းရှိလို့ 'အခုလိုမေးရတယ်ဆိုတာ အရင်ပြောပြပါခင်ဗျာ'

'အမယ်....မင်းကတောင် ငါ့ကို ပြန်မေးလိုက်သေးတယ်....၊ ကောင်းကွာ၊ မင်းဟာ ငါတို့တွေ့ချင်နေသူပဲ ဖြစ်ရမယ်'

'ကျွန်တော့်ကို တွေ့ချင်တယ် ဟုတ်လား'

'ဟုတ်တယ်၊ မင်းဟာ စာပေသမား လုယုကျင်းရဲ့ သား.... မဟုတ်လား'

လုထင်း အံကြိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ဟား....ဟား....ဟား'

ချန်းဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ချန်းဖုံးကို နားမလည် နိုင်စွာ ကြည့်ကာ....

'ခင်ဗျားဘာရယ်တာလဲ'

'ဟား....ဟား....ဟား....ငါ တွေးကြည့်ရင် ပြေးကြည့်တာထက်မှန်နေတာကို သဘောကျလို့ကွ၊ မင်းအမေက သံမဏိယပ်တောင် ဝမ်းလျန်မဟုတ်လား'



လုထင်းမှာ မတူးတော့သည့် အတူတူ ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်တယ်'

'အခုတလော အဖြူရောင် သိုင်းသမားတွေ စုစည်းပြီး လူဆိုးဓားပြတွေကို သုတ်သင် ရှင်းလည်းပစ်ခဲ့ကြတယ်၊ အောင်ပွဲအလီလီခံခဲ့ကြတယ်ဆိုတာ မင်းမကြားဘူးလား'

ချန်းဖုံးက ရယ်မောလိုက်ပြီး....

'လူဆိုး ဓား ပြ တွေ ပြေးစရာမြေ မရှိတော့ဘူးလေကွာ၊ မင်းက လွှတ်လိုလွှတ်ငြား ပြေးလာပေမယ့် မိုးကြိုးလုံ့ဂိုဏ်းက မင်းသားလေး ကျင်းစိန်နဲ့ တွေ့တော့ အခြေအနေ မဟန်ဘူးဆိုတာသိခဲ့ရပြီ မဟုတ်လား'

'အခု မင်းဘယ်ပြေးမလဲ'

လုထင်းက....

'ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ'

'ဘာ မင်းကငါ့ကို အရူး လုပ်တယ်ပေါ့လေ'

ချန်းဖုံးက လက်တစ်ဘက် ဆန့်ထုတ်ကာ လုထင်းအား ဖမ်းဆွဲလိုက်လေသည်။

လုထင်းက ဘေးသို့ ရှောင်ပေးလိုက်၏။

ချန်းဖုံး ဒေါပွသွားသည်။

'မင်းတို့လို လူဆိုးဓားပြတွေ ဒီနေရာနဲ့ တန်သလား သေပေတော့'

အော်ငေါက်ရင်း လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ချန်းဖုံးကား ပြင်းထန်စွာ တိုက်ခိုက်လာပြီ ဖြစ်လေသည်။

လုထင်းရင်ထိတ်သွားၡ၏။

နိုင်ထက်ကလူ ပြုမူသည်ဟုတွေးမိကာ ဒံပြင်းဒေါသထွက်လာလေသည်။

ရှောင်တိမ်းခြင်း မပြုဘဲ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

ရန်ကို ရန်ချင်း တုံ့နှင်း ခြင်းဖြင့် ရန်ငြိုး သံသရာကုန်ဆုံးမည်မဟုတ်ဟု နားလည်ထားလေရာ ရှောင်တိမ်းခြင်း မပြုဘဲ ရပ်နေလိုက်လေသည်။

ထို့ကြောင့်....

ချန်းဖုံး၏ တိုက်ခိုက်မှုသည် လုထင်း၏ ပခုံးကို ထိမှန်သွားလေတော့သည်။

'ဝုန်း...'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုထင်းမှာအဝေးသို့ လွင့်စဉ်သွားလေသည်။

ချန်းဖုံးက သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်လာလေသည်။

စကြိုလမ်းကို ဖြတ်ကာ ထွက်သွားနေကြသည့် ဧည့်သည်များသည် တိုက်ပွဲဖြစ်ပွားသွားသည်ကို မြင်လျှင် တအံ့တဩဖြစ်သွားကြပြီး ဝိုင်းကြည့်လာကြလေသည်။

လုထင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

အဝတ်အစားများ၌ ပေကျံသွားသည့် ဖုန်များ သဲများကို ခါထုတ်ပြီး ချန်းဖုံးကို မကျေမနပ်ကြည့်ကာ....



'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ'

ဟုမေးလိုက်လေသည်။

ချန်းဖုံးက....

'ဘာ...မင်းက ငါ့ကို မေးနေသေးတယ် ဟုတ်လား၊မင်းကိုယ်မင်းဘာလဲဆိုတာ ပြန်ပြီး စဉ်းစားကြည့်စမ်းပါဦး'

'ကျွန်တော်က ဘာများဖြစ်နေလို့လဲ'

'မင်းဟာ နာမည်ကျော်သံမဏိယပ်တောင် ဝမ်းလျှန်ရဲ့သားလူဆိုးမားပြလေးလေကွာ'

'ခင်ဗျား မတရား မစွပ်စွဲနဲ့၊ ကျုပ်က လူဆိုး ဓားပြမဟုတ်ဘူး'

'ဟား....ဟား....ဟား....'

ချန်းဖုံးသဘောကျစွာ ရယ်မောလိုက်လေသည်။

လုထင်းမှာ မကျေမနပ် ဖြစ်နေသော်လည်း ဤနေရာ၌ ဆက်နေလျှင်သည့်ထက်ပိုဆိုးမည် ဖြစ်ကြောင်းတွေးမိသည်။

ထို့ကြောင့်....

ဘာမှ မပြောတော့ဘဲ ချာခနဲ လှည့်ကာ ထွက်လာခဲ့လေသည်။

ချန်းဖုံးကြောင်အမ်းအမ်းဖြစ်သွား၏။

လုထင်းကို လှမ်းကြည့်ရင်း....

'မင်းထွက်သွားလို့ ရမလား'

အော်ငေါက်ရင်း လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

လုထင်းမှာ နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားရသော်လည်း အရေးမစိုက်ဘဲ ရှေ့ဆက်လျှောက်သွား၏။

ထိုအခါ ချန်းဖုန်း၏ ခုန်ပေါက် ကန်ကျောက် လိုက်သော ခြေထောက် ကန်ချက်များမှာ သူ၏ ကျောပြင်ကို တန်းတန်းမတ်မတ် ထိသွားလေရာ....

'ဝုန်း'....

'အား....'

လုထင်း ရှေ့သို့ မှောက်လျက်လဲသွားသည်။

ယခုတစ်ကြိမ် အနည်းငယ် နာကျင်သွားသဖြင့် လွှတ်ခနဲ အော်လိုက်မိ၏။

ချန်းဖုံးက....

'မင်းကိုဖမ်းပြီး အစ်ကိုကြီး ကျင်းခုံးလက်ထဲ အပ်ရမယ်'

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင် ဖမ်းချုပ်ရန် လက်ဟန် ပြင်လိုက်လေသည်။

လုထင်းမှာ ကျင်းခုံးဟူသော အမည်ကြားလျှင် ထိတ်လန့်တုန်လှုပ်သွား၏။

ကျင်းခုံးသည် မိုးကြိုးလု ဂိုဏ်းချုပ် ဖြစ်လေသည်။

မိုးကြိုးလု ဂိုဏ်းမှာ အဖြူရောင် သိုင်းအဖွဲ့တစ်ခုဟု လူသိများသော်လည်း နောက်ကွယ်တွင် မကောင်းမှု ဒုစရိုက် လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိထားရာ ငြိမ်ခံမနေနိုင်ပါတော့ချေ။



ထို့ကြောင့် လက်တစ်ဘက် ဆန့်ထုတ်ကာ ပြန်လည်ခုခံလိုက်လေသည်။

ချန်းဖုံးမှာ လုထင်းပြန်လည် ခုခံတိုက်ခိုက် လာမည်ဟု မထင်မိပါချေ။

ပေါ့ပေါ့ဆဆ သဘောမထားခဲ့လေရာ လုထင်းပြန်လည်တိုက်ခိုက်လိုက်သည်နှင့် လုထင်း၏ လက်ဝါးသည် သူ၏လက်နှစ်ဘက် ကြားမှ တိုးဝင်ကာ သူ့အား ထိမှန်သွားလေသည်။

ထိုနည်းတူ သူရိုက်ချလိုက်သည့် လက်ဝါးမှာလည်း လုထင်းအား ရိုက်ချမိလေတော့သည်။

'ဝုန်း....'

'အား....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လုထင်း မြေပေါ် လဲကျသွား၏။

ချန်းဖုံးလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။

ချန်းဖုံး အကြီးအကျယ် ဒေါသထွက်သွားလေသည်။

ခါးကြား၌ ထိုးထားသည့် ပလွေကို ဆွဲထုတ်လိုက်၏။

ဝိုင်းအုံ ကြည့်နေသူများ တဖြည်းဖြည်း များပြားလာပြီဖြစ်လေသည်။

ချန်းဖုံးမှာ သိုင်းလောက၌ နာမည်ရထားသူ ဖြစ်လေရာ သူ့ထက် ငယ်ရွယ်ပြီး နာမည်မရှိသည့် လုထင်း၏ လက်ချက်မိသွားခြင်းကြောင့် အရှက်ရသွား၏။

ဝိုင်းကြည့်နေသူများရှေ့တွင် သူ၏ဂုဏ်သိက္ခာ ပြန်ဆည်လိုသဖြင့် ပလွေကို ဆွဲထုတ်လိုက်ခြင်း ဖြစ်ပေသည်။

သေွးသုံးဖော်သည် သိုင်းလောက၌ နာမည်ရှိသူများ ဖြစ်ကြသည် မဟုတ်ပါလား။

လုထင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

ချန်းဖုံးနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး ဖြစ်လေသည်။

ချန်းဖုံး၏ သိုင်းပညာအဆင့်၊ သူ့ထက် မြင့်နိုင်ကြောင်း အကဲခတ်မိ၏။

မလွဲမသွေရှောင်သာတော့သဖြင့် မေ့ဆေးထုတ်ဖော် အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။

ချန်းဖုံးက....

'မင်းဘယ်ဆိုးလို့တုန်း၊ ငါ့ပလေ့ကိုကြည့်ထား'

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

လုထင်းကလည်း ခုခံရန် အသင့်ပြင်ထားလိုက်၏။

ထိုစဉ်မှာပင်....

'အားလုံး ရပ်လိုက်ကြပါ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းဖုံး တုံ့ခနဲ ရပ်လိုက်၏။

စကားသံထွက်ပေါ်လာရာဆီသို့လှမ်းကြည့်လိုက်လျှင် ရွှေဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့ရ၏။

ချန်းဖုံး မျက်မှောင်ကြုတ်သွားသည်။

လုထင်းကား ယခုမှ စိတ်သက်သာရာ ရသွားသည်။



ကြားလူတစ်ယောက် ဝင်လာခြင်းမှာ ကောင်းသည် ဆိုးသည် သူမသိပါ။

သို့သော် လောလောဆယ် တိုက်ပွဲရပ်တန့်သွားစေခဲ့သည် မဟုတ်ပါလား။

လုထင်းက ငေးကြည့်နေမိ၏။

ရွှေရောင် ဝတ်ဆင်ထားသူက....

'သခင်မလေးက ဖိတ်ခေါ်လိုက်ပါတယ်၊ ကျေးဇူးပြုပြီး မိတ်ဆွေတို့နှစ်ယောက် ကျုပ်နောက် လိုက်ခဲ့ကြပါဗျာ'

ဟု ဖိတ်ခေါ်လိုက်၏။

ပြီးလျှင် တစ်ဘက်သို့ ပြန်လှည့်ထွက်သွားလေသည်။

လုထင်းနှင့် ချန်းဖုံးတို့မလိုက်ဘဲ နေခွင့်မရှိ ဟူသည့်သဘော ဖြစ်ပေသည်။

ချန်းဖုံး ပြုံးလိုက်သည်။

လုထင်းအား လှမ်းကြည့်လိုက်ပြီး...

'မင်းတော့ ကံဆိုးပြီ'

စကားဆုံးလျှင် ရွှေဝါရောင် ဝတ်ဆင်ထားသူ နောက်သို့ လိုက်သွား၏။

လုထင်း တွေဝေနေသည်။

လိုက်သွားလျှင် ကောင်းနိုး လိုက်မသွားဘဲ ထွက်သွားလျှင် ကောင်းနိုး ဝေခွဲမရ ဖြစ်နေ၏။

သို့သော် လိုက်သွားပြီး ရင်ဆိုင်ဖြေရှင်းခြင်းက အကောင်းဆုံး ဖြစ်မည်ဟု ယူဆမိလျှင် နောက်မှ လိုက်သွားလေသည်။

ဝိုင်းကြည့်နေသူများကား ကိုယ်နှင့်မဆိုင်တော့သလို ကိုယ့်လမ်းကိုယ် ဆက်သွားကြ၏။

အခြေအနေ အရပ်ရပ်သည် ဘာမှမဖြစ်တော့သလို ထူးခြားမှုမရှိ ပကတိအတိုင်း ပြန်ဖြစ်သွားသည်။

လုထင်းကား ချန်းဖူးနှင့် ရွှေရောင်ဝတ်ဆင်ထားသူ နောက်သို့ လိုက်သွားရာ စကြံလမ်းများကို ဖြတ်ကျော်ပြီးလျှင် လှပသပ်ရပ်စွာ ပြုပြင်ထားသည့် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

အခန်းတစ်ခုလုံး လှပသပ်ရပ်စွာ ပြုပြင်ထားလေသည်။

အခန်းနံရံများပေါ်ဝယ် ရောင်စုံပန်းချီကားများ အစီအရီ ချိတ်ဆွဲထား၏။

အလှစိုက်ပန်းအိုးများလည်း ရှိနေ၏။

အခန်းတွင်းသို့ ရောက်လျှင် ချန်းဖူး ခြေလှမ်း ရပ်လိုက်သည်။

လုထင်းလည်း ခြေလှမ်း ရပ်လိုက်လေသည်။

ရွှေဝါရောင် ဝတ်ဆင်ထားသူက....

'သခင်မလေး ထွက်လာပါလိမ့်မယ်၊ စောင့်နေပါ'

ပြောပြီး ပြန်လည်ထွက်သွား၏။

အပြင်ဘက်ရောက်လျှင် အခန်းတံခါး ပိတ်ထားလိုက်လေသည်။

ချန်းဖူးက လုထင်းကိုကြည့်လိုက်၏။

လုထင်းမျက်နှာ မှုန်ကုပ်ကုပ်ဖြစ်နေသည်ကိုမြင်လျှင် သဘောကျစွာ ပြုံးလိုက်ပြီး....



'သခင်မလေးဟာ ဘယ်သူဘယ်ဝါဆိုတာ မင်း သိသလား'

ဟု မေးလိုက်၏။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ် မသိဘူး'

'ဟဲ့....ဟဲ....သခင်မလေးနာမည် နန်းကုန်းယန်လို့ခေါ်တယ်၊ နန်းကုန်းရဲ့ သမီးပေါ့၊ သူက မင်းကို ဆုံးမအပြစ်ပေးမှာ သေချာတယ်'

လုထင်း ပါးစပ် ပိတ်ထားလိုက်လေသည်။

ချန်းဖူးက ရယ်မောလိုက်သည်။

ထိုစဉ် ပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း လှမ်းကြည့်လိုက်၏။

ထိုအခါ အတွင်းဘက်မှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ လုထင်းနှင့် သက်တူရွယ်တူခန့် ရှိလေသည်။

တစ်ကိုယ်လုံး အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လှန်စွာချော့မောလှပသူကလေး ဖြစ်လေသည်။

သူမ၏မျက်နှာ ညှိုးနေ၏။

သူမရောက်ရှိလာသည်ကိုမြင်လျှင် ချန်းဖူးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း....

'သခင်မလေးက.... ကျုပ်တို့ကို ခေါ်ခိုင်းလိုက်တယ် ဆိုတာက....'

သူ၏စကားမဆုံးမီ မိန်းကလေးက လက်ကာ၍ ပြလိုက်လေသည်။

ချန်းဖုံး ပါးစပ်ပိတ်ထားလိုက်ရ၏။

မိန်းကလေးက....

'အခုအချိန်မှာ ဖေဖေဟာ ရောဂါဝေဒနာ အပြင်းအထန် ခံစားနေရပါတယ်ရှင်၊ ဖေဖေကို ဂါရဝပြုဖို့ ရောက်လာသူတွေအားလုံး စုံစေအောင် လက်ခံပြီး.... မတွေ့ဆုံနိုင်တာ ဝမ်းနည်းစရာ ကောင်းပါတယ်'

ချန်းဖုံးက....

'အို....ဒီလိုဘယ်ဟုတ်မလဲ၊ ရောက်လာသူတွေ များပြားလွန်းတော့ ဆရာကြီးက အားလုံးကို လက်ခံတွေ့ဆုံမယ်ဆိုရင် ဘယ်အနားရပါတော့မလဲဗျာ၊ ဆရာကြီးအေးအေးဆေးဆေး အနားယူဖို့ လိုအပ်ပါတယ်ဗျာ'

မိန်းကလေး ပြုံးလိုက်သည်။

'ရှင်....တကယ်ပဲ ဒီလိုယူဆသလား'

'ဟာ....ဘယ်ပြောကောင်းမလဲ၊ ဆရာကြီး နှောင့်ယှက်လာရင် ကျုပ်က အရင်ဆုံး မောင်းထုတ်ပစ်လိုက်မိမှာပဲ'

'ဒါဆို ရှင့်ကိုယ်ရှင် မောင်းထုတ်ရမလို ဖြစ်နေပြီ'

'ဟင်....'

ချန်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လုထင်းက ဘာမှမပြောဘဲ မိန်းကလေးကိုသာ မျက်တောင်မခတ် ငေးကြည့်နေလေသည်။

ချန်းဖုံးက....



'မိန်းကလေး မင်း ဘယ်လိုပြောလိုက်တာလဲ....၊ ကျုပ်ဟာ မင်းအဖေရဲ့ မိတ်ဆွေပါကွ'

မိန်းကလေး ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မ သိပါတယ်ရှင်၊ ဒါပေမယ့် အခု ရှင်လုပ်တဲ့ အလုပ်ဟာ ဖေဖေ့ကို ကူညီရာမရောက်ဘဲ နှောင့်ယှက်သလို ဖြစ်နေပါတယ်....'

'ကျုပ်က ဘာလုပ်နေလို့လဲ'

'ဒီနေရာကို ဘယ်သူမဆို လာနိုင်ပါတယ်၊ ဖေဖေ့ကို ဘယ်သူမဆို ဂါရဝပြုနိုင်ပါတယ်၊ ရန်ငြိုးရန်စတွေ ရှိခဲ့ရင် ခြံဝင်းအပြင်ဘက်မှာ ထားခဲ့ပါ၊ ဒီအထဲကို ယူဆောင်မလာပါနဲ့၊ ဒီနေရာကို ရောက်လာသူတိုင်းဟာ စိတ်တူကိုယ်တူနဲ့ ဖေဖေ့ကို ဂါရဝပြုဖို့ပါပဲရှင်'

ချန်းဖုံး မကျေမနပ်ဖြစ်သွားသည်။

လုထင်းအား ညွှန်ပြရင်း....

'သူဟာ သံမဏိယပ်တောင် ဝမ်းလျန်ရှဲ့ သားပါပဲ၊ သူဟာ ဘယ်လို လူစားတစ်ယောက်ဆိုတာ မိန်းကလေး ခန့်မှန်းမိမှာပေါ့၊ သူ့ကို ဒီအတိုင်း လွှတ်ပေးလိုက်ရမှာလား'

ဟု ပြောလိုက်သည်။

မိန်းကလေးက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်မ ပြောပြီးပါပြီ၊ ဘယ်လိုပြဿနာဖြစ်ဖြစ် ခြံဝင်းအပြင်ဘက်မှာ ဖြေရှင်းကြပါ၊ ခြံဝင်းထဲကို သယ်ဆောင်မလာပါနဲ့ရှင်'

'ကျုပ်....ကျုပ်က'

'ရှင်ကစပြီး တိုက်ခိုက်ခဲ့တယ်ဆိုတာ ကျွန်မကြားပြီးပါပြီ'

ချုန်းဖုံး ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်သည်။

မိန်းကလေးကို စိုက်ကြည့်ကာ....

'ကောင်းပြီလေ၊ ကျုပ်က ခြံအပြင်ဘက် ထွက်သွားပါ့မယ်'

စကားဆုံးလျှင် လုထင်းဘက်သို့ လှည့်ကာ....

'မင်းကို အပြင်ဘက်မှာ ငါစောင့်နေမယ်'

ပြောပြီး အခန်းတွင်းမှ ထွက်သွားတော့သည်။

လုထင်း ငိုင်နေသည်။

ချုန်းဖုံး ထွက်သွားပြီ ဖြစ်၏။

'ချုန်းဖုံ' က ခြံဝင်း အပြင်ဘက်၌ သူ့အား စောင့်နေမည် ဖြစ်သည်။

သို့သော်....

ချုန်းဖုံးနှင့်ပတ်သက်ပြီး သူစိတ်မဝင်စားပါချေ။

သူစိတ်ဝင်စားနေသည်မှာ နန်းကုန်းယန်ဆိုသည့် မိန်းကလေး ဖြစ်သည်။

နန်းကုန်းယန်မှာ လှန်စွာ ချောမောလှပသည့် မိန်းကလေး တစ်ယောက် ဖြစ်သည်။

မျက်လုံးကလေးများ ဝိုင်းစက်နေသလို နှုတ်ခမ်းလေးများမှာလည်း နီထွေးနေ၏။

ဖြောင့်စင်းသောနှာတံ၊ သေးသွယ်သောမျက်ခုံး၊ ကျစ်ကျစ်လစ်လစ် ခန္ဓာကိုယ် ပုံပြင်ထဲမှ နတ်သမီးတစ်ပါးအလား ရှိ၏။



လုထင်း ငိုင်နေစဉ် နန်းကုန်းယန်က သူ့အား ပြုံးပြလာသည်။

လုထင်းကိုကြည့်ရင်း....

'ရှင် ဘယ်လိုလုပ် ဒီကို ရောက် လာ တာ လဲ၊ ရှင့်အတွက် အန္တရာယ်များတယ်ဆိုတာ မသိဘူးလား'

ဟု ကရုဏာသက်သော လေသံဖြင့် ပြောလာ၏။

သူမသည် လုထင်းအား ရင်းရင်းနှီးနှီးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

လုထင်းက သူမအား မယုံကြည်နိုင်စွာကြည့်ရင်း....

'ခင်....ခင်ဗျား စုအိမ်း မဟုတ်လား'

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

နန်းကုန်းယန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'ဒါ....ဒါဖြင့် ဘယ်လိုလုပ် နန်းကုန်းယန် ဖြစ်လာရတာလဲ'

နန်းကုန်းယန် ပြုံးလိုက်သည်။

'ကျွန်မရဲ့ အမည်ရင်းဟာ နန်းကုန်းယန် ပါပဲရှင်၊ စုအိမ်း ဆိုတာ နာမည်တုပါ'

'ခင်....ခင်ဗျား ဘာကြောင့် ဟန်ဆောင်ခဲ့ရတာလဲ'

'မြို့စားကြီး လုံးကျင်းချုန်းက သူ့ဇနီးအတွက် လူဆိုးတွေနဲ့ ရင်ဆိုင်ဖို့ သိုင်းလောကမှ မိတ်ဆွေတွေကို အကူအညီတောင်းခဲ့တယ်လေ၊ ကျွန်မဖေဖေဆီကိုလဲ လာပြီး အကူအညီ တောင်းခဲ့တယ်'

သူမက လုထင်းအား စိုက်ကြည့်ရင်း....

'ဖေဖေက ကောင်းကောင်း မကျန်းမာတော့ ကျွန်မကို စေလွှတ်လိုက်တယ်လေ၊ မိန်းကလေးတစ်ယောက်အသွင် သွားရင် အထင်သေးခံရမှာစိုးလို့ ယောက်ျားလေး တစ်ယောက်လို ရုပ်ဖျက်သွားခဲ့တာပါရှင်'

လှထင်းမှာ စုအိမ်းနှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည် မြင်ယောင် လာမိသည်။

စုအိမ်းသည် သူနှင့် မိတ်ဆွေဖွဲ့ကာ ချဉ်းကပ်ခဲ့သည်။

ထို့နောက်....

သူနှင့် ဦးလေးဝမ်းတု နောက်သို့ ခြေရာခံလိုက်ကာ ဝမ်းတုကို တိုက်ခိုက်ခဲ့သည်။

ဝမ်းတုအကြောင်း စဉ်းစားမိမှ ဝမ်းတု အသက်ရှင်နေသေးပြီး မြို့စားကြီး လုံကျင်းချန်း၏ ဖမ်းဆီးထားခြင်း ခံနေရကြောင်း သတိရလာသည်။

စုအိမ်း (ဝါ) နန်းကုန်းယန် သည် တောင့်ဖြူ ချောင်းအနောက်ဘက်မှလူများကို တိုက်ခိုက်နှိမ်နင်းရာ၌ အဓိကအခန်းမှ ပါဝင်ခဲ့သူ ဖြစ်၏။

သူ၏အသက်ကိုလည်း ကယ်တင်ခဲ့ဖူးသည်။

မည်သို့ဆိုစေ....

သူက ရန်သူအဖြစ် သတ်မှတ်ထားခဲ့သည် မဟုတ်ပါလား။

လှထင်း တွေးတောစဉ်းစားနေစဉ် နန်းကုန်းယန်က....

'ရှင်ထိုင်နေတဲ့အရပ်မှာ လူဆိုးဓားပြတွေ ခိုအောင်းနေကြတယ်ဆိုတာ အမှန်ပါပဲရှင်၊ အခုတော့လဲ လူဆိုးဓားပြတွေကို နှိမ်နင်းပစ်နိုင်ခဲ့ပါပြီ'



လှကင်း မျက်နှာပျက်သွားသည်။

'ရှင်ဟာ လူဆိုးမိသားစုထဲက လူတစ်ယောက်ဖြစ်ပေမယ့် တကယ်ပေါ့ရှင်ဟာ အပြစ်ကျူးလွန်ခဲ့တာ မဟုတ်ဘူး၊ လူယက်တိုက်ခိုက်တဲ့ ကိစ္စတွေနဲ့ လုံးဝကင်းရှင်းပြီး လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်မသိပါတယ်'

သူမက ပြုံးလိုက်ပြီး....

'ဒါကြောင့်လဲ ရှင့်ကို ကူညီခဲ့တာပေါ့'

ဟု ပြောလာပြန်လေသည်။

လှထင်း မဲ့ပြုံးပြုံးလိုက်၏။

နန်းကုန်းယန့်ကို စိုက်ကြည့်ရင်း....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျုပ်ရဲ့ရန်သူပဲ'

ဟု ပြတ်သားသောလေသံဖြင့် ပြောလိုက်လေသည်။

နန်းကုန်းယန် သက်ပြင်းချလိုက်သည်။

'ရှင်ကတော့ ကျွန်မရန်သူ မဟုတ်ပါဘူး၊ ရှင် ဒီကိုလာပြီး ဂါရဝပြုတော့ ကျွန်မအားသာပဲ ဝမ်းသာနေတာ'

'ကျုပ်က ဂါရဝပြုချင်လွန်းလို့ မဟုတ်ဘူးဗျ၊ ဒီမြို့ကိုရောက်လာပြီးမှ ဂါရဝမပြုဘဲ ထွက်သွားလို့မကောင်းတာနဲ့'

နန်းကုန်းယန်၏မျက်နှာလေး ညိုးကျသွားလေသည်။

လှထင်းကိုကြည့်ကာ....

'ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မဖေဖေကို ဂါရဝပြုခဲ့တာ ကျွန်မကျေနပ်ပါပြီရှင်၊ သိုင်းလောကထဲမှာ လျှောက်သွားမနေပါနဲ့ရှင်၊ ရှင့်အတွက် အန္တရာယ်များလွန်းလှပါတယ်'

'ကိစ္စမရှိပါဘူး၊ ဒါကျုပ်ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး'

‘ကောင်းပြီလေ၊ ရှင့်ကို ကျွန်မအပြစ်မတင်ပါဘူး၊ ဒီကထွက်သွားရင် ချန်းဖုံးနဲ့ အတတ်နိုင်ဆုံး ရှောင်သွားစေလိုပါတယ်။ ဒါမှ....’

သူမ၏ စကားမဆုံးမီ လုထင်းက ကြားဖြတ်ပြောလိုက်လေသည်။

‘ခင်ဗျား ပြောစရာကုန်ပြီလား၊ ကုန်ပြီဆိုရင် ကျုပ်သွားမယ်၊ ကျုပ်ဦးလေးအတွက် ခင်ဗျားနဲ့ကျုပ် တစ်နေ့ တွေ့ကြသေးတာပေါ့’

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

နန်းကုန်းယန်က....

‘ကျွန်မကရှင့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားတယ်ဆိုတာ မမေ့ပါနဲ့ရှင်’

ဟု လှမ်းပြောလိုက်၏။

လုထင်းကနောက်သို့ ခေါင်းငဲ့ကြည့်ရင်း....

‘ကျုပ်မှာ မိတ်ဆွေတစ်ယောက်ပဲ ရှိတယ်၊ သူဟာ သင်းချိုင်းစောင့်အာချီပဲဗျ၊ သူကလွဲရင် မိတ်ဆွေဆိုတာမရှိဘူး’

ဟု ခပ်ရွဲ့ရွဲ့ပြောလိုက်သည်။

ထို့နောက် အခန်းတွင်းမှ ထွက်သွား၏။

အပြင်ဘက်၌ ရွှေရောင်ဝတ်ဆင်ထားသူ ရပ်စောင့်နေသည်ကို တွေ့ရလေသည်။

ထိုလူ၏မျက်နှာ မကြည်မသာဖြစ်နေသည်။



လုထင်းနှင့် နန်းကုန်းယန်တို့ ပြောဆိုနေကြသည့် စကားများကို ကြားသိထားပုံရသည်။

လုထင်းက ထိုလူကိုပင် အရေးမစိုက်ဘဲ ထွက်သွားလေ၏။

ရွှေဝါရောင်ဝတ်ဆင်ထားသူက အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်။

နန်းကုန်းယန်မှ လက်ဝှေ့ယမ်းပြလိုက်ပြီး....

‘အစ်ကိုကြီးချီ သူ့ကို မြို့ပြင်ရောက်တဲ့အထိ လိုက်ပို့ပေးလိုက်ပါ’

ဟု လှမ်းပြောလိုက်လေသည်။

ရွှေဝါရောင်ဝတ်ဆင်ထားသူက မျက်နှာပျက်သွားသည်။

သို့သော် ဘာမှမပြောဘဲ လုထင်းနောက်သို့ လိုက်သွားလေသည်။ ဆရာကြီးနန်းကုန်း၏ ခြံဝင်းသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ခြံဝင်းအပြင်ဘက်သို့ ရောက်လျှင် လုထင်း ခပ်သုတ်သုတ်လှမ်းသွား၏။

စုအိမ်း (ဝါ) နန်းကုန်းယန်နှင့် ဆုံတွေ့ခဲ့ခြင်းကြောင့် သူ၏ရင်ထဲ ခံပြင်းဒေါသ ထွက်နေလေသည်။

ထို့ကြောင့် ချန်းဖုံးကိုပင် သတိမပြုမိတော့ချေ။

ခြံဝင်းအပြင်ဘက်ထွက်ပြီး ခြေလှမ်းငါးဆယ်ခန့် လှမ်းမိသည်နှင့်....

‘ရပ်လိုက်စမ်း’

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်းခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ဂစ်ပင်တစ်ပင်အောက်တွင် ချန်းဖုံး ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရ၏။

လုထင်း မကျေမနပ် ဖြစ်သွား၏။

ချန်းဖုံးကို စိမ်းစိမ်းကြည့်ကာ....

'ခင်ဗျားက ကျုပ်ကို နှောင့်ယှက်ဦးမလို့လား'

ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

သူ၏စကားကြားလျှင် ချန်းဖုံး ခေါင်းမော့ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချန်းဖုံးက....

'သခင်မလေးနန်းကုန်းယန်က ခြံဝင်းထဲမှာ ခိုက်ရန်ဖြစ်တာကို မကြိုက်ဘူးဆိုလို့ မင်းကံကောင်းသွားတယ်မှတ်ပါ။ ဒါပေမယ့် ကြာကြာတော့ မကောင်းနိုင်တော့ပါဘူးကွာ'

'ကျုပ်က မကောင်းဘူးလို့ ခင်ဗျားဘာကြောင့် ပြောနိုင်တာလဲ၊ ခင်ဗျားပြောတိုင်း ကျုပ်က ကံဆိုးရမှာလား'

'မင်း တော်တော်လေကျယ်ပါလား၊ မင်း ဘာများတတ်နိုင်မှာမို့လဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် လုထင်းထံသို့ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။



လုထင်း အံတင်းတင်းကြိတ်လိုက်သည်။

စုအိမ်း(ဝါ)နန်းကုန်းယန်နှင့် တွေ့ပြီးကတည်းက ခံပြင်းဒေါသဖြစ်လာခဲ့ရာ သည်းခံလိုစိတ် ကုန်ခန်းသွားပြီ ဖြစ်လေသည်။

ထို့ကြောင့် လုံးဝရှောင်တိမ်းခြင်းမပြုဘဲ လက်နှစ်ဘက် ဆန့်ထုတ်ကာ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်လေသည်။

သူသည် မိခင်ဖြစ်သူ သင်ကြားပေးထားသော အကောင်းဆုံး သိုင်းကွက်အပြင် မေ့ဆေးပညာကိုပါ ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့်....

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုထင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်သွားရပြီး ချန်းဖုံးမှာ ခြေသုံးလှမ်းမျှ ဆုတ်သွားရလေသည်။

ချန်းဖုံး မျက်နှာပျက်သွားသည်။

'မင်းဘယ်ဆိုးလို့တုန်း'

ပြောရင်း သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး မြေပေါ် ဒူးညွှတ်ကျသွားလေသည်။

'ချန်းဖုံး၊ မင်းဘာဖြစ်တာလဲ'

ကျယ်လောင်သောစကားသံများ ထွက်ပေါ်လာသည်။

လူရိပ်နှစ်ခု လျင်မြန်စွာ ပြေးလွှားလာပြီး ချန်းဖုံးအား ဖေးမလိုက်ကြလေသည်။

ရောက်ရှိလာသူနှစ်ဦးမှာ စဥ့်အိုးကြီး ဝမ်းပုလိနှင့်သူတော်လင်းတို့ ဖြစ်ကြလေသည်။

ဝမ်းပုလိက....

'ချန်းဖုံး....ချန်းဖုံး'

ဟု တတွတ်တွတ် ခေါ်လိုက်၏။

ချန်းဖုံး၏မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်နေ၏။

သူ၏အသားများ ရေခဲတုံးပမာ အေးစက်လာကြောင်း သတိပြုမိ၏။

ချန်းဖုံးက တုန်ယင်နေသောလေသံဖြင့် ....

'ဟို...မှိုကောင်လေးကို သတိထား'

စကားဆုံးလျှင် ခန္ဓာကိုယ် ကော့တက်သွားပြီး ခေါင်းငိုက်စိုက် ကျသွားလေသည်။

'ချန်းဖုံး....ချန်းဖုံး'

ဝမ်းပုလိနှင့် သူတော်လင်းကို အထိတ်တလန့် ခေါ်လိုက်ကြ၏။ သူတော်လင်းက ချန်းဖုံး၏ သွေးကြောများကို စမ်းသပ်ကြည့်လိုက်၏။

သွေးလည်ပတ်မှု နှေးကွေးနေသည်မှအပ အသက်ရှူရှိုက်နေသေးသည်ကို တွေ့ရလျှင် အသက်မသေနိုင်ကြောင်း အကဲခတ်မိလေသည်။

သို့တိုင် ချန်းဖုံး အဘယ့်ကြောင့် ယခုလို သတိလစ်မေ့မြောသွားသည်ကို စဉ်းစားမရပါချေ။

လုထင်းအား လှမ်းကြည့်လိုက်သောအခါ ထွက်သွားရန် ဟန်ပြင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။



သူတော်လင်း ဒေါသထွက်သွားသည်။

'မင်း ဘယ်ပြေးမလဲ'

အော်ပြောရင်း ခုန်ထမည်အပြုတွင် ဝမ်းပုလိက သူ့ထက် ဦးအောင် ခုန်ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းပုလိသည် ဝဖိုင့်သောခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် ပင် လုထင်းထံသို့ ခုန်ဝင်သွားလေသည်။

သူ၏ ကြီးမားသော လက်ဝါးကြီးက လုထင်း၏ နောက်ကျောကို တအား ရိုက်ချပစ်လိုက်သည်။

လုထင်းသာ ရှောင်တိမ်းနိုင်ခြင်း မရှိလျှင် ဝမ်းပုလိ၏ လက်ဝါးချက်ကြောင့် လဲကျသွားရမည် ဖြစ်လေသည်။

လုထင်းက ဝမ်းပုလိ တိုက်ခိုက်လာမှန်း သိလျှင် ဘေးသို့ လှစ်ခနဲခုန်ကာ ရှောင်တိမ်း လိုက်လေသည်။

ဝမ်းပုလိက....

'မင်းဘယ်လောက် ရှောင်နိုင်မှာလဲ'

အော်ဟစ်ရင်း လေထဲသို့ လက်ဝါးသုံးချက် ရိုက်ထုတ်လိုက်၏။

လက်ဝါးအရှိန်ကြောင့် ဖြစ်ပေါ်လာသည့် လေပွေ လှိုင်းများသည် လုထင်းထံသို့ အဆက်မပြတ် တိုးဝင် သွားလေသည်။

လုထင်း အသက်အောင့် ထားလိုက်သည်။

လက်ဝါးနှစ်ဘက် ပူးကာ လှေဦးရေခွဲသည့် ပုံသဏ္ဍာန်ဖြင့် ရှေ့သို့ခန္ဓာကိုယ် အလျားလိုက် ထိုးချလိုက်၏။

သူ၏ အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွား၏။

ဝမ်းပုလီပြင်းထန်သော တိုက်ကွက်ကို ကောင်းစွာချေပ လိုက်နိုင်ခဲ့၏။

ဝမ်းပုလီကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဘယ်....ဘယ်ဆိုးလို့....'

သူစကားဆုံးအောင် မပြောနိုင်ခဲ့ပါချေ။

သူ၏ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားပြီး မြေပေါ် ဒူးညွှတ် ကျသွားလေသည်။

သူတော်လင်း ထိတ်လန့်သွား၏။

'ဝမ်းပုလီခင်ဗျားကော'

မေးရင်း ရိပ်ခနဲခုန်ဝင်သွား၏။

ဝမ်းပုလီ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေ၏။

သူ၏မျက်နှာ သွေးရောင် မရှိဘဲဖြူဖွေးနေ၏။

အနီးသို့ရောက်သွားလျှင် ဝမ်းပုလီက....

'သူ့ ကိုမလွှတ်စေနဲ့'

ဟုပြောပြီးမြေပေါ် ဝုန်းခနဲလဲကျသွားတော့၏။

သူတော်လင်း အံတင်းတင်း ကြိတ်လိုက်သည်။

လုထင်းဘက် လှည့်ကာ....

'မင်း သေဖို့သာ ပြင်ထား'

အော်ပြောကြောက်ပြီး လွှားခနဲ ဝင်တိုက် ခိုက်လိုက်သည်။

လုံထင်းမှာ ဝမ်းပုလီနှင့် ချန်းဖုံးတို့အား အနိုင်ရလိုက် ခြင်းကြောင့် စိတ်ဓာတ်တက်ကြွနေပါ၏။

မိမိကိုယ်ကို ယုံကြည်စိတ်ချမှုဖြစ်ပေါ်နေသည်။

ထို့ကြောင့်....



ရှောင်ရှားခြင်းမပြုဘဲ ထိပ်တိုက် ရင်ဆိုင်လေသည်။

သူသည်ဝမ်းလျှန်နှင့် ဝမ်းတုတို့ သင်ကြား ပေးထားသော သိုင်းပညာရပ်များမှ အကောင်းဆုံး သိုင်းကွက်များထုတ်ဖော် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူတော်လင်းကလည်း သူ၏ အကောင်းဆုံး သိုင်းကွက် ဖြစ်သည့် ကျားနိုင် လက်ဝါးသိုင်းဖြင့် တရကြမ်း တိုက်ခိုက် လိုက်လေသည်။

လုထင်းမှာ ယခုမှ တိုက်ပွဲနှင့်ရင်ဆိုင်ဖူးသူဖြစ်၏။

ထို့ကြောင့်....

သိုင်းလောကတွင် ကျင်လည်ကျက်စားသည့် သူတော်လင်းနှင့် အတွေ့အကြုံချင်း မယှဉ်နိုင်ချေ။

သူတော်လင်းသည် ချန်းဖုံးနှင့် ဝမ်းပုလီတို့ ခံလိုက်ရ သည်ကိုတွေ့ရသဖြင့် မပေါ့ဆချေ။

သတိကြီးစွာ ထားပြီး တိုက်ခိုက်လိုက်သလို အခြေအနေ မဟန်လျှင် အချိန်မရွေး နောက်ဆုတ်သွားနိုင်ကြောင်းလည်း ပြင်ဆင်ထားလေသည်။

သူတို့နှစ်ယောက် ထိပ်တိုက် ရင်ဆိုင်မိသည်နှင့် လုထင်း၏ တိုက်ခိုက်မှုကို လှစ်ခနဲ ရှောင်တိမ်းလိုက်ပြီး သူ၏ လက်ဝါး ချောင်းဖြင့် လုထင်း၏ လက်ကို ဖမ်းဆုပ်လိုက်၏။

ကျားနိုင် လက်သိုင်းမှ ကျားဖမ်း လက်သိုင်းကွက် အသုံး ပြုကာ ဖမ်းချုပ်လိုက်ခြင်း ဖြစ်လေသည်။

ဖမ်းချုပ်ခြင်း ခံလိုက်ရပြီး လက်လှည့်လိုက်သည်နှင့် လုထင်း ၏ လက်များ သွင်သွင်ကျိုးသွားမည်ဖြစ်လေသည်။

လုထင်းကလက်ကို ဖမ်းချုပ်ခြင်းခံလိုက်သည်နှင့် မေ့ဆေးကို ထုတ်လွှင့်လိုက်၏။

သူတော်လင်း အားရပါးရရယ်မောလိုက်သည်။

'မင်းဘာတတ်နိုင်သေးသလဲ'

ပြောရင်းလုထင်း၏ လက်ကို လိမ်ချိုးရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....လုထင်း၏ မေ့ဆေးငွေ့ ရှူရှိုက်မိသွားပြီး....

'အင့်....'

မသဲမကွဲညည်းညူကာ လုထင်း၏လက်ကိုလွှတ်လိုက်၏။

ထို့နောက်....

အနောက်ဘက် ခပ်သွက်သွက်ဆုတ်သွားလေသည်။

လုထင်းက လိုက်လံတိုက်ခိုက်ခြင်းမပြုဘဲ ရပ်ကြည့်နေ၏။

သူတော်လင်းကြောင့် နာ ကျင် သွား သောသူ၏ လက်ကို ကျန်လက်တစ်ဘက်ဖြင့် ပွတ်သပ်နေမိလေသည်။

သူတော်လင်းမှာ ခြေလှမ်း ဆယ်လှမ်းခန့် ဆုတ်သွားပြီးလျှင်....

'မင်း....မင်း....'

စကားဆုံးအောင် မပြောနိုင်ပါချေ။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားပြီး မြေပေါ် ဝုန်းခနဲ လဲကျသွား၏။

သိုင်းလောက၌ ထင်ရှားသည့် သွေးသုံးဖော်မှာ လုထင်း လက်ချက်ကြောင့် မြေပေါ်၌လဲကျနေပြီ ဖြစ်လေသည်။

လုထင်းမှာ ယခုလို အနိုင်ရလိုက်ခြင်းကြောင့် ကိုယ့်ကိုကိုယ် မယုံကြည်နိုင်ဘဲဖြစ်နေ၏။



သွေးသုံးဖော်ကို ငေးကြည့်နေမိ၏။

ထိုစဉ်....

'မင်း....ဘယ်ဆိုးလို့တုန်း'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း လှမ်းကြည့်လိုက်၏။

ထိုအခါ ရွှေဝါရောင် ဝတ်ဆင်ထားသူက သူ့ထံ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ရွှေရောင် ဝတ်ဆင်ထားသူ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်၏။

နန်းကုန်းယန်က မြို့ပြင်သို့လိုက်ပို့ရန် ပြောလိုက်ကတည်းက ခြံဝင်းအပြင်ဘက်၌ စောင့်နေသည့် ချန်းဖုံးတို့လူစုနှင့် တိုက်ပွဲဖြစ်လျှင် အန္တရာယ်မဖြစ်အောင် ကာကွယ်စောင့်ရှောက် ခိုင်းလိုက်သည့် သဘောဖြစ်ကြောင်း နားလည်ထားလေသည်။

ရွှေဝါရောင် ဝတ်ဆင်ထားသူ (ဝါ) အစ်ကိုကြီး ချီမှာ နန်းကုန်း၏တပည့်ကြီးတစ်ယောက် ဖြစ်လေသည်။

အစ်ကိုကြီးချီသည် လုထင်းက နန်းကုန်းလျှန်အား မောက်မောက်မာမာ ဆက်ဆံခဲ့သည်ကို လုံးဝ သဘောမကျပါချေ။

ထို့ကြောင့် လုထင်းအား လုံးဝကြည့်၍မရပဲ ဖြစ်နေ၏။

ချန်းဖုံးတို့နှင့် ရင်ဆိုင်ရသည့်အခါ တမင် လက်ပိုက် ကြည့်နေခဲ့ခြင်း ဖြစ်လေသည်။

ချန်းဖုံးတို့လက်ချက်ကြောင့် လုထင်း လဲကျသေဆုံးသွားပါစေဟု ကြိတ်ပြီး ဆုတောင်းနေမိ၏။

သို့သော်....သူ့ဆုတောင်း မပြည့်ခဲ့ချေ။

လုထင်း၏ လက်ချက်ကြောင့်ပင် ချန်းပုံးတို့ သုံးယောက်မှာ မြေပေါ် လဲကျနေကြပြီ ဖြစ်လေသည်။

လုထင်းက အစ်ကိုကြီး ချီကို မျက်မှောင်ကြုတ်ကာကြည့်ရင်း....

'ခင်ဗျားကတော့ ကျုပ်ကို တားဆီးမလို့လား'

ဟု မေးလိုက်လေသည်။

အစ်ကိုကြီးချီ ပြုံးလိုက်သည်။

'ကျုပ်က တိုက်ခိုက်ချင်တယ်ဆိုရင်လဲ သခင်မလေးက ခွင့်ပြုမှာမဟုတ်ပါဘူး'

'ဒါဆို ကျုပ် သွားဖို့ပဲရှိတာပေါ့'

စကားဆုံးလျှင် လုထင်းက ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

'နေဦး'

အစ်ကိုကြီးချီ ဟန့်တားလိုက်သည်။ လုထင်းက ....

'ခင်ဗျား ဘာပြောမလို့လဲ'

'သခင်မလေးက မင်းကို မြို့ပြင်ရောက်တဲ့အထိ လိုက်ပို့ပေးဖို့ ငါ့ကို ခိုင်းလိုက်တယ်'

လုထင်းက ခေါင်းယမ်းလိုက်သည်။

'မလိုပါဘူး၊ ကျုပ်ဘာသာ သွားနိုင်ပါတယ်'

'မင်းသွားနိုင်တာ ငါသိတယ်၊ ဒါပေမယ့် သခင်မလေးက လိုက်ပို့ပေးရမယ် ဆိုလို့ကွ'

'သူ့ကိုပြန်ပြောလိုက်စမ်းပါဗျာ၊ ကျုပ်က သူ့ကို ကျေးဇူးတင်မှာမဟုတ်ဘူးဗျ'



'ဘာပဲဖြစ်ဖြစ် ငါကတော့ လိုက်ပို့ပေးရမှာပဲ'

စုံအိမ်း(ဝါ) နန်းကုန်းယန်သည် သူသွားမည့်နောက်သို့ ခြေရာခံလိုက်ဖို့ လူတစ်ယောက်ထည့်ပေးခြင်း ဖြစ်သည်ဟု တွက်ဆမိသည်။

ထို့ကြောင့်....

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်နောက်ကို ဘယ်သူမှ လိုက်လာတာ ကျုပ် သဘောမကျပါဘူး၊ ကျုပ်ဘာသာ အေးအေးဆေးဆေး သွားပါရစေ'

ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်၏။

အစ်ကိုကြီးချီကလည်း နောက်မှလိုက်သွားရန် ဟန်ပြင်လေသည်။

လုထင်း ခြေလှမ်းရပ်လိုက်သည်။

အစ်ကိုကြီးချီလည်း ခြေလှမ်းရပ်လိုက်၏။

လုထင်း ဒေါပွသွားလေသည်။

'ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ'

'ဘာလုပ်ရမှာလဲ၊ ငါဟာ သခင်မလေး ခိုင်းတဲ့အတိုင်း လုပ်နေတာကွ'

'ခင်ဗျား မလိုက်နဲ့'

'လိုက်ရမှာပဲ'

'ကောင်းပြီ လိုက်စရာရှိရင် လိုက်ခဲ့ပေါ့ဗျာ'

စကားဆုံးလျှင် လုထင်းက ရှေ့သို့ လှမ်းထွက်သွား၏။

အစ်ကိုကြီးချီ နောက်မှလိုက်လာလေသည်။

လုထင်း ခြေလှမ်း တုံ့ခနဲ ရပ်လိုက်၏။

တစ်ဆက်တည်းပင် ခန္ဓာကိုယ် ဆတ်ခနဲလှည့်ကာ တိုက်ခိုက်လိုက်လေသည်။

အစ်ကိုကြီးချိုက မြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ နောက်သို့လှစ်ခနဲ ဆုတ်သွားသည်။

သူက လုထင်းတိုက်ခိုက်လာမည်ကို ကြိုတင်သိရှိထားခြင်းကြောင့် အလွယ်တကူ ရှောင်တိမ်းနိုင်ခဲ့၏။

လုထင်း၏ တိုက်ကွက်အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်သွားလေသည်။

လုထင်း အံကြိတ်ကာ ထပ်မံ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ချီလှင်သောယာသော ခြုသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းဖြူလေးကောင်မှာ ခြံဝင်းအတွင်းမှ ထွက်လာကြသည်ကို တွေ့ရ၏။

မြင်းဖြူလေးကောင်အား စီးနင်းလာသူမှာ အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေး လေးယောက် ဖြစ်လေသည်။

မိန်းကလေးများနောက်မှ မြင်းလှည်း ထွက်ပေါ်လာသည်။

မိန်းကလေး လေးယောက်သည် ခြံဝင်းရှေ့သို့ ရောက်လျှင် မြင်း ဇက်ကြိုးတင်းတင်းဆွဲကာ ရပ်တန့်လိုက်ကြ၏။

ထို့ကြောင့် နောက်မှလိုက်လာသည့် မြင်းလှည်းမှာလည်း ရပ်တန့်သွား၏။

မြင်းဖြူလေးကောင်နှင့် မိန်းကလေး လေးယောက် ရပ်တန့်သွားရသည့် အကြောင်းရင်းမှာ ချန်းဖုံးတို့သုံးယောက် လမ်းပေါ်၌ လဲကျနေပြီး လမ်းပိတ်ထားသလို ရှိနေခြင်းကြောင့်ပင်။



ရှေ့ဆုံးမှ မြင်းစီးလာသည့် မိန်းကလေးက....

သွေးသုံးဖော် မြေပေါ်လဲကျသွားအောင် တိုက်ခိုက်နိုင်တာမဆိုးဘူးပေ့

ဟု ချီးကျူးရင်း မြေပေါ်မှ လွှားခနဲ ခုန်ဆင်းသွား၏။

လုထင်း ရင်ထိတ်သွား၏။

ခြံဝင်းရှေ့မှ အေးအေးဆေးဆေးထွက်သွား၍ မရနိုင်တော့ကြောင်း နားလည်သဘောပေါက်မိလေသည်။

အင်ကိုကြီးချို နောက်ဆုတ်သွား၏။

သူနှင့်အာမှ မဆိုင်သလို ခပ်လှမ်းလှမ်းအထိ ဆုတ်သွားပြီး လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေလိုက်လေတော့သည်။

မိန်းကလေးက မြင်းဖြူပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်။ သူမ၏ ခန္ဓာကိုယ် မြေပေါ် ရိပ်ခနဲ ရောက်ရှိလာ၏။

သူမ၏ လှုပ်ရှားပုံကို ကြည့်ရခြင်းဖြင့် ကိုယ်ဖော့ပညာအလွန်တော်သူဖြစ်ကြောင်း သိနိုင်လေသည်။

လုထင်း ရင်ထိတ်သွား၏။

ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ် မြင်းပေါ်မှ ခုန်ဆင်းလာသည့် မိန်းကလေးက....

'ခဏနေပါဦးရှင်'

ဟု ဟန့်တားလာလေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

မည်သို့မျှ မတတ်နိုင်တော့သဖြင့် ခြေလှမ်းရပ်ကာ လှည့်ကြည့်ရလေသည်။

မိန်းကလေးမှာ သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။

လုထင်းက....

'ဘာကိစ္စရှိလို့လဲဗျ'

ဟု ခပ်တည်တည် မေးလိုက်လေသည်။

မိန်းကလေး ပြုံးလိုက်သည်။

မြေပေါ်ကျနေသည့် ချန်းဖုံးတို့အား . ညွှန် ရင်း....

'ရှင်နဲ့ သွေးသုံးဖော် ဘယ်လိုရန်ငြိုးရန်စ ရှိတယ်ဆိုတာ ပြောပါရှင်'

ဟု ပြန်မေးလာလေသည်။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ဘယ်လို ရန်ငြိုးရန်စမှ မရှိပါဘူးဗျာ'

'ဒါဖြင့် ရှင်က ဘာကြောင့် သူတို့ကို တိုက်ခိုက်လိုက်ရတာလဲ'

လုထင်းက....

'ကျုပ်ကစပြီး တိုက်ခိုက်တာ မဟုတ်ပါဘူး၊ သူတို့ကစပြီး ရန်ရှာလာလို့ ကျုပ်က ခုခံတိုက်ခိုက်ရတာပါ'

'ရှင်....ခုခံတာကလဲ သူတို့သုံးယောက်စလုံး မြေပေါ်လဲကျကုန်ပါကောလားရှင့်'

'ဒါက....'

လုထင်း ရှေ့အာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။

မေ့ဆေးအသုံးပြုသည့် ထုတ်ဖော်မပြောရဲပါချေ။

ထုတ်ဖော်ပြောပြလိုက်လျှင် သူ့အား ရန်စလာမည်မှာ သေချာပေတော့သည်။



မိန်းကလေးက....

'သွေးသုံးဖော်ဟာ လူအများ ကြည်ညိုလေးစားမှု ခံရသူတွေပါ၊ သူတို့က အကြောင်းမဲ့သက်သက်တော့ သူများကို ရန်စမယ် ကျွန်မ မထင်ဘူး၊ ရှင်ဘာတွေလုပ်ခဲ့လို့လဲ'

'ကျုပ်ဘာလုပ်လို့လဲဗျ'

ခံပြင်းသွားခြင်းကြောင့် လုထင်း၏စကားသံ ကျယ်လောင်သွားလေသည်။

မိန်းကလေး ပြုံးလိုက်သည်။

'ရှင်က ဒီကိုလာပြီး ဂါရဝပြုတာ ဟုတ်လား'

'ဟုတ်တယ်'

'အင်း....ဒါဆိုရင်တော့ လူဆိုးတစ်ယောက် မဖြစ်နိုင်ဘူး၊ နေပါဦး ရှင်က ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါဦး၊ ဒါမှ သွေးသုံးဖော်က ဘာကြောင့် ရှင့်ကို တိုက်ခိုက်ခဲ့တယ်ဆိုတာ ကျွန်မ သိနိုင်မယ်'

လုထင်း နှာခေါင်းရှုံ့လိုက်သည်။

'ကြီးကြီးကျယ်ကျယ် စစ်ဆေးမေးမြန်းနေလိုက်တာ'

ဟု စိတ်ထဲကျိတ်ပြီး တွေးမိသည်။

မိန်းကလေးကို စိုက်ကြည့်ရင်း....

'ကျုပ်ပြောပြီးပြီပဲ၊ သူတို့က ကျုပ်ထွက်သွားတာကို လမ်းပိတ်ပြီး ဟန့်တားလာလို့၊ ရန်စလာလို့ ကျုပ်က မလွှဲမရှောင်သာပဲ တိုက်ခိုက်လိုက်ရတာ၊ တခြား ဘာအကြောင်းမှမရှိဘူးဗျ၊ ကျုပ်သွားတော့မယ်၊ ခင်ဗျားမေးတိုင်း ဖြေဖို့အချိန်မရှိဘူး'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်ထွက်သွားလို့ ရမှာလား'

အောင်ငေါက်ရစ်း မြေပေါ် ခြေဆောင့်ခုန်လိုက်လျှင် လုထင်း ရှေ့သို့ လှစ်ခနဲ ရောက်လာပြီး လမ်းပိတ်ပြီးသား ဖြစ်သွားလေ တော့သည်။

လုထင်း ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

သူ့အား ဟန့်တား နှောင့်ယှက်သူများ တစ်ယောက်ပြီး တစ်ယောက် ကြုံတွေ့ နေရခြင်းကြောင့် စိတ်ပျက်သွားလေ သည်။ မိန်းကလေးက....

'ကျွန်မမေးတာ မဖြေပဲ ရှင်ထွက်သွားလို့ မရဘူးဆိုတာ မှတ်ထားစမ်းပါရှင်'

ဟု ခပ်တည်တည် ပြောလိုက်လေသည်။

'ခင်ဗျားမေးချင်တာမေး၊ ကျုပ်ကတော့ မဖြေဘူး'

'ရှင် ခေါင်းမာနေလို့ ဘာထူးမှာလဲ'

'ထူးတာပေါ့၊ ကျုပ်က ခင်ဗျားကို မသိဘူး၊ ဒုက္ခလဲမပေး ဖူးဘူး၊ ခင်ဗျားကကျုပ်ကို အတင်းအဓမ္မဟန့်တားနှောင့်ယှက် နေတယ်၊ ခင်ဗျားခြိမ်းခြောက်တိုင်း ကြောက်ရမယ်၊ ဖြေရ မယ်ဆိုတာ သဘာဝမှ မကျတာ'

ထိုစကားကြားလျှင် မိန်းကလေး ကြောင်အမ်းအမ်း ဖြစ် သွားလေသည်။

လုထင်းက....

'ကဲ....ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါဗျာ'

ဟု ပြောလိုက်သည်။



မိန်းကလေး သက်ပြင်းချကာ....

'ရှင်ပြောတာလဲ သဘာဝကျတာပဲ၊ ဒါပေမယ့် သူတို့ဟာ ကျွန်မတို့ရဲ့မိတ်ဆွေရင်း၊ ဒါကြောင့် သူတို့ကို တိုက်ခိုက်ခဲ့တဲ့ အတွက် ကျွန်မက မေးမြန်းနေရတာပါ'

ချုန်းဖုံးတို့သုံးယောက်အား ညွှန်ပြရင်း ပြောလိုက်လေ၏။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်ပြောပြီးပါပြီ၊ သူတို့က ကျုပ်ကို ဒုက္ခပေးလို့ ကျုပ် က ခုခံတိုက်ခိုက်ခဲ့တာပါ'

ထိုစဉ်....

'သူက သံမဏိယပ်တောင် ဝမ်းလျှန်ရှဲသား။ ဒါကြောင့် ချုန်းဖုံးတို့က ဟန့်တားတာပဲ'

အေးတိအေးစက်စကားသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

လုထင်း ထိတ်လန့်သွားသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေ သည်။

• • •

ထိုအခါ....

လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

ထိုလူနောက်မှ လက်နက်ကိုယ်စီ ဆောင်ထားသူတစ်စု လိုက်ပါလာလေသော်။

ထိုလူကိုမြင်လျှင် လုထင်း မျက်နှာပျက်သွားတော့သည်။

လုထင်း၏မျက်နှာ နီရဲသွားသည်။

'တောက်'

ခံပြင်းနာကြည်းစွာတက်တစ်ချက် ခေါက်လိုက်လေသည်။

မင်းသားလေးကျင်းစိန်က....

'မင်းမျက်နှာကို ညီမလေး လုဝမ်းဝမ်းက မကြည့်ချင်ဘူးလေ၊ ဒါကြောင့်ငါက မင်းကို ရှင်းပစ်ရတော့မှာပေါ့'

စကားဆုံးလျှင်ခါးမှ ဓားကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

လုထင်း ဒေါသထွက်နေပါ၏။

ရှောင်တိမ်းသွားဖို့ မစဉ်းစားတော့ဘဲ ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

မင်းသားလေးကျင်းစိန်က....

'ကဲ....သတိထားပေတော့'

စကားဆုံးလျှင် ဓားဝေ့ယမ်းကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ရပ်ဖိုက်'

ဟန့်တားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



မင်းသားလေးကျင်းစိန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအခါသူတို့ထံသို့ ဦးတည်ကာ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

• • •

ထိုလူမှာအစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက်ဖြစ်၏။

သူ၏မျက်နှာမှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖတ်ဖြူလျော်ဖြစ်နေ၏။

သူ၏လက်ထဲ၌ ပလွေတစ်ချောင်း ကိုင်ဆောင် ထားလေသည်။

ထိုလူကိုမြင်လျှင် လုထင်း ဝမ်းသာသွားလေသည်။

'ဟင်....ခင်ဗျားကို'

သူ၏စကား ကြားလျှင် မင်းသားလေးကျင်းစိန် မျက်မှောင်ကြုတ်သွား၏။

ဟန့်တားလာသူမှာ လုထင်း၏ မိတ်ဆွေ ဖြစ်ရမည်ဟု ချက်ချင်းတွက်မိလေသည်။

ထို့ကြောင့်....

ပလေ့ရှင်ကို စိုက်ကြည့်ကာ....

'ခင်ဗျားဘယ်သူလဲ လုထင်းနဲ့မိတ်ဆွေလား'

ဟုမေးလိုက်လေသည်။

ပလေ့ရှင်က....

'ကျုပ် ဘယ်သူ ဘယ်ဝါဆိုတာ အရေးမကြီး ပါဘူး၊ ခင်ဗျားတို့ မတရား မလုပ်ကြရင် ကောင်းမယ်'

သူ၏စကားသံ အေးတိအေးစက် ထွက်ပေါ် လာလေသည်။

မင်းသားလေးကျင်းစိန်က....

'ဘာပြောတယ်၊ ကျုပ်က မတရားလုပ်နေတာ ဟုတ်လား'

'ဟုတ်တယ်၊ မင်းတို့က အပြစ်မရှိတဲ့ လူတစ်ယောက်ကိုဒုက္ခပေးနေကြတာပဲမဟုတ်လား'

'သူက အပြစ်မရှိဘူး ဟုတ်လား၊ သူ့အမေဟာ သံမဏိယပ်တောင်ဝမ်းလျန်ဆိုတာ ခင်ဗျားမသိဘူးလား၊ ဝမ်းလျန်ကို အဖြူရောင် သိုင်းလောကသားတွေက အရှင်ရရအသေရရလိုချင်နေတာဗျ'

ပလေ့ရှင် ခေါင်းယမ်းလိုက်သည်။

'သိုင်းလောက သားတွေ လိုချင်တာ ဝမ်းလျန်ပါ၊သူမဟုတ်ပါဘူး'

'ဘာ....'

'မင်းစဉ်းစားကြည့်ပေါ့၊ သူက ဝမ်းလျန်မှ မဟုတ်တာ'

'ဝမ်းလျန် မဟုတ်ပေမယ့် သူ့ရဲ့သားဗျ'



'ကောင်းပြီ သူ့အမေဆိုးတိုင်း သူက ဆိုးရမှာလား၊ မင်းအဖေကောင်းတိုင်း မင်းက ကောင်းမှာလား'

'ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်း'

မင်းသားလေး ကျင်းစိန် ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

* * *

လုထင်းမှာ ပလေ့ရှင် ရောက်လာခြင်းကြောင့် ဝမ်းသာနေ၏။

သူ့ကြောင့် အခက်အခဲကြားမှ လွတ်မြောက် နိုင်လိမ့်မည်ဟု ယုံကြည်ထားနေလေသည်။

မင်းသားလေး ကျင်းစိန် အော်ငေါက် လိုက်သော်လည်း ပလေ့ရှင်ကလုံးဝ အရေးမစိုက်ပါချေ။

လုထင်းဘက်သို့ လှည့်ကာ....

'မင်း မသွားသေးဘူးလား'

ဟုမေးလိုက်လေသည်။

လုထင်းကလက်နှစ်ဘက်ဆုပ်ကာ ဂါရဝ ပြုလိုက်သည်။

'ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူး တင်ပါတယ် ဗျာ၊ ကျွန်တော်အခုပဲ သွားပါတော့မယ်'

စကားဆုံးလျှင် ထွက်သွားရန် ဟန်လိုက်လေသည်။

မင်းသားလေး ကျင်းစိန်က....

'မင်း သွားရမလား'

အော်ငေါက်ရင်း လုထင်းထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

ပလေ့ရှင် ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားလိုက်၏။

မင်းသားလေး ကျင်းစိန်နှင့် လုထင်းတို့နှစ်ယောက်ကြားသို့ လှစ်ခနဲ ရောက်ရှိသွား၏။

မင်းသားလေးကျင်းစိန် ခုတ်ချလိုက်သည့် ဓားကို ဆီးကြို ဖမ်းထားလိုက်လေသည်။

ကျန်လက်တစ်ဖက်ကမူ လုထင်းအား တွန်းထုတ်ပစ်လိုက်၏။

လုထင်းမှာ အမှတ်တမဲ့မို့ အဝေးသို့ လွင့်စဉ်သွားလေသည်။

ပလေ့ရှင်က....

'မင်း ဘာလုပ်နေတာလဲ'

ဟု ပြောလိုက်သည်။

ပလေ့ရှင်၏ သိုင်းပညာ အဆင့်မနိမ့်မှန်း လုထင်း ရိပ်မိလေသည်။

ပလေ့ရှင်သည် မင်းသားလေး ကျင်းစိန်တို့ လူစုလက်မှ လွတ်မြောက်နိုင်မည်ဟု ယုံကြည်မိ၏။



ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တစ်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

လုထင်း ထွက်ပြေးသွားသည်ကို မြင်လျှင် မင်းသားလေး ကျင်းစိန် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'ဟေ.... ဘာလုပ်နေကြတာလဲ၊ လိုက်ကြပါတော့လား'

မလှမ်းမကမ်း၌ စုရုံးနေကြသည့် သူ၏ နောက်လိုက်များဘက်သို့ လှည့်ကာ အော်ပြောလိုက်၏။

ထိုအခါမှ သူ၏နောက်လိုက်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး မြသံများပေးကာ ပြေးလိုက်သွားကြ၏။

• • •

မင်းသားလေးကျင်းစိန် ကိုယ်တိုင် လိုက်သွားလိုပါသော်လည်း သူ၏ဓားကို ပလေ့ရှင်က ဆုပ်ကိုင် ထား ခြင်း ကြောင့် မလိုက်နိုင်ဘဲဖြစ်နေ၏။

ပလေ့ရှင်ကို မကျေမနပ် ကြည့်လိုက်လေသည်။

ပလေ့ရှင်က လက်တစ်ဖက် ဆတ်ခနဲလှုပ်လိုက်သည်နှင့်....

'ချွမ်း'

မင်းသားလေးကျင်းစိန်၏ဓား ထက်ပိုင်း ကျိုးသွားတော့၏။

မင်းသားလေးကျင်းစိန် ထိတ်လန့်သွား၏။

အရှိန်ဖြင့် သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားကာ နောက်ဆုတ်သွားလေသည်။

သို့တိုင် ပလေ့ရှင်က အလွတ်မပေးဘဲ ရှေ့တိုးကာ မင်းသားလေး ကျင်းစိန်၏ ပခုံးကို ဖမ်းဆုပ်ထားလိုက်၏။

'အား....'

နာကျင်သွားမှုကြောင့် မင်းသားလေးကျင်းစိန် လွှတ်ခနဲ အော်လိုက်လေသည်။

ပလေ့ရှင်၏လက်မှ ရှန်းထွက်လိုက်သည်။

သို့ပါသော်လည်း လက်ချောင်းများက သံမဏိချောင်းပမာ တင်းကြပ်စွာ ညှပ်ထားလေရာ ရုန်းမရဘဲ ဖြစ်နေ၏။

မင်းသားလေးကျင်းစိန်၏ မျက်ဝန်းအစုံဝယ် မျက်ရည်များ ရစ်ဝိုင်းလာ၏။

နာကျင်မှုကြောင့် အံကြိတ်ထားရလေသည်။

ပလေ့ရှင်က လုထင်းဘက်သို့ လှမ်းကြည့်လိုက်၏။

လုထင်းကား အဝေးသို့ ရောက်ရှိသွားချေပြီ။

မင်းသားလေးကျင်းစိန်၏ လူများက နောက်မှ ပြေးလွှားလိုက်ပါသွားကြ၏။

သူတို့သည် လုထင်းအား မီအောင် လိုက်နိုင်ကြမည်မဟုတ်ဟု ပလေ့ရှင် တွက်ဆမိလေသည်။

လုံထင်းအတွက် စိတ်ချသွားသည်။

မင်းသားလေးကျင်းစိန်ဘက် ပြန်လှည့်လိုက်ပြီး ....



'နောက်နောင် သူ့ကို နှောင့်ယှက်ဦးမယ်ဆိုရင် ငါက မင်းကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ မင်း မြဲမြဲမှတ်ထား'

စကားဆုံးလျှင် ဆောင့်တွန်းလိုက်၏။

မင်းသားလေးကျင်းစိန်က အတွင်းအား ဖော်ထုတ်ကာ ခုခံပါသော်လည်း မဟန်နိုင်ဘဲ မြေပေါ် ဖင်ထိုင်လဲကျသွားလေသည်။

မင်းသားလေးကျင်းစိန် ခံပြင်းသွားသည်။

သူ မြေပေါ်မှ ခုန်ထလိုက်သောအခါ ပလေ့ရှင်မှာ သူ့အား ကျောခိုင်းထွက်သွားသည်ကို တွေ့မြင်ရလေသည်။

မင်းသားလေးကျင်းစိန် လိုက်လံတိုက်ခိုက်ရန် စိတ်ကူးလိုက်သည်။

သို့သော် ရင်ဆိုင်နိုင်မည် မဟုတ်သည့်အပြင် လိုက်၍မှပင် မီမည်မဟုတ်ကြောင်း တွက်ဆမိသဖြင့် စိတ်လျှော့လိုက်ရ၏။

ပလေ့ရှင်မှာ ကြည့်နေရင်းပင် တဖြည်းဖြည်း ဝေးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ဒုတိယပိုင်းပြီး၏။

(တတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

မိုးကျော်သူ